www.burmeseclassic.com



www.burmeseclassic.com


- စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၁၀၀၃၀၇
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၇၈၀၆၀၇
- ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ပထမအကြိမ်။
- အုပ်ရေ - ၅၀၀
- တန်ဖိုး - ၁၅၀၀ ကျပ်
- အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
- ပုံနှိပ်သူ - ဦးခြင်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။
- ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

ဟိုးခပ်ဝေးဝေးကို လှမ်းမျှော်ကြည့်လိုက်လျှင် မြင့်မားသော တောင်ပြာတန်းများအား မှိုင်းညို့သော မိုးသားအောက်မှာ လွမ်းဆွတ်ဖွယ်ရာ တွေ့မြင်နေရပြီ။ သည်နေ့မှပဲ ရာသီဥတုက တိုက်တိုက်ဆိုင်ဆိုင် ညို့ကာ အုံ့ဆိုင်းနေ၏။

ထိုတောင်ပြာတန်းများကို ကြည့်ရင်း သူ့ရင်ထဲ တလှပ်လှပ် နာကျင်ခံစားလာရသည်။ မြင့်မားသော တောင်ပြာတန်းများကြားမှ ချောမောခန့်ညားသည့် အမျိုးသားကြီးနှင့် အမျိုးသမီးတစ်ဦးတို့၏ ပြုံးနေသော ပုံရိပ်များ ထွက်ပေါ်လာသလိုလို။

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီနဲ့ မာမီရယ်…

"သားရဲ့အိမ်အပြန်ခရီးမှာ ဒက်ဒီနဲ့မာမီတို့ သားကို လိုက်လှဲဝမ်းသာစွာနဲ့ မကြိုနိုင်တော့တဲ့ အဖြစ်ပါလား"

အိမ်အပြန်ခရီး…ဟုတ်တယ်။

သည်နေ့ ဒေါက်တာခွန်မင်းဆက်တစ်ယောက် ဇာတိမြေ အရပ်ဆီသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။ မရောက်တာကြာပြီဖြစ်တဲ့ ဇာတိမြေလေ။

သည်ရပ်ဒီမြေကို သူစွန့်ခွာလာခဲ့တာ နှစ်ပေါင်း အတော် ကြာခဲ့ပြီပဲ။ အခုတော့ ဒက်ဒီနှင့် မာမီတို့ မရှိကတည်းကဖြစ်၏။

"ဟင်း"

၈

သက်ပြင်းရှည်ကြီး တစ်ခုကို သူလေးတွဲစွာချလိုက်သည်။ သူ့သက်ပြင်းချသံကြောင့်လားမသိ တိတ်ဆိတ်စွာ ကားမောင်းနေရာ မှ ကိုကြီးဆောင် လှည့်ကြည့်၏။

"ခွန်မင်း"

"ဗျာ…ကိုကြီးဆောင်"

ယခုမှ သူက ပတ်ဝန်းကျင်ကို သက်ဝင်သတိရသလို ကိုကြီးဆောင်အား လှည့်ကြည့်၏။ ကိုကြီးဆောင်က သူ့ကို စိတ်



ကောင်းသည့်မျက်ဝန်းများဖြင့် ကြည့်သည်။

"မင်းရင်ထဲမှာ သိပ်ခံစားနေရသလားကွာ"

ထိုအမေးကြောင့် သူ့မျက်နှာ မသိမသာမှုန်သွား၏။ နောက်တော့ မချိုဟန်ဖြင့် ပြုံးသည်။

"ကြာခဲ့ပြီဆိုပေမယ့် ကျွန်တော့်အတွက် အတိတ်ဟာ ဘယ်တော့မှ မမေ့နိုင်စရာပါ ကိုကြီးဆောင်"

သည်တစ်ခါ သက်ပြင်းချရသူက ကိုကြီးဆောင်။ တကယ်တော့ သူ့ဘာတွေခံစားနေရတယ်ဆိုတာ ကိုကြီးဆောင် အသိဆုံးပါ။

"ဒီနယ်မြေကိုပြန်လာရင် မင်းခံစားရမယ်ဆိုတာ ငါနား လည်ပါတယ်ကွာ၊ ဒါကြောင့်လည်း…"

"ကိုကြီးဆောင်က ကျွန်တော် အတိတ်ကအကြောင်းတွေ အသစ်ဖြစ်မှာစိုးလို့ ဒီကိုမလာစေချင်တာ သိပါတယ်ဗျာ၊ ဒါပေမယ့် ကိုကြီးဆောင် ဒီနယ်မြေဟာ ကျွန်တော့်မွေးရပ်၊ ပြီးတော့ ကျွန်တော့်မိဘနှစ်ပါးရဲ့ ခေါင်းချရာမြေ"

ထိုစကားပြောစဉ် အင်မတန် တည်ငြိမ်လှေရှိသော သူ့ အသံ မသိမသာတုန်ယင်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီနေရာမှာ သူသာ မိန်းမသားတစ်ဦးဖြစ်ခဲ့လျှင် အတိတ်က ကြေကွဲဝမ်းနည်းစရာ အဖြစ်တွေကြောင့် ငိုရှိုက်မိမလားမသိပေ။

သူကတော့ ယောက်ျားရင့်မကြီးတစ်ယောက်လေ။ ဒီတော့ ရင်ထဲက ခံစားချက်တွေအတွက် အံကိုတင်းတင်းကြိတ်ရုံ၊ လက်သီးကို တင်းတင်းဆုပ်ရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ။

"တကယ်တော့ မွေးရပ်မြေဆိုတာ လူတိုင်းအတွက် မမေ့နိုင်စရာပါ၊ ဒါပေမယ့် မင်းအတွက်ကတော့ ကြေကွဲဝမ်းနည်းစရာတွေ ဖြစ်နေတယ် ခွန်မင်းရာ"

"ဟုတ်တယ် ကိုကြီးဆောင်၊ ဒီနယ်မြေဟာ တစ်ချိန်က ကျွန်တော့်အတွက် ပျော်ရွှင်ကြည်နူးစရာ ဖြစ်ခဲ့သလို နာကြည်းကြေကွဲစရာလည်း ဖြစ်ခဲ့တာအမှန်ပဲ၊ ခုလို ကျွန်တော်ပြန်လာတာကို ဒက်ဒီနဲ့ မာမီတို့ရှိရင် ဘယ်လောက်ဝမ်းသာစွာနဲ့ ကြိုကြမလဲဗျာ"

ယောက်ျားမို့ မငိုပေမယ့် ရင်ထဲက ခံစားချက်ကြောင့် သူ့အသံတို့ တုန်ယင်အက်ကွဲလာရ၏။

"ဒါပေါ့ကွာ...ဒါပေါ့ ကိုယ့်သား အိမ်ပြန်လာတာကို ဝမ်းမသာတဲ့မိဘရယ်လို့ ဘယ်မှာရှိမလဲ ခွန်မင်းရာ၊ တကယ်တော့





ငါလည်း မင်းအတွက် စိတ်ထိခိုက်ရပါတယ်ကွာ"

"ကိုကြီးဆောင်ရယ်"

တကယ်တော့ ကိုကြီးဆောင်ဆိုတာ သူနှင့် ဘာမှတော်စပ်သူမဟုတ်ပါ။ မိဘနှစ်ပါး မရှိတော့တဲ့ အချိန်တွင် အန်ကယ်ညီက သူ့အတွက် စောင့်ရှောက်ထိန်းသိမ်းဖို့ ကိုယ်ရံတော်အဖြစ် ကိုကြီးဆောင်အား တာဝန်ပေးခြင်းပါ။

နှစ်ပေါင်းများစွာကြာအောင် အတူနေလာတော့ ကိုကြီးဆောင်နှင့်သူက ညီအစ်ကိုတွေလို ဖြစ်လာ၏။ အစက ကိုကြီးဆောင်သည် သူ့ကို 'သခင်လေး'ဟု ခေါ်သည်။ စိတ်သဘောထားပြည့်ဝကာ မာန်မာနမရှိသော သူက ထိုသို့ခေါ်တာကို လက်မခံ။

"ကျွန်တော့်ကို သခင်လေးလို့ မခေါ်ပါနဲ့၊ ကျွန်တော့်နာမည် ခွန်မင်းဆက်ပါ"

အမှန်ပါ ကိုကြီးဆောင်က သူ့ထက် အသက်ဆယ့်ငါးနှစ်ကြီးသူဖြစ်သည်။ ကိုကြီးဆောင်နှင့် စတွေ့ချိန်က သူ့အသက်ဆယ်နှစ်။

"ဪ...ဪ ကောင်းပါပြီဗျာ၊ မင်းကို ငါ့ဘာ ခွန်မင်း



www.burmeseclassic.com

www.burmeseclassic.com



**လို့ပဲ ခေါ်ဝါ့မယ်** ကလေးရယ်"

"ဒါဆို ကျွန်တော်က ခင်ဗျားကို ကိုကြီးဆောင်လို့ **ခေါ်မယ်**"

"ကောင်းပါပြီဗျာ"

ဘယ်ဘဝက ရေစက်ကြောင့်မှန်းမသိပေ။ သူနှင့်ကိုကြီးဆောင်တို့ မြင်မြင်ချင်းပင် တစ်ယောက်နှင့်တစ်ယောက် ခင်တွယ်ခဲ့ရ၏။

ယခုဆို သူ့အသက်က နှစ်ဆယ့်ငါးနှစ်၊ ကိုကြီးဆောင်က လေးဆယ်။ သူ့ကိုငဲ့ကွက်ကာ ကိုကြီးဆောင် အိမ်ထောင်မပြုခဲ့ပေ။

ဒါကို သူငယ်စဉ်တုန်းက နားမလည်ပေမယ့် အသက်အရွယ်လေးရလာတဲ့အချိန်မှာ ကိုကြီးဆောင်က အိမ်ထောင်ပြုဖို့ အရွယ်လွန်နှင့်ပြီ။

"ကိုကြီးဆောင်၊ ဘာလို့ အိမ်ထောင်မပြုသေးတာလဲဗျ"

ထိုသို့ သူမေးလျှင် ကိုကြီးဆောင် ပြုံးသည်။ နောက်တော့ ဆေးပေါ့လိပ်ကို အားပါးတရ ဖွာရှိုက်ပြီး…

"အချစ်နဲ့မတွေ့သေးလို့ပေါ့ကွာ"

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး၊ ကိုကြီးဆောင်က





ကျွန်တော့်ကိုညှာနေလို့ အိမ်ထောင်မပြုတာဘဲ ဖြစ်မယ်"

သူခပ်တည်တည် အစ်အောက်တော့ ကိုကြီးဆောင် အတန်ကြာ တိတ်ဆိတ်သွား၏။ ထို့နောက် သူ့ကို သံသောဇဉ်မျက်ဝန်းများဖြင့် လှမ်းကြည့်သည်။

"ငါ့အလုပ်က မင်းနားမှာနေပြီး ပြုစုစောင့်ရှောက်ဖို့လေ ခွန်မင်း၊ ဒီတော့ မင်းကိုထားပြီး ငါဘယ်သွားရမှာလဲ"

"ဒါပေမယ့် ခုဆို ကျွန်တော်အရွယ်ရောက်ပြီပဲ၊ ငယ်ငယ်ကလို စိတ်ပူစရာ မလိုတော့ဘူးလေ ကိုကြီးဆောင်၊ ဒီတော့ ကိုကြီးဆောင် လွတ်လွတ်လပ်လပ် အိမ်ထောင်ပြုပါဗျာ"

သူ့အတွက်နှင့် တစ်ဖက်လူ၏ အခွင့်အရေး ဆုံးရှုံးသွားမှာကို မလိုလားပါ။ ယောကျ်ားတစ်ယောက်ဖြစ်သော ကိုကြီးဆောင်လည်း အိမ်ထောင်ပြုချင်မှာပေါ့။

"ဘာလဲခွန်မင်း မင်းက ငါ့ကို မင်းနဲ့မနေစေချင်လို့လားကွဟင်"

"ဘယ်လိုပြောလိုက်တာလဲ ကိုကြီးဆောင်၊ မှန်တာပြောရရင် ကိုကြီးဆောင်သာ ကျွန်တော်နဲ့ တစ်သက်လုံးနေလို့ကတော့ ကျွန်တော် ဝမ်းအသာဆုံးပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ငါ့ကို မင်းက ဘာကြောင့် အိမ်ထောင်ပြု နိုင်းတာလဲ ခွန်မင်း"

တစ်ခါတစ်ရံမှာ ကိုကြီးဆောင်က ဒီလိုကလေးဆန်တတ်၏။ ထိုအခါမျိုးမှာ သူကပဲ စိတ်ရှည်လက်ရှည် ရှင်းရသည်။

"အဲဒါက ကိုကြီးဆောင်အပေါ်ထားတဲ့ ကျွန်တော့်ရဲ့ စေတနာဗျ၊ ကျွန်တော့်ကြောင့် ကိုကြီးဆောင်ဘဝ အထီးကျန်ဖြစ်နေ မှာမျိုး မကြည့်ရက်လို့"

"ဟား…ဟား ငါက အလကားစကားပါ ခွန်မင်းရာ၊ မင်းဆီက ဒီစကားကြားရတာပဲ ငါဝမ်းသာပါတယ်၊ ဒီမှာ ခွန်မင်း ငါဆုံးဖြတ်ထားတယ်၊ ငါ့တစ်သက် မင်းနဲ့ပဲနေမယ်၊ အဲလေ မင်းက နှင်မထုတ်မချင်းပေါ့ကွာ"

"ဟာဗျာ…ကိုကြီးဆောင်ကလည်း ကျွန်တော်က ကိုကြီး ဆောင်ကို ဘာကြောင့် နှင်ထုတ်ရမှာလဲဗျ"

သူ ဒေါသဖြစ်သလိုမေးတော့ ကိုကြီးဆောင်က တဟား ဟားနှင့်ရယ်၏။ နောက်တော့ သူ့ပခုံးကို တင်းတင်းကြီးဆုပ်ကိုင် ကာ…

"မင်းအိမ်ထောင်ပြုတဲ့ အချိန်မျိုးပေါ့ ခွန်မင်းရာ"



"တော်စမ်းပါဗျာ…ကျွန်တော် အိမ်ထောင်ပြုမှတော့ ကိုကြီးဆောင်ကိုလည်း တစ်ခါတည်း မိန်းမပေးစားပစ်မှာပေါ့ဗျာ"

"အဟွန်း…ဟွန်း…"

"ဟား…ဟား…ဟား"

တစ်ကောင်ကြွက် သူ့ဘဝမှာ ကိုကြီးဆောင် အနားမှာရှိ တာမို့ အထီးကျန်မဖြစ်ခဲ့တာပါ။ ဒါကို သူလည်းသိသလို ကိုကြီး ဆောင်ကလည်း သိ၏။ ဒါကြောင့်မို့ ကိုကြီးဆောင်က သူ့နားမှာ တစ်သက်နေဖို့ ဆုံးဖြတ်တာပဲ။

တစ်ခါတစ်ရံမှာတော့…

"ကိုကြီးဆောင်…တကယ်တော့ ကျွန်တော်က တစ်ကောင်ကြွက်နော်"

"ဘာကြောင့် ဒီလိုပြောရတာလဲကွ၊ မင်းနားမှာ ငါရှိနေ တာပဲ"

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မိဘရင်း၊ ဆွေမျိုး ရင်းဆိုလို့ ကျွန်တော့်ဘဝကမရှိ"

"ဟိတ်ကောင်…ဘာလဲ မင်းက ငါ့ကို ဆွေမျိုးရင်းလို့ သဘောမထားတာလားကွ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးဟန်ဖြင့် သူ့အား ကိုကြီးဆောင် မေးတတ်သည်။ ထိုအခါ သူ ခပ်မြန်မြန်ချော့ရ၏။

"မဟုတ်တာဗျာ၊ ကိုကြီးဆောင်ကို ကျွန်တော် အစ်ကို ကြီးလို သဘောထားတာ သိလျက်နဲ့"

"ဟား…ဟား ဒီကောင် မျက်နှာငယ်သွားတာပဲ၊ အလ ကားပါကွာ တကယ်တော့ ငါလည်း တစ်ကောင်ကြွက်ပဲ၊ ဒီတော့ တို့တစ်ကောင်ကြွက်ချင်းပေါင်းတော့ နှစ်ကောင်ကြွက်ပေါ့ကွာ၊ ဟား…ဟား"

"ဟုတ်တယ်ဗျ…အဟွန်း…ဟွန်း"

ဘဝ၏ကြေကွဲစရာများကို ထိုသို့နည်းဖြင့်လည်း ကိုကြီးဆောင်က သူ့အား ဖြေဖျောက်ပေးတတ်၏။ တကယ်လို့ သူ့ဘဝမှာ ကိုကြီးဆောင်သာ မရှိခဲ့လျှင် ဘယ်လောက်များ အထီး ကျန်ခြောက်သွေ့လိုက်မလဲ။





## အခန်း (၂)

"ငါပြောလိုက်လို့ မင်းပိုပြီး ခံစားသွားရသလား ခွန်မင်း"

"ဒီလိုတော့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ရင်ထဲက ခံစား ချက်ဟာ နဂိုကတည်းက ရှိနေတာပါ၊ ဘာကြောင့်လဲဆိုတော့ မှတ်မှတ်ရရ ဖြစ်နေတယ်လေ၊ ဒက်ဒီနဲ့ မာမိတို့ ထွက်သွားတဲ့ နေ့က ကျွန်တော် ဆယ်နှစ်ပြည့်မွေးနေ့မှာ မဟုတ်လား"

ပြောရင်း မိဘနှစ်ပါးကို သတိရကာ မျက်ရည်တွေ ဝဲချင် လာ၏။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကအဖြစ်ကို ပြန်မြင်ယောင်မိသည်။

မှတ်မှတ်ရရ ထိုနေ့က သူ၏ ဆယ်နှစ်မြောက်မွေးနေ့။

www.burmeseclassic.com

www.burmeseclassic.com



"ဟက်ပီးဘဒ်ဒေး…သားသား"

"ဟက်ပီးဘဒ်ဒေး…မာမီ"

သူ့အတွက် မွေးနေ့ပွဲကို မာမီတို့က ကျယ်ဝန်းသော ခြံကြီးထဲမှာပင် ကျင်းပပေး၏။

လှပသောညနေခင်းမှာ မြက်ခင်းစိမ်းစိမ်းပေါ်၌ ထင်းရှူးပင်တွေပေါ်တွင် ရောင်စုံမီးသီးများ လင်းလက်လို့။

ဒက်ဒီနှင့် မာမီတို့က ရင်းနှီးသောမိတ်ဆွေတချို့နှင့် သူ၏ သူငယ်ချင်းများကို ဖိတ်ပေးသည်။ မြို့မျက်နှာဖုံးဖြစ်သော ဒက်ဒီနှင့် မာမီတို့မှာ ရင်းနှီးသူမိတ်ဆွေတချို့ဆိုပေမယ့် လူစည်ကားနေသည်။

မာမီက အဖြူရောင် အနောက်တိုင်းဝတ်စုံ၊ ဘိုကေဆံပင်နက်မှောင်မှောင်လေးနှင့် သူ့ကို ဝါးပြင်တစ်ချက်နမ်းပြီး နှုတ်ဆက်သည်။

"ဟော့…သားသား ဟက်ပီးဘဒ်ဒေး"

"သင့်ခ် ဒက်ဒီ"

သူ့မွေးနေ့ပွဲအတွက် အစစအရာရာ စီစဉ်နေသော ဒက်ဒီက ခုမှရောက်လာသည်။ ဒက်ဒီ့ဆီ သူပြေးသွား၏။ ဒက်ဒီက





သူ့ကို လက်ကမ်းကာ ရင်ဖွင့်ကြိုသည်။ ကျယ်ပြန့်သော ဒက်ဒီ့ရင်ခွင်ကြီးက သူ့အတွက် လွန်စွာနွေးထွေးလှ၏။

"ဦးခွန်နောင်တို့ မိသားစုကြည့်ရတာ တကယ်ပျော်ရွှင်ရောကောင်းတယ်ဗျာ၊ မိဘနှစ်ပါးကလည်းချော၊ သားကလည်းချောနဲ့ ဒီနေ့တော့ အဖြူရောင်မိသားစု ဖြစ်နေပါလားဗျ"

ဒက်ဒီ့မိတ်ဆွေ ရောက်လာကာ သူ့တို့မိသားစုကိုကြည့်ပြီး အားပါးတရ ချီးကျူး၏။

"ဟား…ဟား ဟုတ်တယ်ဗျာ၊ ဒါ မိန်းမစီစဉ်တာလေ"

ဒက်ဒီက မာမီပခုံးကို ဖက်ကာ ဂုဏ်ယူစွာပြော၏။ တကယ်ပဲ ဒက်ဒီကလည်း အနောက်တိုင်းဝတ်စုံဖြူ၊ မာမီကလည်း ဆံထုံးလှလှ အဖြူရောင်ဝမ်းဆက်နှင့် သူကလည်း အဖြူရောင်ဆိုတော့ white family ဖြစ်နေသည်။

"ဒေါ်နန်းစံ စီစဉ်တယ်ဆိုတာ မိသားစုနဲ့ လိုက်အောင်ပေါ့ဗျာ၊ ခင်ဗျားတို့မိသားစုရဲ့ စိတ်ဓာတ်ကလည်း အင်မတန် ဖြူစင်တယ်မဟုတ်လားဗျ"

"အဟင်း…ဟင်း ခုလိုချီးကျူးတာ ကျေးဇူးပါပဲရှင်"

မြို့မျက်နှာဖုံးများဖြစ်သော ဒက်ဒီနှင့် မာမီတို့က ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



သဘောထား ဖြူစင်ဖြည့်ဝကာ လူတစ်ဖက်သားကို ကူညီတတ် [redacted] ရပ်ရွာရေးမှာလည်း လက်မနှေးတတ်သူတွေဖြစ်သည်။

ထို့ကြောင့် မိတ်ဆွေအပေါင်းအသင်းတွေကြားမှာလည်း ဒက်ဒီနှင့်မာမီတို့က ထင်ရှားလှ၏။

"ချီးကျူးတာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ ဂုဏ်သတင်းတွေကိုက မြို့ပေါ်မှာ နာမည်မွှေးနေတာပါ၊ ကိုယ့်စိတ်ထားအတိုင်း အကျိုးခံစားရတာပဲဗျ၊ ကဲ…ကဲ ခင်ဗျားတို့မိသားစု အမှတ်တရ ဓာတ်ပုံရိုက်ပေးပါရစေ"

"အိုကေ…ကဲ…လာ သား"

ဒက်ဒီနှင့် မာမီက သူ့ကို အလယ်မှာထားလျက် အမှတ်တရဓာတ်ပုံများ အရိုက်ခံကြလေ၏။

တဖြည်းဖြည်းနှင့် လူတွေ စည်ကားစွာ ရောက်လာသည်။ အားလုံးက သူတို့မိသားစုကို အမျိုးမျိုးချီးကျူးကြ၏။

"မိဘနှစ်ပါးကလည်း ချောလို့၊ သားလေးကလည်း ချစ်စရာကောင်းလိုက်တာရှင်"

"ဟုတ်ပါ့…ဒီနှစ် သားက ဘယ်နှစ်တန်းလဲ မနန်းစံ"





"ငါးတန်းလေ မမိ၊ ဒီနှစ်ကစပြီး သားကို ရန်ကုန်မှာ ကျောင်းထားမှာလေ"

"အို…သားလေးတစ်ယောက်တည်းကို ခွဲထားမလို့လား မစံရယ်"

ဒက်ဒီတို့က သူ့ကို ပညာရေးဘက် ထူးချွန်ထက်မြက်စေချင်၏။ ထို့ကြောင့် ဒီနှစ် ရန်ကုန်ပို့ဖို့ စီစဉ်ခြင်းပင်။

"ကျွန်မတို့လည်း သားရဲ့ပညာရေးအတွက် မတတ်သာလို့ ခွဲရမှာပါရှင်၊ ဘယ်ခွဲနိုင်ပါ့မလဲ၊ ကျွန်မတို့လည်း သွားလိုက်လာလိုက် လုပ်ရမှာပေါ့ မမိရယ်"

လူကြီးတွေက သူ့အကြောင်းပြောနေကြချိန်မှာ သူက သူငယ်ချင်းများဖြင့် ပျော်ရွှင်နေသည်။

ခဏကြာတော့ ဒက်ဒီရောက်လာ၏။

"သားရေ အန်ကယ်ညီရောက်လာပြီလား"

"ဟင့်အင်း ဒက်ဒီ"

သူမျက်လုံးဝိုင်းလေးဖြင့် ခေါင်းလေးခါယမ်း၏။ မကြာခင် မာမီပါ ရောက်လာသည်။

"မစံရေ…ညီညီ ဘာဖြစ်နေလဲမသိဘူး၊ မွေးနေ့ပွဲကို



www.burmeseclassic.com

www.burmeseclassic.com



သူ ခုထိရောက်မလာသေးဘူးကွာ”

“ဟင်…ဟုတ်လား မောင်ညီက သားကို သိပ်ချစ်တာ ဝါ ကိုရယ်၊ ဘာကြောင့် နောက်ကျနေတာပါလိမ့်၊ ခြံထဲမှာ ကိစ္စများ ရှိလို့လားပဲ ကို”

“အေးကွာ”

သို့သော် ထိုနေ့က မွေးနေ့ပွဲပြီးတဲ့အထိ အန်ကယ်ညီက ရောက်မလာခဲ့ပါ။ အန်ကယ်ညီဆိုတာက ဒက်ဒီ၏ မွေးစားညီ ဖြစ်သည်။

စော်ဘွားမျိုးနွယ်ဖြစ်သော ဒက်ဒီ့မိဘများက သားသမီး အဖြစ် ဒက်ဒီတစ်ယောက်ကိုသာ မွေး၏။ ထိုအချိန်က ဒက်ဒီမိဘ များ၏ လူယုံတော်ကြီး ဦးအိုက်လူမှ စိုင်းညီညီကို မွေးဖွားခဲ့သည်။

ဦးအိုက်လူ၏ဇနီးမှာ စိုင်းညီကို မွေးဖွားပြီး ဆုံးပါးခဲ့၏။

သည်တော့ ဒက်ဒီ၏မိဘတွေက တစ်ဦးတည်းသော သားဖြစ်တဲ့ ဒက်ဒီအဖော်ရရန်အတွက် စိုင်းညီကို မွေးစားခဲ့၏။ အပိုင်မွေးစားသည့်စာချုပ်စာတမ်းနှင့်တော့ မဟုတ်ပါ။

“စိုင်းညီက ကိုကိုနဲ့ကစားပေး၊ ကိုကိုခိုင်းတာလုပ်ပေး ဟုတ်လား”



“မှန်ပါ့ဘွားဘွား”

ဒက်ဒီ၏မာမီက သားအတွက် အဖော်ရရန် စိုင်းညီကို ထားခြင်းဖြစ်သည်။ ဦးအိုက်လူကတော့ ထို့အတွက်ပင် ကျေးဇူး တင်နေ၏။

“သခင်လေး ခွန်နောင်ကို သားက ရိုရိုသေသေဆက်ဆံ နော်”

ဒက်ဒီမိဘများ၏ ကွယ်ရာတွင် ဦးအိုက်လူက သားဖြစ် သူကို ကြိတ်၍ ဆုံးမသွန်သင်သည်။

“ကျွန်တော်ခိုင်းတာကြတော့ ကိုကိုက ဘာကြောင့် မလုပ် တာလဲ ဖေဖေ”

ထိုအမေးကြောင့် မချိသလို ပြုံးမိသူက ဦးအိုက်လူ။ သားခေါင်းလေးကို ဖွဖွပွတ်ပေးသည်။

“သူတို့က စော်ဘွားမျိုးနွယ်သခင်တွေကွယ့်၊ ဖေဖေတို့ က သူတို့လူယုံတော်တွေလေ၊ ဒီတော့ သူတို့ခိုင်းတာပဲ ဖေဖေတို့ လုပ်ရမယ်”

သည်စကားကို စိုင်းညီက မျက်မှောင်လေးတွန့်ကာ နားထောင်ခဲ့၏။ သို့သော် စိုင်းညီသည် ကိုကိုခွန်နောင်နားမှာအကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါးစွာ နေခဲ့၏။

ထို့ကြောင့် ဒက်ဒီက လူယုံတော်ညီရင်းတစ်ယောက်လို ချစ်သည်။ စီးပွားရေးကိစ္စ အတော်များများကို ဦးစိုင်းညီနှင့်ပင် မျက်နှာလွှဲခဲ့၏။

ဒက်ဒီနှင့်မာမီ လက်ထပ်ပြီးတော့လည်း ဦးစိုင်းညီက သူတို့နှင့်ပင် အတူနေခဲ့၏။

သူမွေးလာတော့လည်း ဦးစိုင်းညီလက်ပေါ်မှာ ကြီးပြင်းခဲ့သည်။

"ဦးညီ"

"ဗျာ"

"ကျွန်တော့်ကို စွန်လုပ်ပေး"

"ရတာပေါ့ဗျာ"

မိဘနှစ်ပါးပြီးလျှင် သူနှင့်အနီးကပ်နေရတာ ဦးညီဖြစ်သည်။ သူပူဆာသမျှကို ဦးညီက လိုက်လျောစွာလုပ်ပေး၏။

သည်လို ဦးညီက ဒီနေ့ သူ့မွေးနေ့ကြမှ ဘာကြောင့် ရောက်မလာတာပါလိမ့်။ ဒက်ဒီနှင့်မာမီကလည်း စိတ်ပူနေပြီ။

"ကဲ…ကဲ မစံရေ ကိုယ်တို့သားကို မွေးနေ့လက်ဆောင်



ဆေးကြရအောင်"

"ဟုတ်တာပေါ့၊ ကဲ…လာ သား ဒက်ဒီနဲ့ မာမီတို့က သားအတွက် အထူးစပါယ်ရှယ် လက်ဆောင်ပေးမယ်"

"ဟုတ်ကဲ့"

ကျယ်ဝန်းသည်နှင့်အမျှ ကြီးမားခန့်ညားသော တိုက်ကြီးထဲမှာ သားအမိသားအဖသုံးယောက်…

"ဟောဒါတွေအားလုံး သားလေးအတွက် ဒက်ဒီနဲ့မာမီတို့က လက်ဆောင်ပေးတာကွယ့်"

ရွှေရောင်ကဒ်ထူဖုံးများနှင့် စာချုပ်စာတမ်းတွေ။

"ဘာတွေလဲ ဒက်ဒီ"

"အတွန်း…ဒီစာချုပ်တွေအားလုံးဟာ ဒက်ဒီနဲ့မာမီတို့ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာအားလုံး သားရဲ့နာမည်နဲ့ အပြီးလွှဲပေးတာ"

"ဟုတ်တယ် သားရဲ့၊ ဒါတွေအားလုံး သားအတွက် မာမီတို့လက်ဆောင်ပဲကွယ့်"

ငယ်ရွယ်သေးသည့် အရွယ်မို့ ထိုပစ္စည်းဥစ္စာအပေါင်းများနှင့် ပတ်သက်ပြီး သူလောဘမရှိပါ။ မာမီတို့က ဒီပစ္စည်းတွေပေးတာထက် ပြိုင်စက်ဘီးအသစ်လေး ပိုလိုချင်၏။

www.burmeseclassic.com

www.burmeseclassic.com



"သားက အခုစီးနေတဲ့ ဖြိုင်ဘီးဟောင်းနေလို့ အသစ်လေးလိုချင်နေတာ မာမီ"

"ဟား…ဟား အဲဒါလည်း ရမှာပေါ့သားရဲ့၊ 'အင်း… သားကိုပေးတဲ့ လက်ဆောင်တွေဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ တစ်နေ့သိလာမှာပါ၊ လောလောဆယ်တော့ သားလိုချင်တဲ့ ဖြိုင်ဘီးအသစ်လေး ရစေမယ် ဟုတ်လား"

မိဘနှစ်ပါးက သူ့ပူဆာတာမှန်သမျှကို အလိုလိုက်ပါ၏။ ထိုစဉ်က မိဘနှစ်ပါးရဲ့ အချစ်ဟာ သူ့အပေါ် ဘယ်လောက်ကြီးမားခဲ့တယ်ဆိုတာ မသိခဲ့ပေ။

ထိုစဉ်

"ကလင်…ကလင်"

ဖုန်းသံမြည်လာတာကြောင့် ဒက်ဒီ ကောက်ကိုင်လိုက်၏။

"ဘာပြောတယ်…ညီညီ ခြံထဲမှာ ပြဿနာတက်နေလို့ ဟုတ်လား"

တစ်ဖက်က ဘာတွေပြောနေတယ်မသိ ဒက်ဒီ့မျက်နှာ စိုးရိမ်ဟန်ဖြင့် ပျက်နေသည်။

"ကောင်းပြီ၊ ငါတို့ အခုလာခဲ့မယ် ညီညီ၊ အေး…အေး"





ဒက်ဒီ ဖုန်းချရင်း သက်ပြင်းချ၏။ မာမီက ဒက်ဒီကိုကြည့်သည်။

"ဘာတဲ့လဲ ကို"

"ခြံထဲမှာ ပြဿနာတက်နေလို့တဲ့ မစံ၊ အခု ကိုယ်လိုက်သွားရမယ်"

"အို…မစံလည်း လိုက်ခဲ့မယ်၊ သားသား အိမ်မှာနေခဲ့နော်၊ မာမီတို့ ဦးညီကိုခေါ်ပြီး ပြန်လာမယ်"

"ဟုတ်ကဲ့"

ဒက်ဒီနှင့်မာမီက သူ့ကို ပါးတစ်ချက်စီနမ်းပြီး နှုတ်ဆက်ထွက်ခွာသွား၏။ အဲဒီနေ့က သူ့အနေဖြင့် ဒက်ဒီနှင့် မာမီကို နောက်ဆုံးတွေ့လိုက်ရခြင်းပါ။

ဤဤ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ထိုညက ဒက်ဒီတို့ မိုးချုပ်တဲ့အထိ ပြန်မရောက်လာခဲ့ပါ။ သူက ဒက်ဒီတို့ကိုစောင့်ရင်း နောက်ဆုံး အိပ်ပျော်သွားရ၏။

သူ အိပ်ရာမှနိုးလာတော့ မိုးကြီးထိန်ထိန်လင်းနေပြီ။ သူ ပထမဆုံး သတိရတာက ဒက်ဒီနှင့်မာမီ။

ညက ဒက်ဒီတို့ ဘယ်အချိန်ပြန်ရောက်ပါလိမ့်။ သူက မျက်စိကို လက်လေးဖြင့် အသာပွတ်ရင်း အိပ်ရာမှထလိုက်၏။

"ဒက်ဒီ…မာမီ"

ဒက်ဒီတို့အခန်းရှိရာ သူထွက်လာစဉ်…



"အဟင့်…ဟင့် ဖြစ်မှဖြစ်ရလေ အစ်ကိုကြီးနဲ့ အစ်မကြီးတို့ရယ်"

"သခင်ကြီးနဲ့ သခင်မကြီးတို့ ဒီလိုဖြစ်လိမ့်မယ် လုံးဝ မထင်ခဲ့ဘူး၊ အဟင့်…ဟင့် ခုတော့ ဘယ်လိုဖြေဆည်ရပါ့မလဲ"

"အစ်ကိုကြီးနဲ့ အစ်မကြီးတို့ ခုလိုဖြစ်ရတာ ကျွန်တော့် ကြောင့်ပါ၊ ကျွန်တော်ခေါ်မိလို့"

ငိုယိုသံတွေ၊ ကြေကွဲသံတွေကို သူရုတ်တရက်ကြားလိုက် ရတော့ ခြေလှမ်းတန့်သွား၏။

ဘာတွေလဲ…ဘာဖြစ်နေကြတာလဲ။ ဒက်ဒီနှင့်မာမီတို့ ဘာဖြစ်ကုန်တာလဲ။

"ခုတော့ သခင်လေးကို ဘယ်လိုလုပ်ကြမလဲဟင်"

"ဟုတ်တယ်ဗျာ၊ ခွန်မင်းလေးမေးရင် ကျွန်တော် ဘယ်လိုဖြေရမလဲဗျာ"

သူကြားနေရတဲ့ ဦးညီ၏အသံကြီးက ခြောက်ကပ်အက်ကွဲ လို့။ အသံက ဆယ်နှစ်၊ ပညာက ငါးတန်း၊ ဉာဏ်ပညာထက် မြက်သူမို့ သူတို့ပြောနေတဲ့ စကားတွေဟာ အခြေအနေတစ်ခုကို စိုးရိမ်စရာဟု သိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းတွေ အလိုလိုနှေးသွားကာ သူတို့ဆီ တစ်လှမ်းချင်း ထွက်သွားသည်။

"ဦးညို"

"ဟင်…သားသား ခွန်မင်း"

သူ့ကိုမြင်တာနှင့် ဦးညိုမျက်နှာကြီးပျက်၍ ပြေးလာ၏။ ထို့နောက် ဒူးထောက်ကာ သူ့ကိုယ်လေးကို ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲဖက်သည်။

"သား…ခွန်မင်း ဒီ…ဒီနားကို ဘယ်အချိန်ကတည်းက ရောက်နေတာလဲဟင်"

သူ့မျက်နှာကို ဖြည်းဖြည်းယူကြည့်ပြီး ဦးညိုမေး၏။ သူက ဦးညိုမျက်နှာကို စိုက်ကြည့်ပြီး…

"ဒက်ဒီနဲ့မာမီကော ဦးညို"

"ဟင်"

သူ့မေးခွန်းအဆုံးမှာ ဦးညိုက မျက်နှာအကြီးအကျယ် ပျက်သွားလေ၏။ ထိုအနားရှိ လူတွေအားလုံးက သူ့ကို အထူးစိတ်မကောင်းဟန် ကြေကွဲဟန်ဖြင့် ကြည့်သည်။

"ကျွန်တော်မေးနေတယ်လေ ဦးညို၊ ဒက်ဒီတို့ကော"





"ဟို…ဟို သူတို့"

ဦးညို ဖြေရခက်နေစဉ် သူ ဖျတ်ခနဲ ဦးညိုလက်ထဲမှ ထွက်ပြေးခဲ့၏။

"ခွန်မင်း"

ဦးညို နောက်မှလိုက်လာသည်။ သူပြေးလာတာက မာမီတို့အခန်းဆီဖြစ်၏။

"ဒက်ဒီ…မာမီ ဟင်…"

ဒက်ဒီတို့အခန်းတံခါး ဖွင့်လိုက်တော့ ဘယ်သူမှမရှိ၊ ဒက်ဒီတို့အိပ်နေသလားဟု ခုတင်ပေါ် ကြည့်လိုက်တော့ ဘယ်သူမှမရှိ

"ခွန်မင်း…ကလေး"

"ဒက်ဒီတို့ မာမီတို့ ဘယ်သွားတာလဲ ဦးညို"

သူက ဦးညိုဘက် လှည့်ကြည့်ကာ မေးသည်။ ဦးညို မျက်နှာကြီး ပျက်ပြီး သူ့ကို စိုက်ကြည့်နေ၏။

"ဦးညို ဒက်ဒီတို့တော"

ဘာမှန်းမသိအောင် သူ့ရင်ထဲလည်း စိုးရိမ်လာ၏။ ဦးညိုက သူ့ပခုံးလေးကို တင်းတင်းဆုပ်ကိုင်သည်။

"ခွန်မင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"သားရဲ့ ဒက်ဒီနဲ့မာမီလေ ညက…ညက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံး…ဆုံးသွားကြပြီကွယ့်"

"ဗျာ…ဦးညီ ဘာပြောတာလဲဟင်၊ ကျွန်တော် နားမလည်ဘူး"

သူမျက်ရည်တွေ ရစ်ဝိုင်းကာ ဦးညီလက်မောင်းကို လှုပ်၍ မေး၏။

"ဦးညီကိုသာ အပြစ်တင်ပါ ကလေးရယ်၊ ညက ဦးညီ ခေါ်လိုက်လို့ အစ်ကိုကြီးတို့ ဒီလိုဖြစ်ရတာပါ၊ ဟီး…"

ရုတ်တရက် သူ့ကိုဖက်ပြီး ဦးညီငိုချလေ၏။ သူလည်း ရင်ထဲဝမ်းနည်းလာကာ ငိုမိတော့၏။

"ဒက်ဒီ…မာမီ"

"ကလေးရယ်"

အင်မတန်သာယာပျော်ရွှင်ခဲ့သော မိသားစုဘဝလေးသည် ရုတ်တရက် ပြိုကွဲခဲ့ရပြီး လူ့လောကကြီးထဲမှာ ဒက်ဒီတို့မရှိတော့ဘူးဆိုတာ သူလက်မခံချင်ပေမယ့် နောက်တစ်ကြိမ်လည်း ဘယ်တော့မှပြန်မတွေ့ခဲ့ရပေ။





"ကျွန်တော့်ကိုပါ ဘာကြောင့် ခေါ်မသွားတာလဲ ဒက်ဒီနဲ့မာမီရယ်"

သူတစ်ယောက်တည်း ငိုရှိုက်ရင်း ရေရွတ်မိ၏။

ဒက်ဒီတို့၏ ရုပ်အလောင်းကို အနောက်တိုင်းဝတ်စုံ အနက်လေးဖြင့် ဝမ်းနည်းကြေကွဲစွာ သူတက်ရောက်ခဲ့သည်။

"ဒက်ဒီနဲ့မာမီကို သား နှုတ်ဆက်ပါတယ်"

လှပသောပန်းခြင်းတစ်လုံးစီကို ဒက်ဒီနှင့်မာမီတို့၏ အုတ်ဂူဖြူဖြူပေါ်တွင် ညင်သာစွာတင်လိုက်၏။

သူ့ပါးပြင်ပေါ်မှာတော့ မျက်ရည်တို့ အဆက်မပြတ် စီးဆင်းလျက်။

"ကလေးရယ်"

ဦးညီက သူ့ကိုယ်လေးကို ပွေ့ယူသည်။ ထို့နောက် ဒက်ဒီတို့ကို ထားခဲ့ကာ ဦးညီခေါ်ဆောင်ရာသို့ သူလိုက်ပါလျက်။

"ကလေးကငယ်သေးတော့ သူ့ရဲ့အုပ်ထိန်းသူတာဝန်ကို ကျွန်တော်ကပဲ ဆက်လက်စောင့်ရှောက်သွားပါ့မယ် ခင်ဗျာ"

ဒက်ဒီတို့ကိုစွန့်ပြီး၍ တစ်ပတ်အကြာမှာ လူကြီးပိုင်းဆိုင်ရာ များရှေ့တွင် ဦးညီက စိတ်ထိခိုက်ဟန်ဖြင့် သူ့ကိုကြည့်ကာ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဘက်ကတော့ ကန့်ကွက်စရာမရှိပါဘူး၊ ဒါပေမယ့် ဦးခွန်နောင်နဲ့ ဒေါ်နန်းစံတို့မှာ တခြားဆွေမျိုးသားချင်းများ ရှိခဲ့သေးရင်"

"ဟာ…ဒါတော့စိတ်ချပါ၊ အစ်ကိုကြီးနဲ့ အစ်မကြီးတို့နှစ်ယောက်စလုံးဟာ တစ်ဦးတည်းသော သားသမီးတွေမို့ တခြားဘယ်ဆွေမျိုးသားချင်းမှ မရှိပါဘူးခင်ဗျာ"

တစ်သက်လုံး ဒက်ဒီတို့နှင့် နေလာသော ဦးညီကပဲ သွက်လက်စွာဝင်ပြော၏။ လူကြီးတွေအချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

"ဒီလိုဆိုရင်ဖြင့် မောင်ခွန်မင်းရဲ့ အုပ်ထိန်းသူအဖြစ် ဦးစိုင်းညီကို လောလောဆယ် ခဏထားရမှာပဲလေ၊ တကယ်လို့ နောင်တခြားဘက်ကများ ဆွေမျိုးသားချင်း ပေါ်ပေါက်လာတယ်ဆိုရင် တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းကြ၀ာပေါ့လေ"

"စိတ်ချပါခင်ဗျာ၊ အဲဒီကိစ္စကို ကျွန်တော်တာဝန်ယူပါတယ်"

သူကတော့ လူကြီးတွေ ပြောဆိုနေတာ ဘာတစ်ခုမှ စိတ်မဝင်စား။ လောလောဆယ် မိဘနှစ်ပါး မရှိတော့သည့် အိမ်ကြီး





က သူ့အဖို့ တိတ်ဆိတ်ခြောက်သွေ့နေ၏။

ထိုစဉ် သူ့နားသို့ အရိပ်တစ်ခု ရောက်လာ၏။ သူကြည့်လိုက်တော့ ဦးညီ။

"ခွန်မင်း…သား တစ်ယောက်တည်း ဘာတွေစဉ်းစားနေတာလဲကွာ"

"ကျွန်တော်…ကျွန်တော်"

သူဘာမှ မပြောနိုင်ဘဲ ငိုမိ၏။ ဦးညီက သက်ပြင်းချကာ သူ့ကိုပွေ့ယူသည်။

"အစ်ကိုကြီးတို့ကို မင်းသတိရနေတယ်မဟုတ်လား၊ ဦးညီလည်း သတိရတာပေါ့ကွာ၊ ဒါပေမယ့် ဒီလောကကြီးမှာ သူတို့မှ မရှိတော့တဲ့၊ ဒီတော့ မငိုပါနဲ့ ခွန်မင်း၊ ယောကျ်ားဆိုတာ မျက်ရည်ကျရဘူးကွ"

ထိုအခါပြောကြောင့် သူ ခေါင်းဆတ်ခနဲမတ်သွားသည်။ ဒီနောက် ချက်ချင်း မျက်ရည်တွေသုတ်ကာ…

"ဟုတ်တယ်၊ ကျွန်တော်မငိုဘူး ဦးညီ၊ ဒက်ဒီနဲ့မာမီကလည်း ကျွန်တော်ငိုတာ ကြိုက်မှာမဟုတ်ဘူး"

တကယ်ပဲ ဒက်ဒီတို့ရှိစဉ်က သူ့ကို မျက်နှာငယ်ချက်

www.burmeseclassic.com

www.burmeseclassic.com



အညှိုးမခံခဲ့ပေ။ သည်လိုငိုတာမျိုး တစ်ခါမှ အဖြစ်မခံခဲ့ပါ။

"ဒီမှာသား ယောကျ်ားဆိုတာ မငိုရဘူး၊ ငိုတဲ့ယောကျ်ား တွေကို ဘယ်သူမှအထင်မကြီးဘူး"

ဒက်ဒီနှင့် မာမီ ရှိစဉ်က သူ့ကို ထိုသို့ပြောခဲ့၏။ ထိုစကား တွေ ကြားယောင်ကာ သူ မျက်ရည်သုတ်လိုက်ခြင်းပါ။

"ယောကျ်ားဆိုတာ ဒီလိုမှပေါ့ကွ၊ ဒါနဲ့ သားမိဘတွေ ရှိတုန်းက သားကို ဘာပစ္စည်းများ ပေးသွားသေးလဲ"

ဦးညီ၏အမေးကို သူနားမလည်ပါ။ ထို့ကြောင့် ခေါင်းခါ ယမ်းလိုက်၏။

"ဘာမှမပေးခဲ့ပါဘူး ဦးညီ"

"မဟုတ်ဘူးလေ မင်းရဲ့မွေးနေ့တုန်းက ဘာလက်ဆောင် ပေးလဲဆိုတာ"

"ကျွန်တော့်ကို ဖြိုင်စက်ဘီးအသစ်ဝယ်ပေးဖို့ ဒက်ဒီက ပြောခဲ့တယ်၊ ဒါပေမယ့် ကျွန်တော်မရလိုက်ဘူးလေ ဦးညီ"

သူ မငိုတော့ပေမယ့် ရင်ထဲက ဝမ်းနည်းမှုပြည့်သိပ်လျှော ချက်ချင်း ထိုမွေးနေ့ညကို သတိရကာ မျက်ရည်တွေ ရစ်ဝိုင်း လာ၏။





"အေးပါကွာ…မင်းစိတ်မကောင်းမဖြစ်ပါနဲ့၊ ကဲ…ကဲ ဦးညီ အပြင်ခဏသွားလိုက်ဦးမယ်၊ မင်းထမင်းစားနှင့်ကွာ"

"ကျွန်တော် မစားချင်ဘူး"

"ဟာ…ဒီလိုမလုပ်ရဘူး၊ ထမင်းမစားရင် မင်းနေမ ကောင်းဖြစ်မှာပေါ့ ခွန်မင်း၊ ဒီလိုဆိုရင် မင်းမိဘတွေက ဘယ်စိတ် ကောင်းပါ့မလဲ"

ဦးညီက သူ့ကို မိဘတွေနှင့်လှည့်၍ ခြိမ်းခြောက်၏။

"ကျွန်တော်စားမယ်"

"အေး…ဒီလိုမှပေါ့ကွ၊ ယောကျ်ားဆိုတာ ပြတ်သားရ တယ်"

သို့သော် ယခင်က မိသားစုစုံညီစွာ ထမင်းစားသော စားပွဲ သူတစ်ယောက်တည်း တိတ်ဆိတ်လျက်။

ထမင်းကို တစ်လုပ်ချင်း ဖြည်းလေးစွာ စားနေသည့် သူ့ကို စိတ်မကောင်းစွာ ငေးကြည့်နေတာက အိမ်ထိန်းကြီး ဒေါ်ဝိုးခမ်း။

ဂဇလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

ခြံထဲကခန်းလေးပေါ်မှာ သူတစ်ယောက်တည်း ငေးငိုင်စွာ ထိုင်နေစဉ် အဖြူနှင့် အနက်စပ်ဘောလုံးလေးတစ်ခုက သူ့ခြေကို လာထိ၏။

"ဟင်"

သည်ဘောလုံး ဘယ်ကရောက်လာတာပါလိမ့်။ သူ ဘောလုံးကို ငုံ့ကောက်လိုက်သည်။ ပြန်ထစဉ်…

"ဒီဘောလုံးကို မင်းသဘောကျသလား"

"ဗျာ"





သူ့ကိုပြုံးကာ ငုံ့စိုက်ကြည့်နေသော လူတစ်ယောက်။ နွေးကိုယ်တွားပေမယ့် မျက်နှာက ချိုနေ၏။

ထိုလူက သူ့ရှေ့ဒူးထောက်ထိုင်ချသည်။

"မင်း…ငါနဲ့ ဘောလုံးကန်မလား ညီလေး"

"ခင်ဗျားဘယ်သူလဲ"

တစ်ခါမှ မမြင်ဘူးသည့် မျက်နှာစိမ်းမို့ သူသိချင်တာ အရင်မေးလိုက်၏။

"ဟုတ်တာပေါ့…ငါ့ကိုယ်ငါ မိတ်ဆက်ရမယ်၊ ငါက မင်းနဲ့သူငယ်ချင်းလုပ်ဖို့ ရောက်လာတဲ့ လူဆောင်၊ မင်းကတော့ ဘိုကြီးဆောင်လို့ခေါ်ပေါ့ကွာ"

"ကျွန်တော်နဲ့ သူငယ်ချင်းလုပ်ဖို့ ဟုတ်လား"

သူနားမလည်သလို ပြန်မေးစဉ် ဦးညီ ရောက်လာသည်။

"ဟုတ်တယ် ခွန်မင်း၊ ဒီအချိန်ကစပြီး မင်းအတွက် အဖေါ်ဟာ ယောဒိက လူဆောင်ပဲ၊ မင်းက သူနဲ့ကစားနိုင်တယ်၊ မင်းလုပ်ချင်တာတွေကိုလည်း သူလုပ်ပေးလိမ့်မယ်၊ အဲဒါ မကောင်းဘူးလား ခွန်မင်း"

ဦးညီပြောသမျှ သူမျက်တောင်မခတ် စိုက်ကာ နားထောင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် သဘောကောင်းပုံရသော ကိုကြီးဆောင်ကို လှမ်းကြည့်၏။

အုံ့ဩစရာကောင်းစွာ ဒီလူမျက်လုံးတွေက သူ့အပေါ် ရင်းနှီးနွေးထွေးနေ၏။

"တကယ်လို့ သူ့ကို မင်းသဘောမကျဘူးဆိုရင် ဦးညီ ပြန်လွှတ်လိုက်မယ် ခွန်မင်း"

"ဟင့်အင်း…သူ့ကို ပြန်မလွှတ်ပါနဲ့၊ ကျွန်တော် သူ့ကို သဘောကျပါတယ် ဦးညီ"

ထိုစကားကြောင့် ကိုကြီးဆောင်မျက်လုံးတွေ တောက်ပသွား၏။ ဦးညီက ကိုကြီးဆောင်ဘက်လှည့်ကာ…

"ကဲ…လူဆောင် ခုချိန်ကစပြီး မင်း သခင်လေးနားက ဘယ်မှမခွာနဲ့"

"စိတ်ချပါဆရာ"

ဦးညီ ခေါင်းညိတ်ပြီး သူ့ကိုကြည့်၏။

"လူဆောင်က ဘောလုံးကန်တာကောင်းတယ် ခွန်မင်း"

ထိုသို့ပြောပြီး သူ့ပခုံးတစ်ချက်ပုတ်ကာ ဦးညီ ထွက်သွား၏။



"သခင်လေး"

"ကျွန်တော့်ကို သခင်လေးလို့ မခေါ်ပါနဲ့၊ ကျွန်တော့်နာမည် ခွန်မင်းဆက်ပါ ကိုကြီးဆောင်"

"ကောင်းပြီ၊ ဒါဆို မင်းက ငါ့ညီလေး ခွန်မင်းပေါ့၊ ဟား…ဟား"

လှိုက်လှဲစွာရယ်ေ ာ ကိုကြီးဆောင်ကြောင့် လေးလံနေသည့် သူ့စိတ်တွေပင် အနည်းငယ် ပေါ့ပါးလာရ၏။

"ကိုကြီးဆောင်"

"ဗျာ"

"ကိုကြီးဆောင်က ဘောလုံးကန်တတ်တယ်ဆို"

"ဒါပေါ့ကွ…ဂိုးတိုင်ထဲကို ဘောလုံးကောင်းကောင်း ကန်သွင်းနိုင်တယ်"

ကိုကြီးဆောင်က သန်မာတောင့်တင်းသော ညာဘက်ခြေထောက်ကို မြှောက်ပြလျက် တက်ကြွစွာပြောသည်။

သူသဘောကျသွား၏။

"ဒါဆို ကျွန်တော်နဲ့ ဘောလုံးကန်မလား"

"မင်းက ဘောလုံးကန်တတ်လို့လားကွ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မခံချင်အောင် စိတ်ဆွပေးသည်။ သူက ဆတ်ခနဲ ဘောလုံးကိုပစ်ချပြီး…

"ဟောဒီလို ကန်တတ်တယ်"

"ဟေ့"

လက်တွေ့ပြသော သူ့ကို ကိုကြီးဆောင် သဘောကျသွားပုံ။ တဟားဟားရယ်လေ၏။

"အင်း…မင်းကို ဘောလုံးသမားကောင်းဖြစ်အောင် ငါသင်ပေးရမယ်"

"ဒါဆို ကျောင်းကပြိုင်ပွဲတွေမှာ ကျွန်တော် ဝင်ပြိုင်လို့ ရပြီလား"

"ဒါပေါ့…မင်းဟာ အတော်ဆုံး ဘောလုံးသမားဖြစ်ရမယ်"

ကိုကြီးဆောင် ရောက်လာခြင်းသည် အထီးကျန်ခြောက်သွေ့နေသော သူ့ဘဝအတွက် အနည်းငယ်စိုပြည်လာစေ၏။

အထူးသဖြင့် ကိုကြီးဆောင်နှင့် ဘောလုံးကန်နေရသည့် အချိန်များတွင် သူအားလုံးကို မေ့ထားနိုင်၏။

"ဒက်ဒီ၊ မာမီ"





ထိုသို့ တစ်ခွန်းခေါ်မိတိုင်း သူ ဘောလုံးကိုသာ ဖိကန်သည်။ တစ်ကိုယ်လုံး ချွေးတွေနစ်ကျလာတဲ့အထိ။

"ကောင်လေး…မင်းကစားတာ သိပ်ပြင်းထန်လွန်းတယ်"

"ကျွန်တော် အကောင်းဆုံးဘောလုံးသမား ဖြစ်ရမယ်ဆို"

"အေး…ဒါပေမယ့် ဒီလောက်ပြင်းပြင်းထန်ထန်ကျင့်ရင် မင်းကျန်းမာရေးထိခိုက်မယ် ခွန်မင်း"

ကိုကြီးဆောင်က သူ့ကိုညှာတာစွာ ပြောသည်။ သူ ခေါင်းခါယမ်းမိ၏။ ဖြစ်နိုင်ရင် သူ ညဘက်တောင်မအိပ်ချင်ပေ။ ဖြစ်ချင်တော့ သူ၏ကျောင်းပိတ်ရက်တွေမို့ အိမ်မှာအားလပ်နေသည်။

ယခင်ကျောင်းပိတ်ရက်တွေတုန်းက မိဘနှစ်ပါးနှင့် သူ့ဘဝ ပျော်စရာဖြစ်ခဲ့၏။

ယခုတော့ သူ့ဘေးမှာ ကိုကြီးဆောင်ရှိနေသည်လေ။

ဦးညီက ဒက်ဒီတို့ဆုံးပြီးချိန်မှစ၍ အလုပ်တွေရှုပ်နေ၏။ အိမ်မှာ ညအိပ်ရုံပင်။ သူနှင့် တစ်နေ့တစ်ခေါက် မျက်နှာချင်းမဆိုင်မြင်ပေ။

"ကိုကြီးဆောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကိုကြီးဆောင်ကော အလုပ်မလုပ်ဘူးလား"

"အချိန်ပြည့် မင်းနားမှာရှိနေတာကိုက ငါ့အလုပ်ပဲ ခွန်မင်း၊ ဘာလဲ မင်းက ငါ့ကို မင်းနားမှာ မရှိစေချင်ဘူးလားကွ"

ကိုကြီးဆောင်၏ ထိုအမေးကို သူ ခေါင်းသွက်သွက်ခါယမ်းသည်။

"မဟုတ်ပါဘူး၊ ဦးညီက အမြဲအလုပ်ရှုပ်တယ်ဆိုလို့ မေးကြည့်တာပါ၊ ကျွန်တော့်နားမှာ ကိုကြီးဆောင်ရှိတာ ကျွန်တော် သိပ်သဘောကျတာပဲ"

"ဟား…ဟား ငါကလည်း မင်းနဲ့နေရတာ ပျော်ပါတယ် ကောင်လေးရာ"

ဘယ်လောက်ထိအောင်ဆိုလျှင် ကိုကြီးဆောင်ကို သူ့အခန်းထဲ ခေါ်သိပ်သည်။ ဦးညီကိုပြောပြီး တစ်ယောက်အိပ်ခုတင်တစ်လုံး ထပ်ထည့်နိုင်း၏။

ကိုကြီးဆောင်တစ်ယောက် သူ့နားမှာရှိနေတာ ဒက်ဒီတို့ ရှိနေသလိုပါပဲ။

သူ ကျောင်းတွေပြန်ဖွင့်ချိန်တွင် ဦးညီက…

"မင်းကို ရန်ကုန်ကျောင်းထားဖို့ အားလုံးစီစဉ်ပြီးပြီ"





"ဟင်…ဒါနဲ့ ကိုကြီးဆောင်ကော"

ယခုချိန်မှာ ကိုကြီးဆောင်သာမရှိလျှင် သူ့ဘဝ မပြည့်စုံသလိုပါပဲ။ သူ့အမေးကြောင့် ဦးညီ ပြုံး၏။

"မပူပါနဲ့ကွာ၊ မင်းက လှဆောင်ကို သံယောဇဉ်အတော်တွယ်နေပြီပဲ၊ မင်းနဲ့အတူ လှဆောင်ကို ထည့်လိုက်မှာပေါ့ကွ"

"ဟာ…တကယ်လား၊ ဒီလိုဆို ကျွန်တော်သွားမယ် ဦးညီ"

"ဟား…ဟား မင်းက လှဆောင်သာပါရင် ဘယ်မဆို သွားမယ့်ကောင်ပဲကွ ခွန်မင်း"

"ဦးညီပြောတယ်မဟုတ်လား၊ ကိုကြီးဆောင်က ကျွန်တော့်နားမှာ အမြဲရှိရမယ်ဆိုတာလေ"

မှတ်ဉာဏ်ကောင်းစွာ သူပြန်ပြောတော့ ဦးညီ ရယ်လေ၏။ ကိုကြီးဆောင်ကတော့ သူ့ရဲ့ သံယောဇဉ်အတွက် ဝမ်းသာနေပုံဝင်။

"ကဲ…လှဆောင်၊ ယောဒီသခင်လေးကို မင်း သေချာစောင့်ရှောက်ရမယ်ကွ၊ သိလား"

"စိတ်ချပါ ဆရာ"

ရန်ကုန်ကို ထွက်ခွာတဲ့နေ့မှာ မိဘနှစ်ပါး၏ ဓာတ်ပုံရှေ့

www.burmeseclassic.com

www.burmeseclassic.com



သူထိုင်ကာ ကန်တော့သည်။

"ကျွန်တော် ဒက်ဒီနဲ့မာမီဆီ ပြန်လာမှာပါ"

အင်မတန် ပျော်ရွှင်တတ်သော ကိုကြီးဆောင်ပင် သူ့ကို ကြည့်ပြီး စိတ်ထိခိုက်ဟန်။ ရန်ကုန်သို့ ဦးညီကိုယ်တိုင် လိုက်ပို့၏။

မာမီတို့ဝယ်ထားသော တစ်ထပ်တိုက်လေးမှာ သူသည် ကိုကြီးဆောင်၊ ထမင်းချက်တို့နှင့် အတူနေရ၏။ ကျောင်းသွား ကျောင်းပြန် ကိုကြီးဆောင်က လိုက်ပို့ကြိုသည်။

သူ့အတွက် ဒက်ဒီ၊ မာမီတို့ကိုယ်စား ကိုကြီးဆောင် ရောက်လာသလိုပါပဲ။

"ကျွန်တော် ကျောင်းကဘောလုံးအသင်းမှာ ဝင်ထား တယ် ကိုကြီးဆောင်"

"ကောင်းတာပေါ့ဗျာ၊ ဘယ်လိုလဲ ကျောင်းမှာ မင်းအတော်ဆုံးဖြစ်ရဲ့လား"

သူ ဝုထ်ယူစွာ ပြုံးလိုက်၏။ လက်မလေးထောင်ကာ…

"ကိုကြီးဆောင် သင်ပေးလို့လေ၊ ကျွန်တော် အကောင်း ဆုံး ဘောလုံးသမားဖြစ်တာ"

"ဟား…ဟား တစ်ချိန်ကြရင် မင်းလည်း ငါ့ကိုပြန်ပြီး





သင်ပေးစရာတွေရှိလာမှာပါကွာ"

ကျောင်းကပြန်ရောက်တာနှင့် ခဏနား၊ မုန့်စားသည်။ ဒါလည်း ကိုကြီးဆောင်နှင့်အတူတူ။

သူ့အတွက် အိမ်ကိုဆရာများခေါ်ပြီး စာသင်စေသည်။ ဒါက ဦးညီအစီစဉ်ဖြစ်၏။

"ဦးညီကတော့ သိပ်ရောက်ဖြစ်မယ်မထင်ဘူး ၂ံမင်း၊ ဒီတော့ မင်းလိုအပ်တာ အစစအရာရာ လှဆောင်ကို ပြော ဟုတ်လား"

"ဟုတ်ကဲ့"

တကယ်တမ်းမှာ ဒက်ဒီတို့ မာမီတို့ပြီးလျှင် သူ့ကိုချစ်ပါ တယ်ဟု ထင်ထားသည့် ဦးညီကလည်း ဂရုမစိုက်နိုင်ပါလား။

သူ့အတွက် ယခင် မာမီတို့ အစီအစဉ်အတိုင်း ကားတစ်စီး ထားပေးသည်။ ကားမောင်းတာ ကိုကြီးဆောင်။

ကိုကြီးဆောင်၏ ကျေးဇူးကြောင့်ပင် သူ အာလက်ငယ်ငယ် နှင့် ကားမောင်းတတ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ခွန်မင်း…ခွန်မင်း"

"ဟင်….ဗျ ကိုကြီးဆောင်"

ဆင့်ကဲကာခေါ်လိုက်သည့် ကိုကြီးဆောင်အသံကြောင့် သူ အတိတ်မှလန့်နိုးလာ၏။ ကိုကြီးဆောင်က သူ့ကို အကဲခတ်သည်။

"မြို့ပေါ်ရောက်လာပြီဆိုတော့ မင်းအတိတ်ကို ဗိုသတိ ရ ဘာလား ခွန်မင်း"

"ဟုတ်တယ်…ဘာလို့ သတိရတာလဲဆိုတော့ ကိုကြီး





ဆောင်နဲ့ ကျွန်တော် စတွေ့တာ ့လေ၊ ကိုကြီးဆောင်ဟာ ကျွန်တော့်ဘဝတစ်ယောက်တည်း အထီးကျန်ခြောက်သွေ့နေတဲ့ အချိန်မှာ အဲ့အစစ်အဖြစ် ရောက်လာတာမဟုတ်လား"

ထိုစကားကြောင့် ကိုကြီးဆောင် ပြုံးသည်။ သူ့ကို သေချာ စွာကြည့်၏။

"ငါ့ကိုယ်တိုင်ကလည်း ဆွေမရှိ၊ မျိုးမရှိ အထီး နေ တဲ့ လူတစ်ယောက်လေ၊ ဒီလိုအချိန်မှာ မင်းကိုတွေ့လိုက်ရတော့ ရေးရေစက်ကြောင့်လားမသိဘူး မင်းကို ညီငယ်လေးတစ် ယောက် လို သံယောဇဉ်ဖြစ်သွားရ ယ် ခွန်မင်း"

"ကျွန်တော်လည်း ကိုကြီးဆောင်ကို မြင်မြင်ချင်းပဲ အမြဲ တမ်း ရင်းနှီးနေတဲ့ လူတစ်ယောက်လို ခင်တွယ်မိသွားတာပါဗျာ"

ဘာမှသွေးသားမတော်စပ်တဲ့ သူစိမ်းတွေဆိုပေမယ့် ဘဝ ဘဝက ရေစက်ကြောင့် ညီအစ်ကိုရင်းတွေလို ခင်တွယ်ခဲ့ရ၏။

ယခုဆို သူတို့အတူနေခဲ့တာ ဆယ်စုနှစ်တစ်ခုပင် ကျော်ခဲ့ ပြီမဟုတ်လား။

"ဘာပဲဖြစ်ဖြစ် မင်းနဲ့အတူ ခုလို ဇာတိမြေ ပြန်လာ ရတာ ငါဝမ်းသာတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ မရောက်တာကြာပြီလေ ကိုကြီးဆောင်"

ညို့မှိုင်းသော တောင်တန်းများကြားမှာ သူတို့ဇာတိမြို့လေးက အေးချမ်းတိတ်ဆိတ်နေ၏။ သူတို့ကား မြို့သို့ဝင်ချိန်မှာ ညနေမိုးချုပ်ဖြစ်သည်။

"ဆရာက ငါတို့ ခုလိုရက်တရက် ပြန်လာတာသိရင် ဘာများပြောမလဲ ခွန်မင်း"

ကိုကြီးဆောင်အသံက စိုးရိမ်ဟန်ပါနေ၏။ သူခပ်ဖျော့ဖျော့ပြုံးသည်။

"သူဝမ်းသာမှာပေါ့၊ ကျွန်တော်နဲ့ ဦးညီတို့ မတွေ့တာ ဘယ်လောက်ကြာပြီလဲ"

"အေးကွာ…မင်းကလည်း ရန်ကုန်မှာပဲ ပညာရေးတွေ တစ်ခုပြီးတစ်ခု ဆက်သင်နေရတော့ မွေးရပ်မြေကို ပြန်ဖို့တောင် အချိန်မရခဲ့ဘူး"

သည်နှစ်မှာပဲ သူက ဆရာဝန်ဘွဲ့ကို အောင်မြင်စွာ ရယူခဲ့၏။

"ဒေါက်တာခွန်မင်းဆက်"

ဟုတ်တယ်၊ ယခု သူသည် ဆရာဝန်ဘဝကို ရခဲ့ပြီ။



သူ ရန်ကုန်ရောက်ပြီးချိန်မှစကာ ဦးညီကသည် ကျောင်းပိတ်ရက်များမှာလည်း အိမ်ကိုအတတ်နိုင်ဆုံး မပြန်စေခဲ့ပေ။

သူ့အတွက် သင်တန်းတွေ တစ်ခုပြီးတစ်ခု စီစဉ်ကာ ကတ်စေ၏။ သို့သော် ရှစ်တန်းနှစ်မှာတော့ မိဘတွေအုတ်ဂူကို ကန်တော့ချင်တာမို့ ဦးညီအား ပြောပြီးပြန်ခဲ့သည်။

"ကျွန်တော် မှတ်မြောလို့ ရှစ်တန်းတုန်းက တစ်ခါ ပြန်ခဲ့ပေးတယ်လေ ကိုကြီးဆောင်၊ နောက်တစ်ခါ ဆယ်တန်းအောင် ဦးချိန်မှာ"

"အေး…ဟုတ်သားပဲ၊ အဲဒီကစပြီး တို့မပြန်ဖြစ်လိုက်တာ အခုဟာ တတိယအကြိမ်မြောက် ပြန်ခြင်းပဲကွ ခွန်မင်း"

"ဒီတစ်ခါတော့ ကျွန်တော့်မွေးရပ်မြေမှာ ကြာကြာနေနိုင်မှာပေါ့ ကိုကြီးဆောင်"

အရင်တုန်းကတော့ ဇာတိမြေမှာ သူ ခဏပဲနေနိုင်၏။ ချောင်းဖွင့်လို့ ပြန်သွားရတာမဟုတ်လား။ ဦးညီလည်း သူ ဒီမှာ ကြာကြာနေတာမျိုးမကြိုက်ပေ။

"မင်း ဒီကိုပြန်လာရင် အတိတ်ကအကြောင်းတွေ သတိရပြီး စိတ်ထိခိုက်မှာစိုးလို့ ဦးညီက ပြန်မလာစေချင်တာ၊ ရန်ကုန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆို ပညာတွေ တစ်ခုပြီးတစ်ခု သင်ယူရင်း မင်းဘဝကို တိုးတက်နိုင်တယ် ခွန်မင်း"

ထိုအကြောင်းပြချက်တစ်ခုနှင့်ပင် သူ ရန်ကုန်ပြန်ရတာများ၏။ အမှန်တော့လည်း ဦးညီပြောတာ မမှားပေ။

ရန်ကုန်မှာတော့ နေရာသစ်၊ ပတ်ဝန်းကျင်သစ်ဖြင့် သူငယ်ချင်းမိတ်ဆွေသစ်တွေ တိုးကာ ရင်နာစရာအဖြစ်တွေကို တော်ရုံတန်ရုံ မေ့ထားနိုင်၏။

ကျောင်းပိတ်ရက်တွေများမှာလည်း ရေကူးသင်တန်း၊ ဂျူဒို သင်တန်း၊ အင်္ဂလိပ်စပီကင်သင်တန်း စသည်ဖြင့် သူ့အတွက် အားချိန်မရပါ။

ဆယ်တန်းအောင်ပြီးချိန်တွင် မိဘနှစ်ပါးကို ကန်တော့ ရန် တစ်ခေါက်ပြန်ခဲ့၏။ ထိုစဉ်တုန်းကလည်း တစ်ခဏသာဖြစ် သည်။

ဆေးတက္ကသိုလ်တက်နေစဉ်မှာတော့ လုံးဝမပြန်ဖြစ်တော့ စာတွေများကာ သင်တန်းဝေါင်းစုံဖြင့် မအားလပ်တာကြောင့်လည်း ဖြစ်၏။

"တို့ ခုလို ရုတ်တရက်ပြန်လာတာကို ဆရာအပြင် နောက်



ထပ်အံ့ဩမယ့်သူ တစ်ယောက်ရှိသေးတယ်နော် ခွန်မင်း"

"ဘာလဲ ခင်မင်းညီလား"

"ဟား…ဟား ဒါပေါ့ကွာ၊ ခုချိန်ဆို အဲဒီချာတိတ်မ သည်း အတော်ကြီးရောပေါ့ ခွန်မင်း"

ခင်မင်းညီ…

ထိုအမည်ပိုင်ရှင် မိန်းကလေးကို သူစတွေ့ခဲ့တာက ဆယ်တန်းနှစ် ဇာတိမြေပြန်ချိန်မှာပါ။

"မင်း ဒီနှစ်ကျောင်းပိတ်ရက် ဘာလုပ်ချင်လဲ ခွန်မင်း"

ကိုကြီးဆောင်က သူ့ကိုကြည့်ကာ မေးခဲ့၏။ ယခုဆိုလျှင် သူသည် ဆယ်ကျော်သက်အရွယ် လူငယ်တစ်ယောက် ဖြစ်နေ ပြီ။

ကျန်းမာရေးကောင်းကာ အားကစားလိုက်ခြင်းတို့ကြောင့် သူသည် ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းကာ ချောမောသော ရုပ်ရည် ဖြင့် မြင်သူတိုင်းက ခင်မင်ကြ၏။

"ဒီနှစ်တော့ ကျွန်တော် ဇာတိပြန်ချင်တယ် ကိုကြီး ဆောင်"

"ဆရာက ကြိုက်ပါ့မလား ခွန်မင်း"

www.burmeseclassic.com

www.burmeseclassic.com



ဦးညီသဘောကတော့ သူ့ကို ရန်ကုန်မှာသာ နေစေလို၏။

"ဒီကိုမရောက်တာ သုံးနှစ်ရှိပြီ ကိုကြီးဆောင်၊ အနည်းဆုံး ဒက်ဒီနဲ့မာမီတို့ကို ကျွန်တော့်အနေနဲ့ တစ်ခေါက်လောက် ပြန်ကန်တော့သင့်တယ်လေ၊ ဦးညီကိုမပြောဘဲ ကျွန်တော်တို့ပြန်ကြတာပေါ့"

"ဖြစ်ပါ့မလား"

ကိုကြီးဆောင်ကတော့ ဦးညီဟာ ဆရာဖြစ်ခဲ့တာမို့ စဉ်းစားချင့်ချိန်ဟန်။

"ဘာကြောင့် မဖြစ်ရမှာလဲ ကိုကြီးဆောင်၊ ကျွန်တော့်အိမ် ကျွန်တော်ပြန်တာပဲ၊ ဦးညီစကားအတိုင်း ကျွန်တော်ဒီမှာနေခဲ့တာ ကြာပြီလေ"

"အေးကွာ…ဒါဆိုပြန်တာပေါ့"

နောက်ဆုံး ကိုကြီးဆောင်က သူ့သဘောလိုက်လျောသည်။ ဦးညီကို အသိမပေးဘဲပြန်ခဲ့တာမို့ သူတို့ပျော်ကြ၏။

သို့သော် ထုံးစံအတိုင်း ဇာတိမြေပြန်ရောက်တော့ ရင်ထဲမှာ မာမီနှင့်ဒက်ဒီကို သတိရကာ နာကျင်သွားရသည်။





သူသည် ရဲတိုက်ပမာ ခန့်ညားသော တိုက်ဆိုင်ခြံ သက်နေသည့် အိမ်ကြီးထဲသို့ဝင်လိုက်ချိန်မှာ…

"ဟင်"

ညင်သာတိုးသဲ့သော စန္ဒယားတီးသံ ထွက်ပေါ်လာတာကြောင့် အံ့ဩသွားရ၏။

ဘယ်သူလဲ…

ယောဒီအိမ်ကြီးထဲမှာ စန္ဒယားတီးမည့်လူဟူ၍ မာမီကလွဲပြီး တစ်ယောက်မှမရှိပေ။ သူ့စိတ်ထဲ ထင့်ခနဲဖြစ်သွား လျက် အိမ်ထဲအမြန်ဝင်လိုက်မိသည်။

ကြည့်စမ်း…စန္ဒယားခုံပေါ်မှာ သူ့ကိုကျောပေးထိုင်လျက် အဖြူရောင်ဂါဝန်ဝတ်လေးနှင့် မိန်းကလေးတစ်ယောက် အသက် အရွယ်အားဖြင့် ဆယ်နှစ်ဝန်းကျင်လောက်ရှိမည်။

ထိုမိန်းကလေးနားသို့ သူ ခပ်သွက်သွက်လျှောက်သွား မိသည်။

"ဟော့…ချာတိတ်မ၊ မင်းဘယ်သူလဲ"

"အဲ"

အနားကပ်မေးလိုက်သော သူ့အသံကြောင့် ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးလန့်သွားပုံ။

သူက မျက်မှောင်တွန့်ကာ သူမကိုကြည့်သည်။

"ပြောစမ်း မင်းဘယ်သူလဲဟင်၊ ဘာကြောင့် ဒီစန္ဒယား ခုံမှာ ထိုင်နေရတာလဲ၊ မင်းကို ဘယ်သူကတီးခွင့်ပေးလို့လဲဟင်"

"ကျွန်မ…ကျွန်မ"

ကောင်မလေးမှာ မျက်လုံးလေးဝိုင်းလျက် ဘာပြောရမှန်းမသိစဉ် အပေါ်ထပ်မှ ဆင်းလာသောခြေသံကြားရ၏။

သူ ဖျတ်ခနဲကြည့်လိုက်တော့ အပြင်ထွက်ခေည့်ဟန် ဖြင့် ဦးညို။

"သူက ဦးညိုရဲ့သမီးပဲ ခွန်မင်း၊ နာမည်က ခင်မင်းညိုတဲ့"

အေးဆေးစွာပြောလာသော ဦးညိုကြောင့် သူအံ့ဩသွား၏။

"ဗျာ…သူက ဦးညိုရဲ့သမီး ဟုတ်လား"

"အေး…ဟုတ်တယ်၊ အစက သမီးရဲ့အမေနဲ့ ဦးညိုက သဘောချင်းမတိုက်ဆိုင်လို့ ကွာရှင်းထားတာ၊ လွန်ခဲ့တဲ့နှစ် ကတော့ သမီးအမေ ရုတ်တရက်ဆုံးလို့ သမီးကို ဦးညို ပြန်ခေါ်ထားတာပဲ





ခွန်မင်း"

သူကတော့ ဦးညိုပြောတာ ရုတ်တရက် နားမလည် နိုင်သလိုပါပဲ။ သူတစ်သက်လုံး သိလာတာက ဦးညိုတွင် မိန်းမ ရှိပါ။ ယခု ဘယ်လိုဖြစ်တာပါလိမ့်။

"ဒါဆို ဦးညိုမှာ ဒီလိုသမီးတစ်ယောက်ရှိတယ်ဆိုတာ ဒက်ဒီတို့ မာမီတို့ သိသွားသလား"

"အစ်ကိုကြီးတို့ကတော့ ဘယ်သိပါ့မလဲ၊ ဒါကြောင့် ခင်မင်းရဲ့အမေကို ဦးညိုအနား ခေါ်မထားတာပဲ"

သူတို့ပြောသမျှ မျက်လုံးဝိုင်းလေးနှင့် နားထောင်နေ သူက ခင်မင်းညို။

"ဒက်ဒီ"

ခင်မင်းညိုက နေရာမှထကာ ဦးညိုဆီ ပြေး၏။

"သမီးကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဒက်ဒီပြောပြ ထားတဲ့ ရန်ကုန်မှာ ကျောင်းသွားတက်နေတဲ့ သမီးရဲ့ကိုကို ခွန်မင်း ဆက်ပဲကွယ်"

"ကိုကို…ဟုတ်လား"

သမီးရဲ့ကိုကိုတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားက သူ့ရင်ထဲ ခံစားမှုတင်ချိုး ဖြစ်စေသည်။ ယခုမှတွေ့ရသော ကောင်မလေးကို စိုက်ကြည့်မိ၏။

မျက်လုံးဝိုင်းလေးနှင့် ယုန်ဖြူမလေးလို လန့်နေပုံရသော ထိုကလေးမကို သူ လှိုက်လှဲစွာ ပြုံးပြလိုက်လေသည်။





## အခန်း (၆)

"ကျွန်တော့်မှာ မောင်နှမသားချင်းဆိုတာ မရှိတော့ ခင်မင်းညီကို တွေ့ချိန်မှာ ညီမတစ်ယောက်လို ခင်တွယ်မိခဲ့ တယ် ကိုကြီးဆောင်"

"ဒါပေါ့ကွာ…ဆရာက ထက်သလောက်၊ ခင်မင်းညီက အေးဆေးပြီး ချစ်စရာကောင်းပါတယ်"

"အခု ကျွန်တော်တို့ပြန်လာတာသိရင် သူဝမ်းသာမှာ ပဲ ကိုကြီးဆောင်"

သူပြုံးရင်း ပြောတော့ ကိုကြီးဆောင် ခေါင်းညိတ် ၏။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ကွာ၊ ဒါကြောင့် မင်းက ဟောဒီ ဝက်ဝံဖြူရုပ်ကြီး ဝယ်လာတာမဟုတ်လား"

"အဟွန်း…ဟွန်း ခုချိန်မှာ ခင်မင်းနဲ့ ကျွန်တော် မတွေ့ရတာအတော်ကြာလို့ ဘယ်အရွယ်ရှိနေမှန်းတော့ မသိ ဘူး၊ နောက်တစ်ခေါက် ကျွန်တော် ဆယ်တန်းအောင်တဲ့နှစ် မှာ ခင်မင်းနဲ့ မတွေ့ရဘူး၊ သူ့ကို မန္တလေးမှာ ကျောင်းသွား ထားလို့လေ၊ ခုတော့ ဘယ်အရွယ်ရှိမလဲတောင် မသိဘူး"

"ဒါပေမယ့် သေချာတာကတော့ ခုချိန်မှာ ခင်မင်း ညီဟာ အရွယ်ရောက်ပြီး မိန်းကလေးဖြစ်နေမှာကွ ခွန်မင်း"

"အင်း…ဒါလည်းဟုတ်တာပဲ ကိုကြီးဆောင်"

ပြောရင်း ခင်မင်းနှင့် စတွေ့သည့်အချိန်ကို သတိရ ၏။ ဦးညီ မိတ်ဆက်ပေး၍ ခင်မင်းက သူ့ကို ခင်မင်သည့် မျက်လုံးဝိုင်းလေးများဖြင့် ကြည့်လာ၏။

"ကိုကိုက…ခင်မင်းစန္ဒယားတီးတာကို မကြိုက်ဘူး လားဟင်"

ထိုအမေးကြောင့် သူအသာခေါင်းယမ်းပြလိုက်၏။ တကယ်တော့ ရုတ်တရက် ရင်ထဲမှာ မာမီ့ကို လွမ်းလွမ်းဆွတ်





ဆွတ် သတိရသွားလို့ပါ။

"နင့်ကို ရုတ်တရက်တွေ့ရတော့ ငါအံ့ဩသွားလို့ပါ ခင်မင်း"

"ကဲ…ကဲ ဒါဆို အခု တစ်ယောက်နဲ့တစ်ယောက် သိပြီမဟုတ်လား ခွန်မင်း၊ ဦးညီ အပြင်သွားစရာရှိလို့ အပြန် ကြမှ စကားပြောကြတာပေါ့"

"ဟုတ်ကဲ့"

ဦးညီက ခင်မင်းကို တစ်ချက်နှုတ်မဆက်ဘဲ ထွက် သွား၏။ မျက်နှာငယ်လေးနဲ့ ကျန်ရစ်တာက ခင်မင်း။

ကိုကြီးဆောင်က ခင်မင်းကို ကြည့်သည်။

"ကလေး ဒီရောက်တာကြာပြီလား"

"ဟင့်အင်း"

ခင်မင်း ခေါင်းလေးခါယမ်းပြ၏။ ခင်မင်းကြည့်ရ တာ ဦးညီနှင့် ပတ်သက်ပြီး အိမ်ရောက်လာတယ်ဆိုပေမယ့် ဘာမှသိဟန်မတူ။ သူ သက်ပြင်းချသည်။

"ခင်မင်း ဒီအိမ်မှာနေရတာ ပျော်ရဲ့လား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ရှတ်တရက် မဖြေတတ်ဟန်ဖြင့် မျက်လုံးဝိုင်းသွား၏။

"ခင်မင်းကြည့်ရတာ မပျော်ဘူးထင်တယ်၊ ဟုတ် လား"

"ဒီမှာက တောထဲကလို ယုန်တွေလည်း မရှိဘူး၊ ပန်းလေးတွေလည်း မခူးရဘူး ကိုကို"

တောက်ပသော မျက်ဝန်းလေးများဖြင့် ခင်မင်းက ခံစားချက်ဖြင့်ပြောလာသည်။ သေချာတာကတော့ ခင်မင်း မပျော်ဟန်ပင်။

"ဦးညီက ခင်မင်းလိုချင်တာတွေ မပေးဘူးလား"

"ဟင့်အင်း…ဒက်ဒီက ခင်မင်းကို စန္ဒယားသင်ခိုင်းတယ်၊ စာဖတ်ခိုင်းတယ်"

"ဩော်"

ကြည့်ရတာ ဦးညီ သင်ခိုင်းတာတွေကို ခင်မင်း ဝါသနာမပါပုံပင်။

"ခုကော စန္ဒယားကောင်းကောင်း တီးတတ်ပြီလား ကွ"

"သိပ်တော့ မတတ်သေးပါဘူး ကိုကို"

ခင်မင်းပြောတာ မှန်သည်။ စန္ဒယားကို ကောင်းမွန်





ကျွမ်းကျင်စွာ တီးနိုင်ဖို့ ခင်မင်း ကြိုးစားရဦးမည်ဖြစ်သည်။

"စန္ဒယားတီးတတ်အောင်လည်း ကိုကိုသင်ပေးမယ်၊ ပြီးတော့ ခင်မင်းလိုချင်တဲ့ ယုန်လေးတွေလည်း ဒီခြံထဲမှာ ထားမယ်၊ တောထဲသွားပြီး ကိုကိုနဲ့အတူ ပန်းတွေခူးကြတာ ပေါ့"

"ဟာ…တကယ်လား ကိုကို"

ကောင်မလေး ဝမ်းသာသွားပုံကိုကြည့်ပြီး ၃ပြုံး လိုက်သည်။ သူ့ကြောင့် တစ်စုံတစ်ယောက် စိတ်ချမ်းသာသွားတာ ကြည်နူးစရာမဟုတ်လား။

ကိုကြီးဆောင်က သူတို့နှစ်ယောက်ကို ပြုံးကြည့် သည်။

"ခွန်မင်းရေ…မင်းအတွက် မွေးစားညီမတစ်ယောက် ကောက်ရတာပေါ့ကွာ"

"ဟုတ်တယ် ကိုကြီးဆောင်"

တစ်ဦးတည်းသောသားဘဝမှာ မောင်နှမသားချင်း မရှိတာမို့ ခင်မင်းညီသည် သူ့အဖို့ ညီမငယ်တစ်ဦးပင်။

ထိုကျောင်းပိတ်ရက်များမှာ သူကတီပေးခဲ့တဲ့အတိုင်း ခင်မင်းညီကို စန္ဒယားသင်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဆောင် အကူအညီဖြင့် တောထဲမှယုန်လေး တွေဖမ်းကာ အိမ်မှာမွေးသည်။ ခင်မင်းညီက တောယုန်လေး တွေကို ပျော်ရွှင်စွာ ချူးဆော့သည်။

"ပျော်လား ခင်မင်း"

"သိပ်ပျော်တာပဲ ကိုကို"

အစိမ်းနုရောင် ဂါဝန်လေးက ခင်မင်း၏ ဖြူနုသော အသားနှင့် လိုက်ဖက်လှသည်။

အနက်ရောင်ဆံပင်လေးဝဲကာ ရယ်မောနေပုံက ဖြူစင်၍ ချစ်စရာ။

သေချာတာကတော့ ခင်မင်း၏ နူးညံ့သိမ်မွေ့သော ပုံစံသည် အမြဲတမ်း အေးစက်ကာ တင်းမာတတ်သည့် ဦးညီ နှင့် မတူခြင်းပင်။

"ကိုကြီးဆောင်"

"ဟေ"

"ကိုကြီးဆောင် ခင်မင်းရဲ့အမေကို မြင်ဖူးလား"

ကိုကြီးဆောင်က တစ်ချက်စဉ်းစားပြီး ခေါင်းခါယမ်း၏။



"မမြင်ဖူးဘူး ခွန်မင်း ဘာဖြစ်လို့လဲ"

"ဪ…ခင်မင်းက ဦးညီရဲ့သမီးဆိုပေမယ့် ဦးညီနဲ့ မတူလို့ပါ"

"ဟုတ်တယ် ခင်မင်းပုံစံက နူးညံ့တယ် ခွန်မင်း"

ကိုကြီးဆောင်လည်း သူ့လိုပဲ ခင်မင်းအပေါ် မြင်တာ ပါလားဟု သိလိုက်၏။

ဦးညီကတော့ သူပြန်လာခြင်းအတွက် ကြိုက်ဟန် မပြပေ။

"ဦးညီက မင်းကို ရန်ကုန်မှာနေခိုင်းတာ တိုးတက်စေ ချင်လို့ပဲ ခွန်မင်း၊ ဒါလည်း မရှိတော့ပြီဖြစ်တဲ့ အစ်ကိုကြီးတို့ ဆန္ဒ မဟုတ်လား"

"ကျွန်တော်သိပါတယ် ဦးညီ၊ ဒါပေမယ့် ဒက်ဒီနဲ့ မာမီတို့ အုတ်ဂူကို ကျွန်တော် မကန်တော့ရတာ ကြာပြီဖြစ် လို့ ပြန်လာတာပါ"

"အေးပေါ့လေ၊ အခု ရောက်လာမှတော့ ဦးညီ ဘာမှ မပြောလိုပါဘူး၊ ဒါပေမယ့် တက်စရာသင်တန်းတွေ ရှိသေး တယ်မဟုတ်လား၊ ဒီမှာ သိပ်မကြာစေနဲ့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက အလိုမကျပေမယ့် ဦးညီ စေတနာနှင့် ပြောတာပဲဟု အောက်မေ့လိုက်၏။

ဦးညီက ကိုကြီးဆောင်ဘက်လှည့်ကာ…

“ခင်းလည်း ကလေးအလိုသိပ်မလိုက်နဲ့ လှဆောင်”

“ဟုတ်ကဲ့ဆရာ”

ကိုကြီးဆောင်က သူ့ကို တစ်ချက်လှမ်းကြည့်၏။

“ကိုကြီးဆောင်မှာ အပြစ်မရှိပါဘူး ဦးညီ၊ ကျွန်တော် ခေါ်လို့ လိုက်လာတာပါ”

“ဘာပဲဖြစ်ဖြစ် မင်းအနားမှာ လူကြီးအဖြစ်ရှိတာ လှဆောင်ပဲလေ၊ သူပြောသင့်တာ ပြောရမှာပေါ့”

ဦးညီ အပြစ်တင်တော့ မျက်နှာပျက်တာ ကိုကြီး ဆောင်။ သူ စိတ်မကောင်းဖြစ်သွားသည်။

“အပြစ်တင်စရာရှိရင် ကျွန်တော့်ကိုပဲ အပြစ်တင်ပါ ဦးညီ”

“ဩော်…မင်းလည်း လှဆောင်အပေါ် အတော် သံယောဇဉ်တွယ်နေပြီကိုး၊ ကဲ…ကဲ ထားလိုက်တော့ မင်းဒီမှာ ရောက်တုန်း မိသားစုမီးပုံပွဲလေး ကျင်းပရမယ် ခွန်မင်း”



“ဟာ…ကောင်းတာပေါ့ ဦးညီ”

သူမပြန်ခင် နောက်ဆုံးညမှာ ခြံထဲတွင် မိသားစုမီးပုံ ပွဲလေး ကျင်းပ၏။ အလုပ်သမားတွေလည်း ပါဝင်တာမို့ စည်စည်ကားကားလေးပါပဲ။

ဦးညီက တောဝက်တစ်ကောင်လုံးကင်၊ ကြက်သား တောင်လုံးကင်၊ အသီးအရွက်နှင့် သောက်စရာများ စပါယ် ရှယ်လုပ်စေသည်။

ထိုပွဲမှာ ပျော်နေသူလေးက ခင်မင်း။ သူ့နားမှာသာ ရှိနေသည်။

“ကိုကို ဂစ်တာတီးပြီး သီချင်းဆိုပြ”

“ဟာ … မဆိုတတ်ပါဘူး၊ ခင်မင်း စန္ဒယားတီးပြီး ဆိုလေ”

“ဟင့်အင်း…ဟင့်အင်း ကိုကိုပဲ ဂစ်တာတီး”

အဖြူဆွတ်ဆွတ် ဂါဝန်လေးနှင့် ခင်မင်းသည် သရောင်အောက်မှာ ချစ်စရာကလေးငယ်ပါ။

“ဒါဆို… ခင်မင်းက သီချင်းဆို ဟုတ်လား”

“ဟုတ်တယ်လေ၊ ဒါမှလိုက်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဆောင်တို့က အားပေးသည်။ အလုပ်သမားတွေက စည်းဝါးလိုက်၏။ ထိုညက သူဂစ်တာတီး၍ ခင်မင်းသီချင်းဆိုသံက တစ်ခြံလုံး သာယာစွာ လွှမ်းမိုးသွား၏။

နောက်နေ့ သူပြန်တော့ ခင်မင်း မျက်ရည်လေးဝဲစွာ ကျန်ခဲ့လေသည်။ ထိုပုံရိပ်ကို သူ ခုထိမမေ့ပါလား။





ဆည်းဆာနေလုံးကြီးက အနောက်ဖက်တောင်တန်းများကြားသို့ ဝင်ရောက်နေပြီ။ ဖြာကျနေသော လိမ္မော်ရောင်ခြည်များက ပတ်ဝန်းကျင်ကို အလှဆုံး ဖန်တီးထား၏။

နှစ်တွေဘယ်လောက်ပြောင်းပါစေ၊ ဒီအရပ်၊ ဒီနယ်မြေသည် သူ့အတွက်တော့ အမြဲတမ်း နွေးထွေးစွာ ခံစားရ၏။

ယခုတစ်ခေါက် သူ၏အိမ်ကြီးကို အသစ်များဖြင့် ပြုပြင်ပြောင်းလဲထားသည်။

"ခွန်မင်း ဆရာက အိမ်ကိုပြုပြင်ထားတာပဲကွ"

ခြံပေါက်ရှေ့သို့ ကားရပ်လိုက်တာနှင့် ကိုကြီး ဆောင်က ရှမ်းမြင်နေရသော တိုက်ကြီး၏ သစ်လွင်မှုကို ကြည့်ကာပြောသည်။

"ဟုတ်တယ် ကိုကြီးဆောင်၊ ဦးညီ ဘာကြောင့် ဒီလိုပြောင်းလဲပစ်ချင်တာလည်းမသိဘူး၊ ကျွန်တော်ကတော့ ဒီအိမ်နဲ့

www.burmeseclassic.com



ဒီမြို့ကြီးကို ဒက်ဒီတို့ မာမီတို့ လက်ထက်ကအတိုင်းပဲ ထားဖေ

တယ်''

ဒါမှသာလျှင် သူ့အတွက် မိဘတွေ၏ ရင်ငွေ့ကို ပြ

နိုင်လိမ့်သလို ခံစားရမှာမဟုတ်လား။

''အေးကွာ''

ကိုကြီးဆောင်လည်း ဘာပြောရမှန်းမသိ။ တကယ်ဖေ

ဦးညီသည် ကိုကြီးဆောင်၏ ဆရာမဟုတ်လား။

ကြိုတင်ပြီး အကြောင်းမကြားထားတာမို့ သူတို့လာ

ဘယ်သူမှမသိ။ သူ လှေခါးဘဲလ်နှိပ်လိုက်၏။

ခဏအကြာတွင် အသားညိုညိုနှင့် ကျန်းမာရေးကော

ပုံရသော ခြံစောင့်ဖြစ်ဟန်တူသည့် လူတစ်ယောက် ထွက်

သည်။

''ဆရာတို့က…''

ထိုလူသစ်က သူတို့ကို သိဟန်မတူပေ။ ကိုကြီးဆောင်

မျက်မှောင်ကြီးတွန့်သွားသည်။

''ဟေ့…တံခါးမြန်မြန်ဖွင့်လေကွာ၊ ဒီအိမ်ကြီးရဲ့သ

လေး ခွန်မင်းဆက် ပြန်လာတယ်ဆိုတာ မင်းမသိဘူးလားကွ





''ဗျာ…သခင်လေး ခွန်မင်းဆက်''

''အေး…ဟုတ်တယ်''

ခြံစောင့်ကြီးမှာ သူ၏ခန့်ညားသားနားသော ပုံစံကိုကြည့်

ဗျာဗျာသလဲ တံခါးဖွင့်ပေးသည်။ ကိုကြီးဆောင်က ကားကို

သွင်း၏။

ကွန်ကရစ်လမ်းအတိုင်း မောင်းလာတာမို့ သူ ခြံကြီးတစ်ခု

ကို ကြည့်မိသည်။ သစ်ပင်ပန်းမာလာများဖြင့် စိမ်းစိုလှပကာ

ခင်းစိမ်းစိမ်းပေါ်မှ ခုံတန်းဖြူလေးများနှင့် သစ်လွင်သော

လေးကိုလည်း တွေ့ရသည်။ ပြီးတော့ ကျယ်ဝန်းသည့် ခြံထဲ

တပ်ဆောက်ထားသည့် အဖြူရောင် နှစ်ထပ်တိုက်တစ်လုံး၊

မှာ ခေတ်မီလှပကာ နေချင့်စဖွယ်ဖြစ်၏။

''သခင်လေးပြန်လာပြီ''

ထိုသတင်းက ခြံစောင့်ကြီးမှတစ်ဆင့် ရောက်ရှိသွား

ည်။ ကျယ်ဝန်းသော ဆင်ဝင်အောက်မှာ သူတို့ကား ရပ်သွား

နှင့် အလုပ်သမားတစ်ယောက် တံခါးပြေးလာဖွင့်ပေးသည်။

''သခင်လေးကို ကြိုဆိုပါတယ်''

သူခေါင်းတစ်ချက်ညိတ်ပြီး ကားပေါ်မှဆင်းကာ မားမော်

www.burmeseclassic.com

www.burmeseclassic.com



သော ခြေလှမ်းများဖြင့် အိမ်ကြီးထဲသို့ တစ်လှမ်းခြင်းဝင်ခဲ့၏။

ကြည့်စမ်း…အိမ်ကြီးထဲက အပြင်အဆင်တွေမှာ

အားလုံး နောက်ဆုံးပေါ် ခေတ်မီပစ္စည်းတို့ဖြင့် သစ်လွင်လှပ

ပါလား။

"ဦးညီ"

ယခုချိန်ထိ ဦးညီ၏ အရိပ်အယောင်ကို မတွေ့ရသေ

ပေ။ ပြီးတော့ ခင်မင်းညီ။ သူမကော ဒီအိမ်ကြီးမှာ ရှိသေးရဲ့လ

မသိ။

ထိုစဉ်မှာပင် ပြောင်လက်တောက်ပနေသော ကျွန်း

ကားကြီးပေါ်မှာ လူရိပ်တစ်ခုကို ဖျတ်ခနဲတွေ့ရ၏။ သူကြည့်လိုက်

တော့…

"ဟင်"

နက်မှောင်တောက်ပသော ဆံနွယ်များ ကျောလယ်တွ

ဖြန့်ဝဲလျက် အဖြူရောင်ဝတ်စုံလေးဖြင့် ဖြူနုလှပသော မိန်းကလေး

တစ်ယောက်။

သူကြည့်နေစဉ်မှာပင် သူမ တစ်လှမ်းချင်း ဆင်း

သည်။



"ကိုကို"

"ခင်မင်း"

ကြည့်စမ်း…သူ မတွေ့ခဲ့သည့် နှစ်တွေအတွင်းမှာ ခင်မင်း

ညီဟာ သိပ်ကိုပြောင်းလဲသွားပါလား။ သူ့မျက်ဝန်းထဲမှာ အရွယ်

ရောက်သေးသည့် ကလေးမတစ်ယောက် မဟုတ်တော့။

လှပတင့်တယ်သော မိန်းကလေးတစ်ယောက် ဖြစ်နေ၏။

"ကိုကို…ကိုကိုပြန်လာတယ်နော်"

မျက်လုံးလေးများ တောက်ပလျက် ပြုံးတာ ခင်မင်း

သည်။ သူက သူမကို ဖြည်းဖြည်းချင်း ခြေဆုံးခေါင်းဆုံး

ကြည့်ပြီးမှ ခေါင်းညိတ်၏။

"ဟုတ်တယ် ခင်မင်း၊ ကိုယ်ပြန်လာတာ ခင်မင်း

ဝမ်းသာတယ်မဟုတ်လား"

"အို…ဘယ်လိုမေးလိုက်တာလဲ ကိုကို၊ ကိုကို ရုတ်တ

ရက်ခုလိုပြန်လာတာ ခင်မင်း ဝမ်းသာတာပေါ့၊ ကိုကိုက ခနဲ့သွား

သလိုက်တာ"

ခင်မင်းက သူ့ကို သေချာကြည့်ကာ ပြောတာမို့ ပြုံးမိ၏။

"ခင်မင်းလည်း သိပ်လှသွားလာတာကိုး၊ အဟွန်း ကိုကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်မင်းကို ကလေးမလေးထင်ပြီး လက်ဆောင်ဝယ်လာတာ ဝက်ဝံရုပ်ကြီးဗျ''

''အို…ကောင်းတာပေါ့၊ ကိုကိုဝယ်ပေးတဲ့ပစ္စည်းဟာ ခင်မင်းအတွက် တန်ဖိုးရှိပါတယ်''

ထိုစဉ် ကိုကြီးဆောင် ရောက်လာ၏။ နောက်မှ အလုပ်သမားများက သူတို့သေတ္တာများဆွဲ၍ အပေါ်ထပ်ခန်းသို့ ပို့ကြသည်။

ကိုကြီးဆောင်က ချက်ချင်းဝင်…

''ဟော့…ခင်မင်း ညည်းနေကောင်းတယ်နော်''

''ဟုတ်ကဲ့ ဦးလေးဆောင်''

''ဟာ…ခင်ဗျားက ခင်မင်းကို ချက်ချင်းမှတ်မိတာပါလား ကိုကြီးဆောင်''

သူ အံ့ဩသလိုပြောတော့ ကိုကြီးဆောင် တဟားဟားရယ်၏။ ထို့နောက် သူ့လက်ထဲသို့ ဝက်ဝံရုပ်ကြီးထည့်ပေးသည်။

''မှတ်မိတာပေါ့ ခွန်မင်းရာ၊ ဟောဒီအိမ်ကြီးထဲမှာ မိန်းက လေးငယ်ငယ်ဆိုလို့ ခင်မင်းညီပဲရှိတာ၊ ပြီးတော့ သူ့ဘာသာ အပို ကြီးဆိုက် ဘယ်လောက်ဖမ်းဖမ်း ခင်မင်းငယ်ရုပ်က မပျောက်ပါ



ဘူးကွာ၊ ဟား…ဟား''

''ဟင်…ဦးလေးဆောင်ကလည်း''

ခင်မင်း၏မျက်နှာလေး နီသွားလျက် မျက်စောင်းထိုးသည်။

''ကဲ…ကဲ ခွန်မင်း၊ ကလေးအတွက် မင်းဝယ်လာတဲ့ ဝက်ဝံရုပ်ကြီး ပေးလိုက်ပါကွာ၊ ငါတော့ ဒေါ်ဖိုးခမ်းကို ဘာတွေ ချက်ထားလဲ သွားကြည့်ဦးမယ်''

ကိုကြီးဆောင်က ပြောပြောဆိုဆို ညှေ့ခန်းမှ ထွက်သွားသည်။ သူနှင့် ခင်မင်း နှစ်ယောက်တည်း ကျန်ခဲ့၏။

''ဆောရီး…ခင်မင်း ကိုယ်က ခင့်မင်းကို ကိုယ်နဲ့စတွေ့တဲ့ ချာတိတ်မပဲမြင်ပြီး ဒီအရုပ်ကြီးဝယ်လာတာ၊ ရော့''

''အို…သိပ်ချစ်စရာကောင်းတာပဲ ကိုကို၊ ခင်မင်း သိပ်ကြိုက်တာပဲ၊ ကျေးဇူးတင်ပါတယ် ကိုကို''

ဝမ်းသာအားရဟန်နှင့် သူမက ရှိုက်လှဲစွာပြောတော့ သူဝယ်လာရကျိုးနပ်သွား၏။

''ခင်မင်းကြိုက်တယ်ဆိုလို့ ကိုကိုကလည်း ဝမ်းသာပါ တယ်ကွာ၊ ဒါနဲ့ ဦးညီရော''

www.burmeseclassic.com



ဦးညီအကြောင်း မေးလိုက်တာနှင့် ခင်မင်းမျက်နှာ ရုတ်တရက်ပျက်သွား၏။ ပြီးမှ…

"ဟို…အပြင်သွားပါတယ် ကိုကို"

"သြော်"

သူထင်တဲ့အတိုင်းပဲမို့ ဘာမှမထူးဆန်းပေ။ သူက ပြောင်းလဲနေသော ဧည့်ခန်းကြီးကို လှည့်ပတ်ကြည့်သည်။

"ဒါတွေအားလုံး ခင်မင်းလက်ရာတွေလားကွ"

ဖျတ်ခနဲ ခင်မင်းဘက်လှည့်ကာ ပြုံး၍မေးလိုက်၏။ ခင်မင်းက စိုးရိမ်ဟန်မျက်နှာလေးနှင့် ကြည့်ကာ…

"ကိုကို မကြိုက်ဘူးလားဟင်"

"သြော်…ကြိုက်ပါတယ် ခင်မင်း၊ ဒါပေမယ့် မာမီ့လက်ရာတွေ ပျောက်သွားသလိုခံစားရတော့ စိတ်မကောင်းဖြစ်မိတယ်"

ထိုစကားကြောင့် ခင်မင်း မျက်လွှာချ၏။

"ကိုကို့ကို မတိုင်ပင်ဘဲလုပ်မိတာ တောင်းပန်ပါတယ်"

"ဟာ…မလိုပါဘူး၊ အသစ်မြင်တော့လည်း စိတ်ထဲလန်းလန်းဆန်းဆန်း ခံစားရတာပေါ့ ခင်မင်း"





"ဘာပဲဖြစ်ဖြစ် ကိုကို့မာမီလက်ရာတွေတော့ ကိုကို နှမြောမှာပေါ့နော်"

သူ့ကို စိတ်မကောင်းသလို ကြည့်ကာ ခင်မင်းပြောသည်။ သူချက်ချင်းမဖြေဘဲ သက်ပြင်းချ၏။ နောက်မှပြုံးကာ…

"မာမီ့လက်ရာတွေဟာ ကိုကို့ရင်ထဲ တစ်သက်လုံးရှိနေမှာပါကွာ၊ ခင်မင်းလုပ်တာပဲ ကိုကို အပြစ်ပြောစရာမရှိပါဘူး"

"ကိုကိုရယ်"

ခင်မင်းက သူ့ကို လှပသောမျက်လုံးဝိုင်းလေးများဖြင့် ခပ်ငေးငေးကြည့်၏။ နောက်တော့ တိုးဖျော့စွာပြောသည်။

"ဒါတွေပြင်ဆင်တာ ခင်မင်းမဟုတ်ပါဘူး ကိုကို၊ ဒက်ဒီပါ"

"ဟင်"

"ဒက်ဒီက အားလုံးကို သူ့စိတ်ကြိုက် ပြုပြင်ဖန်တီးထားတာပါ ကိုကို"

ထိုစကားပြောနေစဉ် ခင်မင်းအသံသည် အနည်းငယ်ခြောက်သွေ့နေသည်ဟု သူထင်၏။

သို့သော် ဦးညီသည် တစ်သက်လုံး သူ့ကို ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ခဲ့၏။ ယခုလည်း ဒီအိမ်ကြီးကောင်းဖို့လုပ်တာမို့ သူ့အပြစ်တင်၍မရပေ။

ဒါပေမယ့် ဦးညီအနေနှင့် ဒက်ဒီ၊ မာမီတို့လက်ရာများကို ပြင်လိုလျှင် သူ့ကိုတော့ အနည်းငယ် လှမ်းတိုင်ပင်သင့်သည်ဟု ထင်၏။

"ဒက်ဒီ့ကို စိတ်ဆိုးလား ကိုကို"

"ဟာ…ဘာကြောင့်စိတ်ဆိုးရမှာလဲ ခင်မင်း၊ တကယ်တော့ ဦးညီက ကောင်းဖို့လုပ်တာပဲ၊ ကြည့်စမ်း ခုလည်း ကိုကို့တိုက်ကြီးတစ်ခုလုံး ဘယ်လောက်လှပခန့်ညားသလဲဟင် ခင်မင်း"

ဘာမှမဖြစ်ဟန် သူပြုံးကာပြောတော့မှ ခင်မင်း စိတ်သက်သာစွာ သက်ပြင်းချ၏။ ထို့နောက် သူ့ကို ပြုံးပြုံးလေးကြည့်သည်။

"တော်သေးတာပေါ့ ကိုကိုရယ်၊ ခင်မင်းကလေ ကိုကို စိတ်ဆိုးမှာကြောက်တာ၊ တကယ်တော့ ကိုကိုက ဒီအိမ်ပိုင်ရှင်ကြီး မဟုတ်လား"

"ဒီလိုမပြောပါနဲ့ ခင်မင်းရယ်၊ ကိုကို့ရဲ့အိမ်ကြီးဆိုပေမယ့် ဦးညီနဲ့ ခင်မင်းဆိုတာကလည်း ကိုကို့မိသားစုပဲကွ၊ ဒီတော့ အတူတူပေါ့"



ခင်မင်း ခေါင်းလေးကို အသာပုတ်၍ သူပြုံးကာပြောလိုက်၏။

"အဟင်း…ကိုကိုက ရုပ်ချောသလောကောင်းတယ်နော်၊ ကိုကို့မှာ ရည်းစားတွေ အများကြီးရှိမှာပေါ့"

"ကြည့်စမ်း…ကောင်မလေး ဘာတွေလျှောက်မေးနေတာလဲ၊ ကဲ…လာ ကိုကို့နဲ့အတူ လက်ဖက်ရည်သောက်ရအောင်"

"အို…ဟုတ်သားပဲ၊ ကိုကို ခရီးပန်းလာတာ ခင်မင်းက အလိုက်မသိ စကားတွေပြောမိတယ်၊ ဗိုက်လည်း အတော်ဆာနေမှာပဲနော်"

"ဒီလောက်လည်းမဟုတ်ပါဘူးဗျာ၊ ရပါတယ်"

နှစ်ယောက်သား ထမင်းစားခန်းထဲ ဝင်ခဲ့ကြ၏။ အဖြူရောင် ကြွေပြားများ ကပ်ထားသော ထမင်းစားခန်းမှာလည်း အရောင်မှိန်းမှိန်းမပြင်ဆင်ထားတာကြောင့် သန့်ရှင်းလှပသပ်ရပ်နေသည်။

"ဟော့…ခွန်မင်း လာကွာ ငါတော့ ဆာလို့အုပ်ပြီ"

"စားပါဗျာ၊ ရပါတယ်"

ကိုကြီးဆောင်က စားပွဲပေါ်မှ ဟင်းချိုပွပွကို အားပါးတရသောက်၏။ သူတို့ဝင်လာတော့ ကိုကြီးဆောင် ထမင်းစားတာပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြီ။

"စားလို့ကောင်းလိုက်တာကွာ၊ ဒေါ်ပိုးခမ်းရဲ့လက်ရာတွေ မစားရတာကြာလို့လား မသိဘူး"

ဒေသထွက်သီးနှံများဖြင့် ထမင်းပွဲမှာ စိမ်းစိုလတ်ဆတ်နေသည်။

"သခင်လေးအတွက် ထမင်းပွဲ ပြင်ပေးရမလားကွယ့်"

"ကျွန်တော် မဆာသေးဘူး၊ လောလောဆယ် ကော်ဖီပဲ ပေးပါ ကြီးခမ်း"

"ဟုတ်ကဲ့"

စကားနည်းကာ အေးဆေးစွာနေတတ်သည့် ဒေါ်ပိုးခမ်းက လှည့်ထွက်၏။ ခဏကြာမှာ နပ်ထားသောကော်ဖီအိုး၊ သကြားခွက်၊ နို့ခွက် စသည်ဖြင့် စားပွဲပေါ်ရောက်လာသည်။

ကြည့်စမ်း…ပြင်တာဆင်တာကအစ အရင်လိုမဟုတ်ဘဲ မိုလ်ဆန်နေပါလား။

၇၊၇



"မင်း ခုလိုပြန်လာတာတော့ ဦးညီ ဝမ်းသာပါတယ် ခွန်မင်း၊ ဒါပေမယ့် ဒီကိုပြန်လာမယ့်အကြောင်း ဦးညီကို ကြိုအသိပေးသင့်တာပေါ့၊ ဒါဆို ဦးညီက မင်းကို အိမ်မှာ အသင့်ကြိုမနေရဘူးလား"

ဦးညီ ပြန်လာချိန်က မိုးချုပ်မှဖြစ်၏။ သူ့ကိုတွေ့တော့ ရုတ်တရက် ဦးညီ အံ့သြသွားသည်။

"ဟင်…ခွန်မင်းပါလား၊ ဘယ်တုန်းကရောက်လဲကွ"

"ကျွန်တော် ညနေကပဲ ရောက်ပါတယ် ဦးညီ"

"အေးကွာ…ဦးညီလည်း တစ်နေ့တစ်နေ့ စီးပွားရေးကိစ္စအတွက် အပြင်ထွက်နေရတာနဲ့ အချိန်ကုန်တယ်၊ ခင်မင်းနဲ့ကော တွေ့ပြီးပြီလား"

"ဟုတ်ကဲ့"

ထိုအချိန် ခင်မင်း ထွက်လာသည်။ ဦးညီက ဖျတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကာ…

"သမီးကလည်း ခွန်မင်းကို တစ်ယောက်တည်း ဘာကြောင့် ထားရတာလဲ၊ စကားလေးဘာလေး ပြောမှပေါ့ကွ"

"ကိုကိုနဲ့သမီး ကိုကိုရောက်ကတည်းက စကားပြော[illegible] တာပါ၊ ဒက်ဒီသာ ခုမှပြန်လာပြီးတော့"

ပြောရင်း ခင်မင်းက ဦးညီကို မသိမသာ မျက်စောင်း လေးထိုး၏။

"ညည်းကလုပ်ပြီ၊ ကိုယ့်အဖေ ဘယ်လိုကြိုးစားလု[illegible] ကိုင်နေတယ်ဆိုတာ မသိဘူး၊ ဒီလိုပဲ ခွန်မင်းရေ ခုတလော ခြေ[illegible] ကလည်း ပိုးကျများတာနဲ့ အရောင်းအဝယ်ကလည်းပါးနဲ့ စီးပွ[illegible] ရှာရတာ မလွယ်လှဘူးကွာ"

သည်လိုကြတော့လည်း သူ စိတ်မကောင်းဖြစ်ရ၏။ ဦးည[illegible] မှာ သူ၏စားဝတ်နေရေး၊ ပညာရေးအတွက် မပူပင်အော[illegible] ထောက်ပံ့ပေးထားတာ မဟုတ်လား။

"အို…ဒက်ဒီကလည်း ကိုကို့ကို ညည်းပြမနေပါနဲ့"

"ကျွန်တော်လည်း ခုဆို ကျောင်းပြီးပြီဆိုတော့ ဦးညီ[illegible] တတ်နိုင်သမျှ ကူညီမှာပါ"





သူစာနာစွာပြောမိ၏။ သို့သော် ထိုစကားကို ဦးညီက လုံးဝလက်မခံပေ။

"ဟာ…မဖြစ်ဘူး ခွန်မင်း၊ ဦးညီက မင်းကို နိုင်ငံခြားမှာ ပညာသင်လွှတ်ဖို့ စီစဉ်ထားတာကွ"

"ဦးညီစေတနာကိုတော့ လေးစားပါတယ်၊ ဒါပေမယ့် ဦးညီလည်း စီးပွားရေးမကောင်းတော့ ကျွန်တော် နိုင်ငံခြားမသွားတော့ပါဘူး"

တကယ်ပဲ သူစေတနာနှင့်ပြောခြင်းဖြစ်၏။ သူတစ်သက်လုံး ဦးညီကို ခိုင်းလာခဲ့တာပဲ။ အမှန်တော့ ဒါတွေဟာ သူကိုယ်တိုင် ဦးဆောင်ရမယ့်လုပ်ငန်းတွေ။

"ငွေရေးကြေးရေးက မင်းတွေးစရာမလိုပါဘူး ခွန်မင်းရယ်၊ ဒါတွေက ဦးညီတာဝန်ပါ၊ ပညာရေးဘက်မှာ အစ်ကိုကြီးနဲ့ အစ်မကြီးတို့က မင်းကို အမြင့်ဆုံးဖြစ်စေချင်တာ မဟုတ်လား၊ စီးပွားရေးမပြေလည်တာက ခဏပါကွာ"

သူ့ပခုံးကိုပုတ်ကာ ဦးညီ ပြောသည်။

"ဦးညီကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဆုံးဖြတ်ပြီးပြီ၊ ဒီမှာပဲ ကျွန်တော်အလုပ်ဝင်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရုတ်တရက် သူ့စကားကြောင့် ဦးညီ မျက်နှာပျက်သွား သည်။ ထို့နောက် ချက်ချင်းပင်...

"ကဲပါလေ...ဒါတွေနောက်မှစဉ်းစားကြတာပေါ့၊ သမီး ရေ ခေါ်ပိုးခမ်းကို ထမင်းပွဲပြင်ခိုင်းလိုက်၊ တို့မိသားစုဆုံတုန်း ညစာ အတူစားကြရအောင်"

"ဟင်...ဒက်ဒီ ခုထိ ညစာမစားခဲ့ရသေးဘူးလား"

ခင်မင်းက ဦးညီကို အံ့သြသလိုပြန်မေး၏။ ဦးညီ မျက်နှ ပျက်ကာ...

"ဟော့...မစားရသေးလို့ ပြောတာပေါ့ကွယ်၊ ဒီလောက် အလုပ်များနေတာ ဘယ်ကစားရမှာလဲ၊ ကဲ...သွားပြော"

"ဟုတ်ကဲ့"

သည်တော့လည်း ရိုကျိုးစွာဖြင့် ခင်မင်း လှည့်ထွက်သွား ၏။ သူတို့သားအဖကိုကြည့်ပြီး သူ သက်ပြင်းကြိတ်ချမိသည်။

ခေါ်ပိုးခမ်းလက်ရာဖြင့် သူတို့ ညစာစားကြသည်။ ဦးညီ က သူ့ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေး၏။

"ရပါတယ် ဦးညီ၊ ကျွန်တော့်ဘာသာ ယူစားပါ့မယ်"





"ရောက်တုန်း ခေါ်ပိုးခမ်းလက်ရာတွေ အားရပါးရစား ခမ်းပါကွာ၊ သမီး...သမီးအစ်ကိုပန်းကန်ထဲ ဟင်းထည့်ပေးလေ"

"ဟုတ်ကဲ့ ဒက်ဒီ"

ဦးညီပြောမှ ခင်မင်းက သူ့ပန်းကန်ထဲ ဟင်းခပ်ထည့်ပေး ၏။ ဖြစ်ချင်တော့ ခင်မင်းထည့်ပေးတာက အသည်းဖတ်။

"ဟင်"

"အို"

သူနှင့်ခင်မင်း တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဆုံ၏။ ဖြူနုသော ခင်မင်းမျက်နှာလေး မသိမသာရဲကာ မျက်လွှာ ချသွားသည်။ သူကိုယ်တိုင်လည်း ရင်ထဲဘာလိုလို။

"လှဆောင် မင်းကိုလည်း ငါမှာထားတယ် မဟုတ် လား၊ သွားမယ်လာမယ်ဆို ကြိုတင်အကြောင်းကြားပါလို့"

"ကျွန်တော်..."

ကိုကြီးဆောင်ကို သူလက်ပြတားလိုက်၏။ သူပဲ ကြားမှ င်ပြောလိုက်သည်။

"ဦးညီ အကြောင်းကြားနေရင် အလုပ်ပိုမှာစိုးလို့ ကျွန်တော် ကိုကြီးဆောင်ကို ဘာမှမပြောခိုင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“မင်း ဒီကိုပြန်လာတာ ဦးညီ ဝမ်းသာပါတယ်၊ ဒါ
မယ့် ပြန်လာမယ့်အကြောင်း ဦးညီကို ကြိုပြီးအသိပေးသင့်
ပေါ့၊ ဒါဆို ဦးညီက အိမ်မှာအသင့်ကြိုမနေရဘူးလား”

သူပြန်မယ်ဆိုတာ ကြိုပြီးမပြောမိသည့်အတွက် အ
ပြန်ဖြစ်ရ၏။

“ကျွန်တော်က ဧည့်သည်မှမဟုတ်တဲ့ ဦးညီ၊ ကိုယ့်
ကိုယ်ပြန်တာပဲ၊ ဦးညီမရှိလည်း ကျွန်တော်နားလည်နိုင်တာပဲ”

“ဟုတ်ပါတယ် ဆရာ၊ ခွန်မင်းက အထူးကြိုနေရအေ
ဧည့်သည်မှမဟုတ်ဘဲ ရပါတယ်ခင်ဗျာ”

ကိုကြီးဆောင်ကပါ သူ့ဘက်မှ ဝင်ထောက်ခံ၏။ ဦး
မျက်နှာ မကြိုက်ဟန်ဖြင့် တင်းခနဲဖြစ်သွားသည်။

“ငါက အိမ်ရှင်ဧည့်သည် ခွဲခြားနေတာမဟုတ်
ဒီလောက်နှစ်ကြာမှ ပြန်လာတဲ့ ခွန်မင်းကို အထူးကြိုနေချင်
လှဆောင်”

“အို…ဒက်ဒီရယ် ဒါများ ဘာခက်လို့ ကိုကိုပြန်လာ
အထိမ်းအမှတ်နဲ့ မိတ်ဆွေတချို့ဖိတ်ပြီး ပါတီလေးလုပ်ပေး
ပေါ့၊ မဟုတ်ဘူးလား ကိုကို”





ကြားထဲမှ ခင်မင်းက ဝင်ရောက်အကြံပေး၏။ သူက
ခေါင်းခါမည်လုပ်စဉ်…

“ဟာ…ဒါသိပ်ကောင်းတဲ့အစီအစဉ်ပေါ့ဗျာ၊ ကျွန်တော်
လည်း ဒီနယ်မြေနဲ့ ဝေးကွာတာ ကြာပြီဆိုတော့ အားလုံး
ဆုံစည်းသင့်တာပေါ့ဗျာ၊ ဟုတ်တယ်နော် ခွန်မင်း”

“ဗျာ…အင်း”

ကိုကြီးဆောင်စကားကို သူ ယောင်ရမ်းခေါင်းညိတ်မိ၏။

“ကဲ…ဒက်ဒီ အားလုံးက သဘောတူနေပြီ၊ ဒက်ဒီကြို
တဲ့ အထူးပွဲလေး စီစဉ်လိုက်တော့”

“အင်း…အင်းပေါ့လေ ခွန်မင်းလည်း သဘောတူမှတော့
ပေးရမှာပေါ့”

သို့သော် ဦးညီအသံက စိတ်မပါသလိုဟု သူထင်မိ၏။
ပျော်အပါးမက်သော ကိုကြီးဆောင်ကတော့ ပါတီပွဲလုပ်ပေးမည်
ကြိုတင်ပျော်မြူးနေသည်။

ထမင်းစားပြီးတာနှင့် လူစုခွဲ၏။ သူနှင့် ခင်မင်း ခြံထဲဆင်း
ကြသည်။

“ကိုကို”

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ပါတီပွဲလုပ်မှာ မပျော်ဘူးလား"

ထိုအမေးကြောင့် သူငြိမ်သွား၏။ မှန်တာပြောရရင် ဒက်ဒီမာမီတို့မရှိကတည်းက သူ့ရင်ထဲမှာ အပျော်မရှိပေ။

"ဒီလိုပါပဲ ခင်မင်း"

"ဟင်...ကိုကို့အဖြေကြီးကလည်း"

သူ့အဖြေကို ခင်မင်း သဘောမကျဟန်နှင့် မျက်မှောင်လေးတွန့်၏။ သူပြုံးကာ...

"ခင်မင်းကော ပါတီပွဲလုပ်မှာ ပျော်လား"

"အင်း...အဟင်း ပျော်တာပေါ့ ကိုကို၊ ကိုကို့နဲ့ ပြန်ဆုံရတဲ့ပွဲပဲ"

သူ့ထက်စာလျှင် ငယ်ရွယ်သေးသော ခင်မင်းသည် ပျော်တာမဆန်းပေ။ သည်နှစ် အိမ်မှာ ခင်မင်းကိုတွေ့ရတာ သူ့အတွက် စိုပြည်သလိုပါပဲ။

"အဟွန်း...ကိုကိုလည်း ခင်မင်းပျော်တယ်ဆိုရင် ပျော်ရမှာပေါ့"

"ဒါပေါ့ကိုကို၊ ကိုကို့အတွက် လုပ်ပေးတဲ့ပွဲပဲ၊ အဲဒီရ



ကြရင် ကိုကိုက သိပ်ချောမောခန့်ညားမှာ"

"ဟောဗျာ...ခုကော"

"အဟင်း...ခုလည်း ချောပါတယ်တဲ့ရှင်၊ ကဲ ကျေနပ်ပြီလား"

"အဟွန်း...ဟွန်း"

လရောင်အောက်မှာ သူတို့နှစ်ဦး ရယ်သံက ပန်းလေးတွေနှင့် လေညှင်းကိုပင် ပျော်စေ၏။

www.burmeseclassic.com



ခြံထဲမှာ ဂစ်တာသံတွေ ဆူညံနေ၏။ မီးပုံပွဲမှ ကောင်လုံး ကင်ရုံ့များ ထွက်နေသည်။ စားစရာသောက်စရာများက အသင့်။

ညမှောင်လာတာနှင့်အမျှ ခြံထဲက ထင်းရှူးပင်လေးများပေါ် ရှိ ရောင်စုံမီးတို့က တဖျပ်ဖျပ်လက်လျက်။

"ဟာ…ကိုကိုက ချောလိုက်တာ"

အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် သူ့ကိုတွေ့တော့ ခင်မင်းက လိုက်လှဲစွာပြုံး၍ ပြောသည်။ သူပြုံးကာ…

"အဟွန်း…ခင်မင်းလည်း လှတာပါပဲဗျာ"

"အို"

တကယ်ပဲ ခင်မင်းကိုယ်တိုင်ကလည်း နက်မှောင်သော ဆံနွယ်လေးများ ဖြာကျလျက် အဖြူရောင် ဂါဝန်ရှည်လေးဖြင့် ချောမောလှပနေသည်။

"ဟော့…အဆင်သင့်ဖြစ်ပြီလား"



"ဟာ…ကိုကြီးဆောင်ကလည်း တယ်ခန့်နေပါလားဗျ"

ဘောင်းဘီရှည်၊ စပို့ရှပ်နှင့် ကိုကြီးဆောင်က သူပြော တော့ ဘာသာင့်ကြည့်၏။ ထို့နောက် သွားကြီးဖြဲကာ…

"အဟဲ…တကယ်လားကွ၊ ငါက ဒါတွေနဲ့ မလိုက်ဘူး ဒင်နေတာ"

"ဘာကြောင့် မလိုက်ရမှာလဲ ဦးလေးဆောင်ရဲ့၊ တောင်းမှာအကွပ် လူမှအဝတ်တဲ့၊ ခုဆို ကြည့်ပါဦး ဦးလေးဆောင် ဘယ်လောက်နုသွားလဲ"

ခင်မင်းကပါ ဝင်ပြောတာမို့ ကိုကြီးဆောင်တစ်ယောက် ါးစပ်မစေ့တော့ပေ။ မကြာခင် ဦးညီ ရောက်လာသည်။

"ဟော…ခွန်မင်းတောင် အသင့်ဖြစ်နေပြီပဲ၊ ကဲ…ကဲ သာ အခမ်းအနားစတော့မယ်၊ သမီးက ခွန်မင်းဘေးမှာထိုင်"

"ကျွန်တော်ကော ဆရာ"

ကိုကြီးဆောင် ဝင်မေးတော့ ဦးညီ မျက်မှောင်တွန့်သည်။

"မင်းက ငါ့နောက်မှာထိုင်"

"ဗျာ…ဟုတ်ကဲ့"

မသိမသာ ရှုံ့မဲ့သွားသည့် ကိုကြီးဆောင် မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ခင်မင်းကြည့်ပြီး ရယ်ချင်မိသွားရ၏။ သို့သော် ဦးညီ ရှိနေတာမို့ မုသိချင်ဟန်ဆောင်ကာ ထွက်လာခဲ့သည်။

မြက်ခင်းစိမ်းပါတီဟု ပြောရလျှင် မမှားပေ။ ခင်မင်းရင်းနှီးသူတချို့သာ ဖိတ်ထားတယ်ဟု ကိုကြီးဆောင် ပြော၏။ သူကတော့ ဒီနယ်မြေနှင့် ကွဲကွာခဲ့သည့်အတွက် ထိုလူစုကိုမသိပါ။

"အဟမ်း...ခုချိန်ကစပြီး အခမ်းအနား စတင်ပါတော့မယ်ခင်ဗျာ"

ဦးညီက စင်ပေါ်တက်သွား၏။

"အားလုံးမင်္ဂလာပါခင်ဗျာ၊ အခု ကျွန်တော်ပြောချင်တာကတော့ ဒီပါတီပွဲလေးကို ကျွန်တော့်ရဲ့တူ ဒေါက်တာခွန်မင်းဆက် ပြန်လာတဲ့အထိမ်းအမှတ်နဲ့ ကြိုဆိုနှုတ်ဆက်ပွဲပါခင်ဗျာ၊ ကြွရောက်လာသော လူကြီးမင်းအပေါင်းတို့ ကျွန်တော့်တူ ဒေါက်တာခွန်မင်းဆက်နဲ့ မိတ်ဆက်ပေးပါရစေ"

ဦးညီက သူ့ကိုလှမ်းခေါ်၏။ သူ စင်ပေါ်တက်သွားလျက် အားလုံးကိုနှုတ်ဆက်သည်။

"ကြွရောက်လာတဲ့ လူကြီးမင်းအပေါင်းကို လေးစားပါတယ်၊ ကျွန်တော် ဒေါက်တာခွန်မင်းဆက်ပါခင်ဗျာ"





"ဟယ်...ချောလိုက်တာ"

"ဟုတ်ပါ့ဟယ်...ခန့်လည်းခန့်တယ်"

သူနှုတ်ဆက်စကားအဆုံး လက်ခုပ်သံတွေ ဆူညံသွား၏။ မိန်းမတစ်သိုက်ကတော့ သူ့ကိုကြည့်ကာ ချီးကျူးဝေဖန်သံတွေ။

ဒါတွေကြားရတာက ခင်မင်းတို့မိန်းမတွေကို ခင်မင်းသေိမသာ မျက်စောင်းထိုးမိ၏။

သို့သော် သူမကိုယ်တိုင်က အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ချောမောခန့်ညားသည့် ကိုကိုကမှ မျက်လုံးမလွှဲမိပေ။

မကြာခင် ကိုကို စင်ပေါ်မှဆင်းလာ၏။

"အို"

ကြည့်စမ်းပါဦး...ကိုကို့နားမှာ လူတွေဝိုင်းအုံလို့။ အထူးသဖြင့် မိန်းမတွေလေ။ စောစောက ကိုကို့ဆီ အပြေးသွားမည့် ခင်မင်းခြေလှမ်းတွေ ရပ်သွားရ၏။ လူတွေကြားထဲမှာ ပြုံးနေသည့် ကိုကို့ကို တစ်ချက်ကြည့်ပြီး ခင်မင်း ကျောခိုင်းခဲ့သည်။

ကိုကို...

ခြံထဲက ခုံတန်းဖြူလေးမှာ တစ်ယောက်တည်းထိုင်ပြီး ထမင်းကို ငေးကြည့်လျက် ကိုကို့အား တမ်းတမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းဘဝမှာ ကိုကို့ကိုစတွေ့တဲ့နေ့ကို အမှတ်ရမိသည်။ အရင်တုန်းကတောထဲမှာ အမေနဲ့ နှစ်ယောက်သာနေခဲ့ရသည့် သူမဘဝ၊ အမေမရှိ၍ အားငယ်နေချိန်မှာ အဖေရောက်လာ၏။

ဒါပေမယ့် အဖေသည် သူမအပေါ်တွင် နွေးထွေးကြင်နာမှုမရှိဟု ထင်၏။ ပစ္စည်းဥစ္စာနှင့် ပတ်သက်လျှင် သူမကို ပြည့်စုံအောင် ထားပေမယ့် ရင်ထဲကလာသော မေတ္တာပေးမှုက နည်းပါးလှသည်။

ကိုကိုနဲ့တွေ့တော့ ဒီလိုမဟုတ်။ ကိုကို့မျက်ဝန်းတွေက နွေးထွေးနူးညံ့နေ၏။ သူမရင်ထဲ ကိုကို့ကို မြင်မြင်ချင်း ခင်မင်ခဲ့တာပါ။

"ခင်မင်း"

"ဟင်...ကိုကို"

ကိုကို့အကြောင်းတွေးနေစဉ် ရောက်လာတာပါလား။ ကိုကိုက သူမကိုငုံ့ကြည့်၏။

"ခင်မင်း...ဘာကြောင့် ဒီမှာတစ်ယောက်တည်း လာထိုင်နေတာလဲဟင်"

"ဩော်...ဒါလား ဟို...ခင်မင်းခေါင်းထဲက ငြီးစီစီဖြစ်





တာနဲ့"

အမှန်ကို သူမ မပြောဖြစ်ပေ။ ကိုကိုက နားလည်ဟန်ဖြင့် ခေါင်းညိတ်သည်။

"ဟုတ်တယ် ...ကိုကိုတောင် လူတွေများလို့ ခေါင်းထဲ ငြီးလာတာနဲ့ အပြင်ထွက်ခဲ့တာ၊ ပြီးတော့ ခင်မင်းကို လိုက်ရှာရင်းလေ"

သူပြောရင်း ခင်မင်းဘေးမှာ ဝင်ထိုင်၏။ ကိုကို့ထံမှ အပျော့စားအယ်ကိုဟောရနံ့ လေနှင့်အတူ ပါလာသည်။

"ဟုတ်တယ်နော်၊ ကိုကို့နားမှာ လူတွေအုံနေတာပဲ"

"ဟင်...ခင်မင်းမြင်လား"

"မြင်တာပေါ့၊ အမျိုးသမီးတွေက ပိုကဲသေးတယ်"

"အဟွန်း...ဟွန်း ခင်မင်းက ဒါကြောင့် အပြင်ထွက်လာတာပေါ့လေ"

"အို...မဟုတ်ပါဘူး"

ပြုံးကာစိုက်ကြည့်ရင်း သူမေးတော့ ခင်မင်း လှုမိသွားဟန်ဖြင့် ပါးလေးမသိမသာ ရဲသွားသည်။ ထိုပုံလေးကို သူအာသီးယားစွာ ငေးကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



“ခင်မင်း”

“ရှင် ကိုကို”

“ခင်မင်းက မန္တလေးမှာ ဘာကြောင့် ကျောင်းသွားနေတာလဲ”

ထိုအမေးကြောင့် ခင်မင်း မျက်နှာလေး မော့လာသည်။ ထို့နောက် အသာခေါင်းခါယမ်း၏။

“ခင်မင်းမသိဘူး ကိုကို၊ ဒက်ဒီစီစဉ်တာပဲ”

“အင်း…တကယ်ဆို ဦးညီက ခင်မင်းကို ရန်ကုန်မှာ ကျောင်းထားရမှာ၊ ဒါဆို ကိုကိုနဲ့ မကြာခဏတွေ့ရမှာကွ”

“ဟုတ်တယ်နော်”

ခင်မင်းကိုယ်တိုင်လည်း ခုမှစဉ်းစားမိ၏။ ဘာကြောင့် ကိုကို့နားမှာ မနေရတာလဲ။

“ဦးညီက တစ်ခါတစ်ခါ စိတ်ကူးဆန်းတယ်”

“ဘာကြောင့်လဲ ကိုကို”

“ဩော်…ကိုကိုကြတော့ ရန်ကုန်ပို့ကျောင်းထား၊ ခင်မင်းကြတော့ မန္တလေးပို့ ကျောင်းထား၊ ဒီတစ်အိမ်တည်းကလူတွေကို နှစ်ခါကွဲနေတာလေ”





သည်တော့ ခင်မင်း စဉ်းစားဟန်ဖြင့် မျက်တောင်ကော့လေးများ ပုတ်ခတ်၏။

“ဟုတ်တယ် ကိုကို၊ ခင်မင်းလည်း ဒက်ဒီကို တစ်ခါတစ်ခါ နားမလည်ဘူး၊ ကိုကို့လိုပဲ ခင်မင်း တွေးမိပါတယ်၊ ဘာကြောင့် ကိုကို့နဲ့ အတူမနေရတာလဲလို့”

“ခင်မင်းရယ်”

သူ့ကိုယ်တိုင်က ထိုအတွေးမျိုး ရှိတယ်ဆိုတာ သူကျေနပ်သွား၏။ ခင်မင်းလက်လေးကို ဖွဖွဆုပ်ကိုင်မိသည်။

“ခုတော့ ကိုကိုတို့ အတူရှိနိုင်ပြီလေ”

“ကိုကိုက ပြန်သွားမှာမဟုတ်လား”

“မသွားဘူး၊ ဦးညီကိုလည်း ကိုကိုပြောပြီးပြီ”

သည်တော့ ခင်မင်းပြုံး၏။ သူ့နားမလည်သလို ကြည့်၏။

“ဘာကြောင့်ပြုံးတာလဲ ခင်မင်း”

“ဒက်ဒီ့အကြောင်း တွေးမိလို့ပါ ကိုကို၊ ဒက်ဒီက သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့ လူမျိုးပါ”

“ဒီတော့”

“ကိုကို့ကို သူပြန်ခိုင်းမှာပဲ”

ဦးညီစိတ်ကို သိထားဟန်ဖြင့် ခိုင်မာစွာ ခင်မင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သူပြုံးကာ ခေါင်းခါယမ်းသည်။

"အစကတော့ ခင်မင်းပြောတာ ဖြစ်ချင်ဖြစ်မယ်၊ ခုတော့ မရှာဘူး ခင်မင်း"

"ဟင်...ဘာကြောင့်လဲ ကိုကို"

"အဟွန်း...ဒီမှာ ခင်မင်းရှိနေလို့လေ"

"အို"

"ဟုတ်တယ် ခင်မင်း၊ ကိုကို မပြန်ဖို့ဆုံးဖြတ်တာ ဒီအကြောင်းလည်းပါတယ်"

"ကိုကိုကလဲ"

"ပြောစမ်း...ခင်မင်း မန္တလေးမှာ ရည်းစားတွေထား လား"

"ကိုကိုကော ..."

"အဟွန်း...ဟွန်း အများကြီး"

"သွား"

သို့သော် တကယ်တမ်း ရောက်သွားတာက သူ့ရင်ခွင် ကျယ်ကြီးဆီသို့ သူမကိုယ်လေး ဝင်သွား၏။ လမင်းကြီးကို ရှက် ရက် တိမ်ဖုံးသွားသည်။

ကု၅ကု





"ကောင်းတယ်...သိပ်ကောင်းတယ်၊ ငါ့သမီးကို ခွန်မင်း ဆက် သဘောကျသွားတာ အကောင်းဆုံးပဲ၊ ဟား...ဟား"

ခေါင်းကိုမော့ကာ သဘောကျစွာရယ်နေသည့် ဒက်ဒီ့ ကြောင့် ခင်မင်းညီမျက်နှာလေး မသိမသာပျက်သွား၏။

"ဒက်ဒီက ဘာကိုဆိုလိုတာလဲဟင်"

"ဟား...ဟား ငါ့သမီးကလည်း အပါကွယ်၊ အစက တော့ ငါ့သမီးကို တျောင်းပြန်လွှတ်ဖို့ပဲ၊ ခုတော့ ခွန်မင်းဆက်နဲ့ ဘက်ထပ်ပေးရမယ်"

"ရှင်"

သည်တော့မှ ခင်မင်းညီ မျက်လုံးဝိုင်းသွား၏။ ထို့နောက် ချက်ချင်း ခေါင်းခါယမ်းသည်။

"ဟင့်အင်း...ဟင့်အင်း မဖြစ်ဘူး ဒက်ဒီ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒက်ဒီ၊ ကိုကိုနဲ့သမီး လက်ထပ်လို့မဖြစ်ဘူး"

"ဘာပြောတယ်သမီး…ချွန်မင်းဆက်လို လူတစ်ယောက် လက်ထပ်မှာကို သမီးက ဘာကြောင့်ငြင်းတာလဲဟင်"

သူမမျက်နှာကို နားမလည်သလိုကြည့်ပြီး ဒက်ဒီမေး သည်။ သူမ မျက်လွှာချကာ…

"သမီး လက်မခံနိုင်လို့ပါ ဒက်ဒီ"

"ဘာကိုလက်မခံနိုင်တာလဲ၊ ဒက်ဒီ ရှင်းရှင်းမေးမယ် ချွန်မင်းဆက်ကို သမီးသဘောကျလား"

ထိုအမေးကြောင့် သူမ ငြိမ်သွား၏။ ဒါကို ဒက်ဒီပြုံး သူမ ပခုံးလေးဖွဖွပုတ်၏။

"ဒက်ဒီသိပါတယ် သမီးရယ်၊ သမီး ချွန်မင်းဆက် သဘောကျပါတယ်"

"ဟုတ်ပါတယ် ဒက်ဒီ၊ သမီး ကိုကို့ကို သဘောကျ တယ်၊ ကိုကိုဟာ ချောမောခန့်ညားတဲ့ လူတစ်ယောက်ပဲ"

ပြတ်သားစွာပဲ သူမ ဝန်ခံလိုက်၏။ ကိုကိုလို တစ်ယောက်ကို စိတ်မဝင်စားတဲ့ မိန်းကလေး ဘယ်သူရှိ





ပါမယ့်လေ။

"လိုရင်းက ဒါပဲသမီး၊ သမီးသဘောကျတဲ့ လူတစ်ယောက်ကို လက်ထပ်ရတာ ဘယ်လောက်ကျေနပ်စရာ ကောင်းလဲ"

"အဲဒီအတွက်ကို သမီး ကိုကို့နဲ့ လက်မထပ်ချင်တာပါ"

"ဘာပြောတယ်…သဘောကျလို့ လက်မထပ်ချင်တာ ဟုတ်လား"

"ဟုတ်ပါတယ် ဒက်ဒီ"

တည်ငြိမ်သောမျက်နှာလေးဖြင့် သူမဖြေသည်။ ဒက်ဒီ ခေါင်းခါယမ်း၏။

"သမီးကို ဒက်ဒီနားမလည်ဘူး"

"ဒက်ဒီသိပါတယ်၊ ကိုကို့ကို ဘာကြောင့် ငြင်းတယ်ဆို တာ"

သည်တော့ ဒက်ဒီမျက်နှာ တင်းသွား၏။ ချက်ချင်း သံမာကာ…

"အတိတ်ကအကြောင်းတွေ မေ့လိုက်တော့ ခင်မင်းညီ"

"ဒါပေမယ့်…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပြောနဲ့၊ ဒီကိစ္စကို ဒက်ဒီစီစဉ်မယ်"

"ဟင်"

ဒက်ဒီပြောပြီး ထွက်သွား၏။ ခင်မင်း မျက်နှာလေး... ကာ ကျန်ခဲ့သည်။ တကယ်တော့ ကိုကိုနဲ့ လက်ထပ်ဖို့ဆို... သူမရဲ့ စိတ်ကူးပါ။ သည်တစ်ကြိမ် ပြန်တွေ့ရတဲ့ကိုကိုဟာ သူ... အတွက် စွဲမက်ဖွယ်မဟုတ်လား။

"ဒက်ဒီ...ဒက်ဒီ"

သူမခေါ်ကာ ဒက်ဒီနောက် ပြေးလိုက်သွား၏။ စာကြ... ခန်းထဲဝင်သွားသည်။ ဒက်ဒီက သူမကို ကျောခိုင်းရပ်နေ၏။

"ခင်မင်း တောင်းပန်ပါတယ် ဒက်ဒီ"

"တော်စမ်း...ခင်မင်းညီ၊ မင်းရူးနေသလားဟင်၊ ... ဘယ်လောက်ကောင်းတဲ့ အခွင့်အရေးလည်းဆိုတာ"

မျက်နှာကို သူမဘက် ဖျတ်ခနဲလှည့်ကာ ဒက်ဒီပြော...

"ဒီလိုလုပ်ရင် သမီးတို့ ကိုကို့အပေါ် မတရားလုပ်... ကျပါလိမ့်မယ် ဒက်ဒီ"

"ဟား...ဟား ငါ့သမီးက တော်တော်တရားစ... ပြောပါလားဟင်၊ ဒီမှာသမီး ခုလို ဒက်ဒီတို့နေနိုင်တာ ဘာကြော...





... ဒက်ဒီရဲ့ အကြံဉာဏ်ကောင်းတွေကြောင့်ကွ"

"အဲဒါတော့ဟုတ်ပါတယ်"

ဒက်ဒီဘယ်လောက် အကြံဉာဏ်ကောင်းတယ်ဆိုတာ ... သိပါ၏။ သို့သော် အဲဒါတွေဟာ ကိုကိုနဲ့ဘာဆိုင်လဲ။

"အေး...ဒါဆို သမီးနားထောင်ရမယ်၊ တကယ်တော့ ...တွေအားလုံး ခွန်မင်းဆက်နဲ့ဆိုင်တယ် ခင်မင်းညီ၊ သူသာ တခြား ...ယူသွားရင် ဒက်ဒီတို့သားအဖ ဘာဖြစ်မလဲဆိုတာ စဉ်းစား ...း"

"အို"

ယခုမှ ဒက်ဒီ့စကားကို သူမ စဉ်းစားမိသွား၏။ သည်အိမ် ...ကြီးရဲ့ ပိုင်ဆိုင်သမျှတွေဟာ ကိုကိုနဲ့ဆိုင်တာပဲ။ တိတ်ဆိတ်သွား ...သော သူမကို လေးနက်သည့်အမိပ္ပာယ်ဖြင့် ဒက်ဒီကြည့်၏။

"မမိုက်ချင်စမ်းပါနဲ့ သမီး၊ လောကကြီးမှာ ပိုက်ဆံမရှိ ...င် ဘယ်လောက်မျက်နှာငယ်မယ်ဆိုတာ သမီးသိရဲ့လား၊ ရွှေဘုံစံ ...င်းသမီးဘဝကို မစွန့်လွှတ်ချင်စမ်းပါနဲ့"

သူမပခုံးကို ဆုပ်ကိုင်ကာ ဒက်ဒီပြော၏။

"ကျွန်မတို့ ကိုကို့အပေါ် တရားပါ့မလား ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် မတရားမှာလဲ သမီး၊ ခွန်မင်းကလည်း သမီးကို သဘောကျတာပဲ"

ပါတီပွဲညက အဖြစ်လေးကို ဒက်ဒီ တိတ်တဆိတ်မြင်သွား၍ ဒီစကားမျိုးပြောခြင်းဖြစ်၏။

"ဒါပေမယ့် ကိုကိုက သမီးကို 'ချစ်တယ်' လို့ မပြောခဲ့ပါဘူး"

"ဟား…ဟား ငါ့သမီးက ဒါတွေတွေးနေတာလား ပါးစပ်ကဖွင့်မပြောပေမယ့် ရင်ထဲကသံယောဇဉ်ရှိတာ ခွန်မင်း မျက်လုံးတွေက ဖော်ပြနေပါတယ်၊ ကဲ…ကဲ ငါ့သမီး အနားယူလိုက်ဦး၊ ဒက်ဒီ အပြင်သွားဦးမယ်"

တကယ်တမ်းမှာ ဒက်ဒီ၏ ဆန္ဒဟူသမျှကို ငယ်စဉ်ကတည်းက သူမ မလွန်ဆန်ရဲပါ။ ယခုလည်း အရှုံးပေးရပြန်၏။

ကိုကို…

ဒေါက်တာ ခွန်မင်းဆက်…

အစစအရာရာ ပြည့်စုံသည့် ကိုကို့လိုလူတစ်ယောက်၏ လက်ထပ်ရမှာ သူမ ရင်တော့ခုန်ချင်ပါသည်။

ကိုကိုရယ်…





ခင်မင်း…ကိုကို့ကို ချစ်ပါတယ်။

သူမ ခပ်တိုးတိုးလေး ရွတ်ဆိုမိ၏။

ပြတင်းပေါက်မှာ ရပ်၍ လိုက်ကာဖယ်ကြည့်လိုက်တော့ မြက်ခင်းစိမ်းစိမ်းပေါ်မှာ ဦးလေးဆောင်နဲ့ တင်းနစ်ရိုက်နေတဲ့ ကိုကို။

အားကစားလိုက်စားတာမို့ မြင့်မားပေမယ့် ကိုကိုက ကျစ်လစ်တောင့်တင်းသော ခန္ဓာကိုယ်က ဖြောင့်စင်းကြည့်ကောင်းနေသည်။

ဦးလေးဆောင်က ဘာပြောလိုက်တယ်မသိ ကိုကိုကစားနေရာမှရပ်ကာ သူမထံ လက်လှမ်းပြ၏။

သူမပြုံး၍ လက်လှမ်းပြမိသည်။ ကိုကို့အပြုံးတွေက မြူစွင့်လိုက်တာ။

"ခင်မင်း…ခြံထဲဆင်းလာခဲ့"

လက်ဝါးနှစ်ဖက်အုပ်၍ ကိုကို အော်ခေါ်သည်။ သူမ ခေါင်းလေးညိတ်ပြပြီး ပြတင်းပေါက်မှ ခွာ၏။ မှန်ထဲကြည့်လိုက်ပြီး အခန်းထဲက ထွက်ခဲ့သည်။

"လာ…ခင်မင်း ကိုကိုနဲ့ တစ်ပွဲလောက် ကစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ကိုကိုမောနေပြီ"

နဖူးတွင် ချွေးလေးတွေ သီးနေသည့် ကိုကို့မျက်နှာကြည့်ပြီး သူမပြော၏။ ဒါကို သဘောကျဟန်ဖြင့် ဦးလေးဆောင်က ရယ်သည်။

"ဟား…ဟား ခင်မင်းရယ် ဒီလောက်လေး ကစားတာများ ခွန်မင်းအတွက် အပျော့ပဲကွ၊ သူက ချန်ပီယံပဲ၊ ဒီလောက်နဲ့ သူ့ကို မသနားနဲ့ ခင်မင်း"

"ကိုကြီးဆောင်ကတော့ လုပ်ပြီ၊ ကဲ…လာ ခင်မင်း ကိုကိုမမောပါဘူး၊ ခင်မင်းက တစ်နေ့တစ်နေ့ အိမ်ထဲမှာပဲ အောင်းနေတာ၊ ကျန်းမာရေးမကောင်းသလိုပဲ ဖြူဖျော့နေတယ်၊ အားကစားလေးဘာလေး လုပ်ရတယ်ကွ"

သူမကို ကျန်းမာစေချင်၍ ကိုကို အမောခံကစားပေးတာမို့ ကျေးဇူးတင်ရ၏။

ကိုကိုက သူမကိုညှာ၍ ခပ်ပေါ့ပေါ့လေး ကစားသည်။

"မောပြီလား ခင်မင်း"

"ဟင့်အင်း…ရတယ်"





တကယ်တော့ သူမ မောနေပါပြီ။ ဒါပေမယ့် ကိုကိုနဲ့ ကစားရတာ ပျော်၍ သူမ ခေါင်းခါလိုက်ခြင်းပါ။

ထိုစဉ် ကိုကြီးဆောင်က အအေးများယူလာ၏။

"ကဲဟေ့…နှစ်ယောက်လုံး နားကြတော့၊ ဒီမှာ အမောပြေ အအေးလာသောက်ကြကွ"

"ခင်မင်း နားစို့နော်"

"ဟုတ်ကဲ့ ကိုကို"

ကိုကိုပြုံး၍ သူမလက်လေး ဖွဖွဆုပ်ကိုင်ပြီး ခေါ်သည်။ ထိုမြင်ကွင်းကို တိုက်ကြီး၏ တစ်နေရာမှ မျက်လုံးတစ်စုံက လိုက်ကြည့်နေသည်။

"ကြည့်စမ်း…ခင်မင်း နဖူးမှာ ချွေးတွေ၊ သိပ်မောသွားသလားဟင်"

"နည်းနည်းပါ"

သူက သူမနဖူးလေးကို ကြင်နာစွာဖြင့် သုတ်ပေး၏။ သူမသည် အနီးကပ်မြင်တွေ့နေရသော ချောမောသည့် ကိုကို့မျက်နှာအား ကြည့်ပြီး တိတ်တဆိတ် ရင်ခုန်နေမိ၏။

ကိုကိုရယ်…



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထား ဖြည့်ဝလွန်းတဲ့ ကိုကို့အပေါ် လေးစားအားကိုးမိပါသည်။ ထို့အတူ သူမနဲ့လက်ထပ်ဖို့ ကိုကို သဘောတူပါ့မလားဟု တွေးမိတာ သက်ပြင်းကြိတ်ချမိ၏။



"ကျွန်တော်နဲ့ ပြောစရာရှိတယ်ဆိုတာ ဘာများလဲ ဦးညီ"

ကျယ်ဝန်းလှသော စာကြည့်ခန်းထဲမှာ ဦးညီနှင့် သူနှင်ယောက်တွေ့၏။ ဦးညီက နှပ်ထားသော ကော်ဖီကို ကိုယ်တိုင်ချော်ပြီး သူ့ကိုပေးသည်။

"သောက်လိုက်ပါဦး ခွန်မင်း၊ ရာသီဥတုက အေးတော့ကော်ဖီသောက်လိုက်ရင် အနေတော်ပဲ"

"ကျွန်တော့်တဝမှာ ဦးညီကိုယ်တိုင် ဖျော်တိုက်တဲ့ ကော်ဖီကို ဒါ ပထမဆုံးအကြိမ် သောက်ဖူးတာပဲ"

သူပြောရင်း ကော်ဖီတစ်ကျိုက် သောက်လိုက်၏။ ဦးညီက သူ့ကိုကြည့်သည်။

"ဘယ်လိုလဲ ကောင်းရဲ့လား ခွန်မင်း"

"ဟုတ်ကဲ့"

ဦးညီက စားပွဲကို လက်ချောင်းထိပ်လေးများဖြင့် အသာ

www.burmeseclassic.com

www.burmeseclassic.com



ခေါက်၏။

“မင်း ဒီကမပြန်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်မဟုတ်လား ခွန်မင်း”

“လောလောဆယ်တော့ ဒီအတိုင်းပါပဲ”

“အင်း…အစကတော့ ဦးညီလည်း မင်းကို နိုင်ငံခြားပို့မလို့ပါပဲ၊ ခုတော့ မင်းဆုံးဖြတ်တဲ့အတိုင်း ဦးညီ လက်ခံရုံပေါ့၊ ဒါလည်း ဦးညီမှာ အကြောင်းရှိပါတယ် ခွန်မင်း”

“ဘာများလဲ ဦးညီ”

သူ့ကို ခြံကိစ္စတွေ လုပ်ခိုင်းတော့မှာလားဟု စဉ်းစား၏။ တကယ်တော့ ထိုလုပ်ငန်းတွေနှင့် သူ ကင်းကွာနေတာကြာပြီ။

“တခြားမဟုတ်ပါဘူး၊ ခုဆို မင်းလည်း ပညာစုံပြီပဲ၊ ဒီတော့ ကြင်ယာစုံဖို့ပဲရှိတယ် ခွန်မင်း”

“ဦးညီ ဆိုလိုချင်တာက”

“မင်းကို ခင်မင်းနဲ့ လက်ထပ်ပေးဖို့ ဦးညီ ဆုံးဖြတ်ထားတယ်”

“ဗျာ”

ရုတ်တရက် သူ မမျှော်လင့်သောစကားကြောင့် အံ့ဩ





သွားရ၏။ ဦးညီက အေးဆေးစွာ ဆက်ပြောသည်။

“ခင်မင်းဆိုတာကလည်း ဦးညီအတွက် တစ်ဦးတည်းသောသမီးပဲ၊ မင်းကလည်း ဦးညီအတွက် သားတစ်ယောက်လိုပဲ ဒါကြောင့်မို့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ရအောင်လို့”

“ခဏနေပါဦး ဦးညီ၊ ဦးညီက ဒီလိုတွေပြောနေရအောင် ကာယကံရှင်ဖြစ်တဲ့ ခင်မင်းဆန္ဒကကော”

ထိုအမေးကို ဦးညီ လိုက်လှဲစွာပြုံး၏။

“ခင်မင်းက လိမ္မာတဲ့ကလေးတစ်ယောက်ပါ ခွန်မင်း၊ ဦးညီဆန္ဒကို သူဘယ်တော့မှ မငြင်းပါဘူး”

“ဒါပေမယ့် ခုကိစ္စက ဘဝအရေးပါ ဦးညီ၊ အိမ်ထောင်ပြုတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် သဘောတူကြည်ဖြူမှ ကောင်းမယ်ထင်ပါတယ်”

သူ လေးနက်စွာပြောမိသည်။ ခင်မင်းကို သံယောဇဉ်ရှိပေမယ့် ဒီလိုမျိုး လက်ထပ်ဖို့ဆိုတာ သူတစ်ခါမှ မတွေးဖူးခဲ့ပါ။

“မင်းပြောတာမှန်ပါတယ် ခွန်မင်း၊ ဒီကိစ္စကလည်း သမီးဆန္ဒကို မေးပြီးမှ ဦးညီ ဆုံးဖြတ်တာပါ”

“ဗျာ…ဒါဆို ခင်မင်းက ကျွန်တော်နဲ့လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သဘောတူတယ်ပေါ့ ဦးညီ''

''ဒါပေါ့ ခွန်မင်း''

''ဩော်''

လက်ထပ်ဖို့ကိစ္စကို ခင်မင်းဘက်မှလည်း သဘောတူတယ် ဆိုတာကြောင့် သူ့ရင်ထဲ တစ်မျိုးဖြစ်သွား၏။

ခင်မင်းညီ

လှပပြီး ချစ်စရာကောင်းတဲ့ မိန်းကလေး။ သည်လို မိန်းကလေးတစ်ယောက်ကို လက်ထပ်ရဖို့ဆိုလျှင် သူ့အတွက် ငြင်းစရာ မရှိပါ။ သို့သော်…

''ခွန်မင်းရဲ့ဆန္ဒကလည်း ဦးညီစကားကို လွန်ဆန်မယ် မထင်ပါဘူး''

''ကျွန်တော် စဉ်းစားချင်သေးတယ် ဦးညီ''

''ခင်မင်းနဲ့ လက်ထပ်ဖို့ကိုလား ခွန်မင်း''

သူ ခေါင်းညိတ်လိုက်ပြီး အားနာသွား၏။ ဦးညီထ မျက်နှာမပျက် ပြုံးသည်။

''မင်းအတွက် ခင်မင်းဟာ စဉ်းစားစရာကောင်းတဲ့ မိန်းကလေးလား ခွန်မင်း၊ ဘာလဲ မင်းမှာ တခြားမိန်းကလေး''





''ဒီလိုမျိုးတော့ မဟုတ်ပါဘူး၊ ဒီကိစ္စကို ကျွန်တော် ခင်မင်းနဲ့ ဆွေးနွေးကြည့်ချင်ပါသေးတယ် ဦးညီ''

ဦးညီကလည်း သူ့ကို သားတစ်ယောက်လို ပြုစုစောင့် ရှောက်လာတာမို့ ထောက်ထားငဲ့ညှာရမည်။ ခင်မင်းညီဆိုတာက ဦးညီရဲ့ တစ်ဦးတည်းသောသမီး၊ သူကိုယ်တိုင်လည်း သံယောဇဉ် ရှိပါ၏။

''ကောင်းပြီလေ၊ ဦးညီကတော့ သမီးကို မင်းနဲ့ပဲ စိတ်ချ တယ် ခွန်မင်း''

ထိုစကားတစ်ခွန်းက သူ့ကို တုတ်နှောင်လိုက်သလိုပါပဲ။ ပြုစုစောင့်ရှောက်လာရတဲ့ ဦးညီရဲ့ကျေးဇူးကို ခင်မင်းညီနဲ့ လက်ထပ် ခြင်းဖြင့် ဆပ်ရမှာလား။

ညနေကြတော့ ခြံထဲမှာ သူနှင့်ခင်မင်းတို့ နှစ်ယောက် တည်း တွေ့၏။ သည်ကိစ္စ ကြိုသိနေသော သူမမျက်နှာက အနည်း ငယ် ရှက်နေသလိုပါပဲ။

''ခင်မင်းကိုခေါ်တာ ဘာပြောစရာရှိလို့လဲ ကိုကို''

သူ့အနားတွင် ဝင်ထိုင်ရင်း နူးညံ့တိုးလျစွာ ခင်မင်းမေး သည်။ ဘေးတိုက်မြင်နေရသော သူမအလှက ငြိအေးချမ်းသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုကြည့်ပါဦး ခင်မင်း"

သည်တော့ သူမမျက်နှာလေး အသာလှည့်လာ၏။ ဖြူနု
သော မျက်နှာလေးက အနည်းငယ် နီထွေးနေသလိုပါပဲ။

"ပြောပါ ကိုကို"

"ကိုကိုဘာပြောမယ်ဆိုတာ ခင်မင်း သိမယ်ထင်ပါ
တယ်"

"ရှင်"

"ကိုယ်နဲ့ ခင်မင်းကို ဦးညီ လက်ထပ်ပေးမယ့်ကိစ္စ"

"ဟို…ဒါကို ကိုကိုသဘောမတူရင် ဒက်ဒီကို ခင်မင်း
ပြောပါ့မယ်"

ရှက်သွေးဖြာကာ အားနာသည့်ဟန်ဖြင့် သူမ ကမန်း
ကတန်းလေး ပြောရှာ၏။ သူ ခေါင်းခါယမ်းသည်။

"မဟုတ်ဘူး ခင်မင်း၊ ကိုကိုက ခင်မင်းဆန္ဒကို မေးတာ"

"ခင်မင်းဆန္ဒ ဟုတ်လား ကိုကို"

မျက်တောင်ကော့များ ဝိုင်းရံထားသည့် လှပသော
မျက်လုံးလေးများဖြင့်ကြည့်ကာ သူမမေး၏။ သူပြုံးကာ ခေါင်း
ညိတ်သည်။ •





"ဟုတ်တယ် ခင်မင်း၊ ခင်မင်း ကိုကို့ကို လက်ထပ်ချင်
သလား"

"အို"

တောက်ပသော အကြည့်များဖြင့် သူမေးတော့ ဖြူနုသည့်
...မို့မို့လေး ရှက်သွေးလွှမ်းသွား၏။

"ပြောပါ ခင်မင်း၊ တကယ်တော့ လက်ထပ်တယ်ဆိုတာ
...တစ်ခုလုံးနဲ့ဆိုင်တဲ့ ကိစ္စလေ၊ ဒီတော့ ရင်ထဲကဆန္ဒအမှန်ကို
...လိုတယ်၊ ခင်မင်း စိတ်မပါဘဲ ဦးညီစကား နားထောင်လိုက်
...ရိုး ကိုယ်က မဖြစ်စေချင်ဘူးလေ"

အေးဆေးတည်ငြိမ်စွာ သူရှင်းပြသည်။ သူမ သဘောတူ
...ည်ဖြူမှသာ ဒီကိစ္စ စဉ်းစားတာ အကောင်းဆုံးဟုထင်၏။

"ခင်မင်း…ခင်မင်း ကိုကိုနဲ့ လက်ထပ်ချင်ပါတယ်"

"ဟင်"

ပြောပြီး ရှက်သွားဟန်ဖြင့် သူမ မျက်လွှာချသည်။ သူက
...ရက် ဝမ်းသာသလိုဖြစ်သွား၏။ သူမလက်လေး ဖွဖွဆုပ်
...တာ…

"တကယ်ပြောတာလား ခင်မင်း၊ ကိုယ်နဲ့လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်သလားဟင်"

"ဟုတ်ကဲ့"

"ဒီစကားကြားရတာ ကိုကိုဝမ်းသာပါတယ် ခင်

ဒါပေမယ့် ခင်မင်းကို ကိုကိုတစ်ခုမေးမယ်"

"မေးပါ ကိုကို"

သူနှင့်သူမ အကြည့်ချင်းဆုံ၏။

"ခင်မင်းမှာ ချစ်သူရှိခဲ့လား"

"ရှင်"

ထိုအမေးကြောင့် သူမ ရုတ်တရက် မျက်နှာပျက်သွ

မှ ချက်ချင်းခေါင်းခါယမ်းသည်။

"ဟင်...ဟင့်အင်း ကိုကို၊ ဘာကြောင့်မေးတာလဲ

"သြော်...ခင်မင်းက လှပပြီး ချစ်စရာကော

မိန်းကလေးပဲ၊ ဒီတော့ ကိုကိုနဲ့ လက်မထပ်ခင်အထိ ခင်

ချစ်သူရှိခဲ့ရင် ပြန်စဉ်းစားစေချင်လို့ပါ"

သူမ ခဏငိုင်သွားကာ သက်ပြင်းလေးချ၏။ အ

ငြိမ်သက်နေပြီးမှ ဖြည်းညင်းစွာ ပြောလာသည်။

"ခင်မင်းမှာ ချစ်သူမရှိခဲ့ပါဘူး ကိုကို"





"ဒါဆို ကိုကို ဝမ်းသာပါတယ် ခင်မင်း"

"ကိုကို့မှာကော"

"ဗျာ"

"ဟို...ကိုကို့မှာကော ချစ်သူရှိခဲ့လားဟင်"

ထိုစကားကြောင့် သူလှိုက်လှဲစွာရယ်၏။ ထို့နောက် သူမ

ခေါင်းလေးကို လက်ဖဝါးနှင့် အသာဖိကာ...

"အဟွန်း...ကိုကိုကတော့ မညာချင်ဘူးဗျာ၊ ချစ်သူဆို

တာ ရှိခဲ့တာပေါ့"

"ဟင်"

သူမ မျက်နှာပျက်သွား၏။ သူသနားသွားသည်။

"ဒါပေမယ့် ကိုကို လက်ထပ်ဖို့စိတ်ကူးတာ ခင်မင်း

တစ်ယောက်တည်းပါ"

"အို"

ဘာကြောင့်များ သူ မျက်ဝန်းများကို သူမ ရင်မဆိုင်ရဲ

တော့ပါလိမ့်ကွယ်။ တကယ်ဆို ဒီစကားကြောင့် သူမ ပျော်ရွှင်ကျေ

နပ်နေရမှာမဟုတ်လား။

ကျ[]ကျ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုသာယာသော သစ်တောများကြောင့် ပတ်ဝန်း[illegible]
တစ်ခုလုံး လန်းဆန်းနေ၏။ အပြာရောင်တောင်တန်းကြီးမျာ[illegible]
အနားသပ်ကာရံလျက်။ ကြည်လင်သော ကောင်းကင်အောက်[illegible]
မြင်းသုံးစီးကို တွေ့ရသည်။

"ခင်မင်းရေ…ဒီတောအုပ်လေးက တကယ်သာယာ[illegible]
လားကွ"

"ဟုတ်တယ် ကိုကို၊ ရှေ့မှာ ရေတံခွန်ရှိတယ်"

"ကောင်းတယ်ဟေ့၊ ငါတော့ ရေတံခွန်ရောက်[illegible]
ရေတစ်ဝချိုးပစ်ရမယ် ခွန်မင်း"

ရှေ့မှာ သူနှင့်ခင်မင်းတို့ [illegible]ရှိလျက် နောက်[illegible]
ကိုကြီးဆောင် မြင်းမိုလာခြင်းဖြစ်၏။

"ရေတံခွန်အောက်မှာ စမ်းချောင်းလေးလည်းရှိ[illegible]
ကိုကြီးဆောင်"



"ဟုတ်လား၊ အဲဒါဆိုရင် စမ်းချောင်းမှာ ငါးမျှားပြီး
[illegible]င်စားပြီးကြတာပေါ့"

"ကောင်းတယ် ဦးလေးဆောင်"

ကိုကြီးဆောင်နှင့် ခွန်မင်းတို့မှာ အဓိပ္ပါယ်အဖျောက်ညီနေ၏။
[illegible]တ သာယာလှပသော ဝန်းကျင်ကို ငေးကြည့်မိသည်။

ကြည့်စမ်း…တကယ့်ကို သဘာဝရဲ့ပန်းချီကားတစ်ချပ်
[illegible]လား။

"ကိုကို"

"ခင်မင်း"

"ဘာတွေစဉ်းစားနေတာလဲ ကိုကို"

"ဩော်…ကိုယ်တို့နိုင်ငံမှာ ဒီလိုလှပတဲ့ သဘာဝရှုခင်း
[illegible]ရှိပါလားလို့ တွေးနေတာပါ ခင်မင်း"

သူပြုံးကာ ပြောသည်။ ခင်မင်းလည်း ပြုံး၏။

"ကိုကိုက ဒီနေရာလေးကို သဘောကျသွားပြီထင်
[illegible]ယ်"

"ဟုတ်တယ် ခင်မင်း၊ ကြည့်ပါဦး တောပန်းရောင်စုံ
[illegible] ကျေးငှက်သံလေးတွေနဲ့ ဘယ်လောက်သာယာလဲ၊ အော…

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ရေတံခွန်ပါလား"

တောင်ပေါ်မှ ရေတံခွန်က ဖြာကျနေ၏။ မြင်ရသူအတွက် ရှုမငြီးစရာအလှတစ်ပါးပါလား။

"ကိုကို သဘောကျတယ်ဆိုရင် ဒီနေရာလေးကို မကြာ ခဏ လာရအောင်နော်"

"သဘောပျာ"

မြင်းပေါ်မှ သူတို့ဆင်းလိုက်၏။ ခင်မင်း ရှပ်အင်္ကျီအဖြူ ကွက်ကို ဂျင်းဘောင်းဘီနက်ပြာဖြင့် တွဲဝတ်၍ ဆံပင်တို့က ချထား ၏။ အသွင်တစ်မျိုးနှင့် ခင်မင်းက လှနေတာပါ။

ကိုကြီးဆောင်က မြင်းများကို စားကျက်လွှတ်လိုက်သည်။ မြင်းများကလည်း ဝေးဝေးမသွား။ မြက်စိမ်းနုတို့ကို အနီးဝန်းကျင် မှာပဲ့ ထိုနေရာမှာသာရှိနေ၏။

"ခွန်မင်းရေ...ရေမချိုးဘူးလား"

ကိုကြီးဆောင်က ဘောင်းဘီတိုဖြင့် ရေတံခွန်အောက် ဝင်၏။

"ကိုကြီးဆောင် အရင်ချိုးနှင့်ပါ၊ ကျွန်တော်နဲ့ခင်မင်း ဒီနား လျှောက်ကြည့်ဦးမယ်"



"အေးအေးဆေးဆေး ကြည့်ကြ၊ ရေချိုးပြီးတာနဲ့ ချောင်းမှာ ငါးမျှားပြီးကင်စားမယ်ဟေ့"

ကိုကြီးဆောင်ကို လက်ပြပြီး သူတို့ထွက်ခဲ့၏။ ခင်မင်းက သော တောပန်းများကြား ပြေးလွှားခူးဆွတ်လေသည်။

"ခင်မင်း မပြေးနဲ့လေ"

"ပန်းလေးတွေ သိပ်လှတယ်ကိုကို"

ရယ်မောကာ သူမပြောသည်။ ပျော်ရွှင်နေသော သူမကို ကြည့်ပြီး သူကြည်နူးမိ၏။ ဖျတ်ခနဲ ခင်မင်း ငယ်စဉ်ကအဖြစ်ကို ယောင်မိသည်။

ထိုစဉ်တုန်းကတော့ သူမသည် ဂါဝန်အဖြူရောင်လေးနှင့် ပဲ ပြေးလွှားဆော့ကစား ပန်းခူးခဲ့တာပဲ။

"ကိုကို...ဟိုမှာ ယုန်လေး"

"ဟာ...ဟုတ်တယ်၊ ခင်မင်းအတွက် ကိုကိုဖမ်းပေး မယ်"

သူ့အတွေးမှ ခင်မင်းအသံကြောင့် လန့်နိုးလာ၏။ တကယ် ခင်မင်းပြောသကဲ့သို့ ယုန်ဖြူလေးနှစ်ကောင်။

"ကိုကိုက အဲဒီဘက်ကဖမ်း၊ ခင်မင်းက ဒီဘက်က

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမယ်"

"အင်း ခင်မင်းဘက်က လွှတ်စေနဲ့"

နှစ်ယောက်သား ယုန်လေးများကို ဝိုင်းဖမ်းသည်။ မျက်လုံး ဝိုင်းလေးတွေနှင့် ယုန်လေးများမှာ ဟိုဒီပြေးလျက်။

"ဟော…ခင်မင်းဘက်ပြေးလာပြီ"

"အို…ကိုကို့ဘက်ပြေးတာ၊ နှစ်ယောက်ညှပ်ဖမ်းမှ အောင် ကိုကို"

ခင်မင်းက ဟိုဘက်မှလာသည့် သူကလည်း ဒီဘက်မှ လာ၏။ ယုန်လေးနှစ်ကောင်က သူတို့ကြားမှာ။

"ဟေး"

"အို"

"ဟာ"

"အမေ့"

အနီးကပ်ရောက်မှ ယုန်လေးတွေ ဖျတ်ခနဲပြေးကုန်၏။ ယုန်လေးတွေကို ပြေးဖမ်းသော သူတို့နှစ်ဦးမှာ အရှိန်လွန်ကာ တစ်ယောက်နဲ့တစ်ယောက် ပြေးဖက်မိသလိုပါပဲ။

ရင်ခွင်ထဲ ရောက်လာသော သူမကိုယ်လေးကို သူ တင်



ကြပ်စွာ ဖက်လိုက်၏။

"အို…ကိုကိုကလဲ"

ပါးပြင်နုနုကို ငုံနမ်းခိုက် ခင်မင်း မျက်နှာလေးရဲလို့။ သူပြုံးကာ ထပ်နမ်း၏။

"ကြည့်စမ်း…ကိုကို သိပ်ဆိုးတာပဲ"

သူ့ရင်ဘတ်ကို သူမ တွန်းလွှတ်သည်။ သို့သော် သူ၏ သန်မာသော လက်တွေကို သူမ မနိုင်ပါ။

"ခင်မင်းပဲ…ကိုကို့ရင်ခွင်ထဲ ပြေးလာပြီးတော့"

"အမယ်…မဟုတ်ပါဘူးနော်၊ ယုန်လေးတွေ ပြေးဖမ်း တာများ"

"မိပြီလေ…ယောဒီယုန်မလေးကို"

"အို…ကိုကိုကလဲ"

သူက ပန်းခင်းကြီးပေါ် နှစ်ယောက်သား လှဲချပစ်၏။ အပြာရောင်ကောင်းကင်က သူတို့ကို ငုံ့ကြည့်လျက်။

"သိပ်ကောင်းတာပဲ"

"ဘာကိုလဲ ကိုကို"

"ဪ…ခင်မင်းနဲ့ ဒီလိုအတူ ကောင်းကင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာလေ”

ပန်းခင်းပေါ်မှာ နှစ်ယောက်သားယှဉ်ကာ ကောင်းကင်ကြီးကို ငေးကြည့်မိသည်။

ထိုစဉ်…

“ဖတ်”

“ဟာ…ဘာလဲ”

သူတို့နားသို့ ခဲလုံးတစ်ခု ရောက်လာတာကြောင့် သူဖျတ်ခနဲ အိပ်နေရာမှ ထလိုက်၏။

“ကိုကြီးဆောင်”

“ဘာလဲကိုကို”

သူမကပါ လိုက်ထ၍ ကြည့်၏။ သူလက်ထဲမှ ခဲလုံးပြလိုက်သည်။

“ဒီမှာလေ ခဲလုံး၊ ကိုကြီးဆောင်ကစတာ၊ ဒါပေမယ့် လွှထိသွားရင် ဘယ်နှယ့်လုပ်မလဲ ခင်မင်း”

“ဟို…ကိုကြီးဆောင် ပစ်တာကော ဟုတ်ရဲ့လား ကိုကို”

ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်ရင်း သူမမေး၏။



“ဟာ…ခင်မင်းကလဲ ဒီဝန်းကျင်မှာ ကိုကြီးဆောင်ပဲရှိတာ၊ ကဲ…လာ ကိုကြီးဆောင်ဆီ သွားရအောင်”

ခင်မင်းလက်ကို ဆွဲ၍ သူတို့ထွက်ခဲ့သည်။ သို့သော် အုံ့ဩစရာကောင်းစွာ အနီးအနားမှာ ကိုကြီးဆောင်ကို မတွေ့ရပါ။

“ကိုကြီးဆောင်၊ ခင်ဗျား ဘယ်မှာပုန်းနေလဲ”

သူအော်ခေါ်သည်။ ရုတ်တရက် ကိုကြီးဆောင် အသံမကြားရပေ။

“ကိုကြီးဆောင်…ခင်ဗျားနောက်တာ ကျွန်တော်သိတယ်နော်”

“ဟော…ခွန်မင်း”

“ဟင်…ကိုကြီးဆောင်”

ခပ်လှမ်းလှမ်းတောအုပ်ထဲမှ ကိုကြီးဆောင် ထွက်လာ၏။

“မင်းဘာတွေအော်နေတာလဲ ခွန်မင်း”

“ခင်ဗျား ခပ်တည်တည်လုပ်မနေနဲ့ ကိုကြီးဆောင်၊ ဒီမှာ သက်သေပဲ”

သူက လက်ထဲမှ ခဲလုံးကို ပြ၍မေးလိုက်သည်။ ကိုကြီးဆောင်က သေချာကြည့်ပြီး ခေါင်းခါယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ငါလုပ်တာမဟုတ်ဘူး"

"လုပ်မနေနဲ့၊ ဒီနားမှာ ခင်ဗျားတစ်ယောက်တည်းရှိတာ"

"ဟာ…တကယ်ပြောတာကွ၊ ငါ ငါးမျှားနေတုန်း လူရိပ် တွေ့တာနဲ့ လိုက်တာ"

"ဟင်"

"ဟုတ်တယ် ခွန်မင်း၊ ငါတို့နောက်ကို လူတစ်ယောက် လိုက်နေသလိုပဲ"

ထိုစကားကြောင့် ခင်မင်းမျက်နှာလေး မသိမသာပျက် သွား၏။ ဒါကို သူတို့နှစ်ယောက်က သတိမထားမိပေ။

"ဘယ်သူလဲဗျ၊ ဘာကြောင့်လိုက်တာလဲ ကိုကြီး ဆောင်"

"လူကိုမမိလိုက်လို့ပေါ့ကွ၊ ဒီတောကို အတော်ကျွမ်းကျင် ပုံပဲ ခွန်မင်း၊ ကဲ…ကဲ လာကြ ငါ ငါးကင်ထားတယ်"

ကိုကြီးဆောင်က တကယ်ပဲ ငါးတွေကင်ထား၏။ ငါးကင်နံ့ရမှ သူတို့ ဗိုက်ဆာလာသည်။

"ကျွန်တော်တို့မှာ ပေါင်မုန့်နဲ့ အအေးဗူးတွေ ပါလာတာ အတော်ပဲ ခင်မင်း၊ စား"





"ကိုကိုလည်း စားပါ"

"ကောင်းကွာ…တစ်ယောက်နဲ့တစ်ယောက် ကြင်နာနေ လိုက်တာ ငါးမျှားပြီးကင်ထားတဲ့ ငါ့ကိုတော့ ဘယ်သူမှ မကျွေး ကြဘူး"

ထိုစကားကြောင့် သူတို့ဘာသာ ပြုံးမိကြ၏။

"ကိုကြီးဆောင်က ကိုယ့်ဘာသာယူစားပေါ့ဗျ၊ မဟုတ် ဘူးလား ခင်မင်း"

"ဟုတ်တယ် ကိုကို"

"အေး…အေး မင်းတို့ကို ငါပဲ အရှုံးပေးတယ်ဟေ့"

ပြောရင်း ငါးကင်တစ်ကောင်နှင့် အအေးတစ်ဗူးယူကာ ကိုကြီးဆောင် ထွက်သွားလေ၏။ သူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးကြည့်ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျော်လား ခင်မင်း"

"ပျော်တာပေါ့ ကိုကို၊ ကြည့်ပါဦး ရေတံခွန်ကြီး စီးဆင်းနေတာကလည်း ဘယ်လောက်လှသလဲ၊ ပန်းတွေကလည်း ရောင်စုံဖူးပွင့်နေလိုက်တာ ယုန်ဖြူလေးတွေနဲ့ ဒီလောက်သာယာလှပတဲ့ ကမ္ဘာမှာ ကိုကိုနဲ့ နှစ်ယောက်တည်းရှိတာ"

တကယ်ပဲ သူမမျက်နှာလေးမှာ လင်းလက်တောက်ပလျက် ပြုံးပျော်နေ၏။ သည်နေ့တော့ သူတို့လာတာ နှစ်ယောက်တည်း။ ကိုကြီးဆောင် အိမ်မှာကျန်ခဲ့သည်။

"ရန်ကုန်မှာတော့ လူသံ ကားသံတွေ ဆူညံနေတာပဲ၊ ခုလို သာယာလှပတဲ့ ရှုခင်းတွေမြင်ရတော့ စိတ်ထဲ ကြည်နူးသွားတာအမှန်ပဲ ခင်မင်း"

အပြာနုရောင် ဝတ်စုံလေးဖြင့် နက်မှောင်သော ဆံပင်လေးများ လွင့်ပျံကျဲလျက် ခင်မင်းညီသည် ဖြူဖွေးနုနယ်လှပနေ၏။





"ကိုကိုပျော်တယ်ဆိုရင် ခင်မင်း ဝမ်းသာပါတယ်၊ ကိုကို မပျော်မှာသာ ခင်မင်း ကြောက်တာ"

"ဟောဗျာ…ဘာဖြစ်လို့လဲ"

သူပြုံးကာ မေးသည်။ သူမပြုံး၍ သူ့ကိုကြည့်၏။

"ကိုကို…ခင်မင်းနားက ခွဲသွားမှာကြောက်လို့"

"အဟွန်း…ဟွန်း ခင်မင်းရယ် ဖြစ်မှဖြစ်ရလေဗျာ၊ ဘာကြောင့် ကိုယ်က ခင်မင်းနဲ့ ခွဲရမှာလဲဟင်၊ ခုပဲ ကိုယ်နဲ့ ခင်မင်းကို ဦးညီက လက်ထပ်ပေးတော့မှာမဟုတ်လား"

သူမလက်လေးကို တင်းတင်းဆွဲဆုပ်ကိုင်၍ သူပြောမိ၏။ သည်တော့ ဖြူနုသော ပါးပြင်လေးတွေ ရှက်သွေးဖြာကာ မျက်လွှာချသွား၏။

"ကိုကို"

"ဗျာ"

"ကိုကို…ခင်မင်းနဲ့ လက်ထပ်မှာ ဘာကြောင့်လဲဟင်"

"ဟင်…ဘာမေးတာလဲ ခင်မင်း"

ရုတ်တရက် ခင်မင်းအမေးကို သူနားမလည်ဖြစ်သွား၏။ ခင်မင်းက မျက်တောင်ကော့လေးများ ပင့်၍ သူ့ကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှပသော သူမမျက်ဝန်းတွေက တစ်စုံတစ်ခုကို အဖြေရှာနေသလို လို။

"မသိချင်ယောင် မဆောင်ပါနဲ့ ကိုကိုရယ်၊ ကိုကို ခင်မင်းကို လက်ထပ်ဖို့ ခေါင်းညိတ်တာ ဒက်ဒီစကားကို မလွန်ဆန်နိုင်လို့ မဟုတ်လား"

သည်တော့မှ သူမ ဘာကိုဆိုလိုချင်တာလဲဟု သူ သဘောပေါက်သွား၏။ လှပသော သူမမျက်နှာလေးကို စိုက်ကြည့်မိသည်။

"မှန်တာပြောရရင် ဦးညီရဲ့စကားကို မလွန်ဆန်ချင်တာကော ခင်မင်းဟာ ဦးညီရဲ့သမီးဖြစ်နေတဲ့အတွက်ကော အားလုံးပေါ့ ခင်မင်း"

"ဪ…တကယ်လို့ ခင်မင်းသာ ဒက်ဒီ့သမီး တစ်ယောက် မဟုတ်ဘဲ တခြားတစ်ယောက်ဆိုရင် ကိုကို လက်မခံဘူးပေါ့"

"အဟွန်း…ဟွန်း ခင်မင်းရယ်၊ စိတ်ကလည်း ကောက်လိုက်တာ၊ ခင်မင်းဟာ ဘယ်သူ့သမီးပဲဖြစ်ပါစေ ကိုယ်လက်ထပ်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ ကိုယ် ခင်မင်းကို သံယောဇဉ်ရှိတယ်





လေ"

"ရှင်…တကယ်"

မျက်ဝန်းခြင်း ဆုံကာ သူပြောတော့ သူမ ခေါင်းလေးငုံ့သွားရပြန်သည်။ တကယ်တမ်းမှာ ဒီစကားကြားချင်ခဲ့တာ၊ ယခုလို ပြောပြန်တော့ စိတ်ထဲ ကြည်နူးလှိုက်ဖိုရပါသည်။

"ပြောပါဦး ခင်မင်းကော ကိုယ့်ကိုချစ်လား"

"ဟင်"

သူက သူမကိုယ်လေးကို ရင်ခွင်တွင် ဆွဲယူလျက် အဖြေ ဖြင့် မေး၏။ လက်ညှိုး၊ လက်မလေးဖြင့် သူမမျက်နှာလေးကို ဆွဲမော့ယူကာ စိုက်ကြည့်သည်။

"ဖြေလေ ခင်မင်း"

"ဘာဖြေရမှာလဲ ကိုကို"

"ကြည့်စမ်း…မသိချင်ယောင်ဆောင်တဲ့ ကောင်မလေး"

"အို"

သူမမျက်ဝန်းလေးတွေ မှေးမှိတ်သွားရ၏။ ဘာကြောင့်ရှား ကိုကို့အနမ်းတွေအောက်မှာ သူမ ငိုချင်ရတာပါလိမ့်။ မွန်းကြပ်လာတော့ ကိုကို့ရင်ခွင်မှ ရုန်းထွက်ဖို့ ကြိုးစားသည်။ သူက ပိုတိုး



www.burmeseclassic.com

www.burmeseclassic.com



ဖက်၏။

"လွှတ်ပါ ကိုကို"

"ဖြေမှ"

"ဘာ…ဖြေရမလဲဟင်"

"အဟွန်း…မသိသေးရင်"

"အို…ချစ်တယ် ကိုကို"

သူမ မျက်နှာလေးပေါ် သူ့မျက်နှာကြီး ထပ်မံအုပ်ကျလာတော့ အလန့်တကြားဖြေလိုက်ဟန်လေးကြောင့် သူ လိုက်လှဲ့ရွှာရယ်မောမိ၏။

"အဟွန်း…ဟွန်း ခင်မင်းလေးရယ်"

ထိုစဉ်…

"ဝှစ်"

"ဟာ"

ဓားမြှောင်တစ်ချောင်း ဖျံ့သန်းလာတာကြောင့် သူက ဖျတ်ခနဲ ခင်မင်းကိုယ်လေးအား ဆွဲလှဲ့ယူ၍ ရှောင်လိုက်၏။

"အို…ကိုကို"

နှစ်ယောက်သား အရှိန်လွန်ကာ မြက်ခင်းစိမ်းစိမ်းပေါ်





သဲကျသွားသည်။

"ခထာ…ခင်မင်း"

သူက နေရာမှ ဆတ်ခနဲထ၍ ပြေးသွား၏။ ခင်မင်းကြောင်ကျန်ခဲ့သည်။

"ဟိတ်…မပြေးနဲ့"

"ယား"

"ဖှာင်…ခွပ်…ခွပ်"

သူ၏လျှင်မြန်သော ခြေလှမ်းတွေက တောအုပ်လေးထဲမှ ဓားပေါက်သမားကို မှီသွားသည်။

သို့သော် တစ်ဖက်လူကမခံ သူ့ကိုပြန်လည်တိုက်ခိုက်တာကြောင့် သူ့ရှောင်တိမ်းကာ သန်မာသောလက်သီးတို့ဖြင့် နှစ်ဆက်ဆင့်တာ ထိုးလိုက်၏။

"ပြောစမ်း…မင်းဘယ်သူလဲ၊ ဘာကြောင့် ငါ့ကို ဓားနဲ့ပေါက်တာလဲကွဟင်"

သူ့လက်သီးများအောက်မှ ဓားပေါက်သမား မလှုပ်သာတော့။ ကြည့်စမ်း…အသက်အားဖြင့် သူ့ထက်အနည်းငယ်သာသော်ငယ်သည့် အသားဖြူဖြူ လူချောတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတွန့်ဆံပင်များက နဖူးပေါ်ဖြာကျလျက် သူ့ကို အံ့ကြိတ်စိုက်ကြည့်၏။

"ဟိတ်ကောင်…ငါ့မေးတာဖြေလေကွာ"

"ငါ့ကို သတ်ချင်သတ်လိုက်"

"ဩော်…မင်းကဒီလိုလား"

သူ့လက်သီးများက ဓားသမားမျက်နှာပေါ်သို့ နောက်တစ်ကြိမ် ရောက်မည့်အခိုက်…

"ကိုကို"

"ဟင်…ခင်မင်း လာ…လာ ဒီမှာ ဓားသမားကိုမြင်"

ခင်မင်းက သူတို့ရှိရာ တစ်လှမ်းခြင်း ဖြည်းကပ်လာ

ထို့နောက် သူ့လက်ထဲမှ ဓားသမားကို ရိဝေစွာ ကြည့်သည်။

"သူ့ကိုလွှတ်လိုက်ပါ ကိုကို"

"ဟင်"

ရုတ်ဆရက် ခင်မင်း တောင်းဆိုမှုက သူ့ကို အံ့ဩသွားစေ၏။ သူ့လက်ထဲမှ ဓားသမားက ခင်မင်းကို စိုက်ကြည့်သည်။

"နင် ငါ့အတွက် တောင်းပန်ပေးစရာမလိုဘူး"

ထိုစကားကို ဓားသမားက တိုင်းရင်းသားဘာသာနှ





ပြောလိုက်ခြင်းပါ။ ဒါကို သူနားမလည်။

"သူဘာပြောတာလဲ ခင်မင်း"

သူမေးတော့ ခင်မင်း ခေါင်းခါယမ်းသည်။ ထို့နောက် မျက်နှာလေးငုံ့ကာ…

"ခင်မင်း တောင်းပန်ပါတယ် ကိုကို၊ သူ့ကိုလွှတ်ပေးလိုက်နော်"

"ဟင်း…ကောင်းပြီလေ၊ ဟိတ်ကောင် မင်းကံကောင်းသွားတယ်မှတ်ပါ၊ ကဲ…သွား"

နားရင်းတစ်ချက်အုပ်ကာ ပြန်လွှတ်ပေးလိုက်၏။ သူ့လက်ထဲမှ လွှတ်တာနှင့် ခင်မင်းကို တစ်ချက်စိုက်ကြည့်ပြီး ဓားသမား လှစ်ခနဲ ပြေးထွက်သွားတော့သည်။

"ကိုကိုတော့ ဘာမှနားမလည်တော့ဘူး ခင်မင်း၊ သူဟာ ကိုကိုတို့ကို ရန်မူတာ ဘာကြောင့်လွှတ်ခိုင်းရတာလဲ"

"ရန်သူဆိုပေမယ့် တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်သင့်တယ်ထင်လို့ပါ ကိုကို"

"အဟွန်း…ခင်မင်း စိတ်ထားလေးက နူးညံ့လိုက်တာ ရှာ"



www.burmeseclassic.com

www.burmeseclassic.com



"အို...ကိုကို"

သေးကျဉ်းသော သူမခါးလေးကို ဆွဲယူဖက်ကာ

ရင်ချင်းအပ်သည်။

"ပြောစမ်းပါဦး ခင်မင်း၊ ဘာမှမဆိုင်တဲ့ ရန်

တစ်ယောက်ကိုတောင် ဒီလိုကြင်နာတတ်ရင် ကိုကို့အပေါ်

တစ်သက်လုံး ချစ်ကြင်နာမယ် မဟုတ်လား"

"ဘာတွေမေးနေတာလဲ ကိုကိုရယ်"

သူ့ရင်ဘတ်ကြီးကို ဖြူနုသော လက်ချောင်းလေးများ

သူမ အသာတွန်းဖယ်သည်။ သို့သော် သန်မာသော သူ့လက်

ကြားမှာ သူမ အလျှော့ပေးရပါသည်။

"ကိုကိုကြားချင်တယ်၊ ကိုကို့အပေါ် ခင်မင်း တစ်သ

လုံးချစ်မှာလားဗျာ"

"ဒါ ပြောစရာလားရှင်"

"အဟွန်း...ခင်မင်းက ကိုကို့ဇနီးလောင်းလေ၊

နှုတ်ခမ်းလေးက ပြောတာ ကြားချင်တယ်"

ပြောရင်း နှင်းဆီလွှာကဲ့သို့ နုဖတ်သော နှုတ်ခမ်း

လေးကို နမ်းရှိုက်သည်။ ဝန်းရန့်တို့က မွေးကာ လိပ်ပြာလေး



တ အနားမှာပျံဝဲလျက်။

"ချစ်လားဟင် ခင်မင်း"

"အင်း"

"အဟွန်း...ဟွန်း ကလေးရယ်"

"အို...အို"

တောင်ပေါ်မှာ ဖြာကျနေသော ရေတံခွန်က အရှိန်အဟုန်

ပြင်းထန်လျက်။ ထို့အတူ ကိုကို၏အချစ်တွေကလည်း ရေတံခွန်

ကြီးနှင့်အပြိုင်လေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ…ဘာကြောင့် ဓားသမားကို လွှတ်လိုက်ရတာလဲ၊ ဟိုတစ်နေ့က ငါမြင်လိုက်တဲ့ လူရိုပ်ဟာလည်း အဲဒီကောင်ပဲကွ"

ညဘက်မှာ ကိုကြီးဆောင်နှင့် ခြံထဲမှာ စကားပြောဖြစ်ခဲ့သည်။ အပြင်မှ ပြန်ရောက်လာသော ခင်မင်းက ပင်ပန်းတယ်ဟုဆိုကာ အခန်းထဲမှ ပြန်မထွက်တော့။

"ကျွန်တော်လည်း ခင်မင်းတောင်းပန်တာနဲ့ ကိုကြီးဆောင်"

"ကျွတ်…ခင်မင်းက ဘာကြောင့် လွှတ်ခိုင်းရတာလဲ၊ တကယ်ဆို မင်းတို့ကို ရန်မူတဲ့လူပဲ"

ကိုကြီးဆောင်က အားမရဖြစ်နေ၏။ ဟိုတစ်နေ့ကတည်းက ခနှင့်ပစ်ပေါက်တဲ့လူကို ကိုကြီးဆောင်ရှာခဲ့တာပဲ။

"ခင်မင်းက စိတ်ထားနူးညံ့လွန်းတယ်၊ ကိုကြီးဆောင်





ကျွန်တော့်သူရှေ့မှာ လက်သီးနဲ့ထိုးတာကိုတောင် မျက်နှာပျက်နေလို့"

"မိန်းကလေးတွေက အဲဒါခက်တယ်၊ ရန်သူကိုလည်း သနားတော့ ကိုယ့်အတွက် အန္တရာယ်ရှိတာမျိုး ခွန်မင်း"

"ကျွန်တော် ခင်မင်း စိတ်မချမ်းသာတာကို မလုပ်ချင်ပါဘူးဗျာ"

ဖြူစင်သော ခင်မင်းနှလုံးသား ထိခိုက်ညှိုးငယ်မှာမျိုးသူ မလိုလားပါ။ ကိုကြီးဆောင်က ပခုံးတွန့်ပြုံးသည်။

"မင်းကတော့ လုပ်ပြီ၊ လက်တောင်မထပ်ရသေးဘူး၊ ခုကတည်းက ခင်မင်းသဘော ဟုတ်လား"

"အဟွန်း…ဟွန်း ဘာလဲ ကိုကြီးဆောင်က မနာလိုဖြစ်တာလား"

"တော်စမ်းပါကွာ၊ ဒါကြောင့် ငါမိန်းမမယူတာ"

ထိုအပြောကြောင့် သူရယ်လေ၏။

"ကိုကြီးဆောင်ကို ကျွန်တော်နဲ့ အဖော်ရအောင် မိန်းမယူစေးမှ"

"အမယ်ကွာ…ဒါမျိုးအဖော်တော့ တော်စမ်းပါ ခွန်မင်း



www.burmeseclassic.com

www.burmeseclassic.com



ရာ"

"တကယ်လားဗျာ"

ကိုကြီးဆောင် ပခုံးကို သူပြုံး၍ဖက်သည်။

"ဒီမှာခွန်မင်း ... ငါစဉ်းစားမိတယ်"

"ဘာများလဲ ကိုကြီးဆောင်"

"ဟိုကွာ...အဲဒီစားသမားဟာ ခင်မင်းနဲ့များ တစ်စုံတစ်ရာ ပတ်သက်နေမလား"

"ဟင်"

သူ့လက်တွေ ကိုကြီးဆောင် ပခုံးပေါ်မှ ပြုတ်ကျသွား၏။

"ဘယ်လိုပြောလိုက်တာလဲ ကိုကြီးဆောင်"

"မဟုတ်ဘူးလေကွာ၊ အဲဒီလူက မင်းကို ဘာကြောင့် ရန်မူတာလဲ၊ အဖြေရှာရမယ်"

သည်တော့မှ သူ၏ထူထဲသော မျက်ခုံး မသိမသာ တွန့်သွား၏။

ဟုတ်သားပဲ...ဘာကြောင့် သူ့ကိုရန်မူတာလဲ။

"မင်းက ခုမှ ဒီနယ်ကိုရောက်တာလေ ခွန်မင်း"

"ဟုတ်တယ် ကိုကြီးဆောင်"



"ဒီတော့.. တို့စဉ်းစားစရာ ခင်မင်းပဲရှိတယ်"

ဒီစကားကို သူလက်မခံချင်စွာ ခေါင်းခါယမ်း၏။

"မဖြစ်နိုင်ဘူး ခင်မင်းဟာ ရိုးသားဖြူစင်တဲ့မိန်းကလေးပဲ ကိုကြီးဆောင်"

"ငါကလည်း ခင်မင်းကို မရိုးသားဘူးလို့ မပြောပါဘူး၊ ဒါပေမယ့်..."

"ကျွန်တော်ကတော့ ခင်မင်းကို ယုံတယ်၊ ပြီးတော့ ခင်မင်းဟာ အိမ်ထဲကထွက်တဲ့ မိန်းကလေးမျိုးမဟုတ်ဘူး"

"အေးကွာ... ထားလိုက်ပါတော့...ကဲ..ကဲ အဲဒီကိစ္စ မေ့လိုက်ရအောင်"

ကိုကြီးဆောင်က နေရာမှထ၏။ သူသက်ပြင်းချသည်။ ထိုစဉ် နိုင်းသည့်ကောင်မလေး ရောက်လာကာ...

"ဆရာက သခင်လေးတို့ကို ခေါ်ခိုင်းလိုက်ပါတယ်ရှင်"

"ဪ... အင်း၊ ကောင်းပြီ"

ကိုကြီးဆောင်နှင့်သူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၏။

"ယောက္ခထီးကြီးက အခေါ်တော်ဆင့်ပြီဆိုတော့...

www.burmeseclassic.com

www.burmeseclassic.com



သွားဦး ခွန်မင်းရေ”

“ကိုကြီးဆောင် လိုက်ခဲ့လေဗျာ”

“ဟာ…စိန်ကောင်း ကျောက်ကောင်း ရောင်းတဲ့နေရာမှာ ဆေးရိုးသည်ကန့်လန့်မပါ ပါရစေနဲ့”

ကိုကြီးဆောင်က သူ့ပခုံးကို တစ်ချက်ပုတ်ပြီး ထွက်သွား၏။ သူ အိမ်ထဲ ဝင်ခဲ့သည်။

စာကြည့်ခန်းမှာ ဦးညို စောင့်နေ၏။ သူ ဝင်သွားသည်။

“ကျွန်တော်ကို ခေါ်တယ်ဆို ဦးညို ”

“ဪ… အေးကွာ မင်းနဲ့သမီးတို့ မင်္ဂလာကိစ္စ အားလုံး ဦးညို စီစဉ်ပြီးပြီ”

“ဗျာ…”

“ဟုတ်တယ်… ရင်းနှီးတဲ့မိတ်ဆွေတချို့ဖိတ်ပြီး ခြံထဲမှာပဲ ကျင်းပမယ် ခွန်မင်း”

“ခင်မင်းသဘောကကော ဦးညို”

သူကတော့ ဒီကိစ္စတွေကို စီစဉ်တတ်တာမဟုတ်၊ အစစအရာရာ ဦးညိုသဘောဟု ထားလိုက်၏။

“အင်း…သမီးကလည်းဘာမှမပြောင်းပါဘူး၊ အစက





တည်းက သမီးက လူရွေးတာ၊ စည်ကားတာတွေ မကြိုက်ဘူး”

“ကျွန်တော်ကတော့ ခင်မင်းသဘောတူရင် ပြီးတာပါပဲ ဦးညို”

“အဟား…ဟား မင်းဒီလိုပြောမယ်ဆိုတာ ငါထင်သားပဲ ခွန်မင်း မင်းလိုလူမျိုးလက်ထဲ ငါ့သမီးထည့်ရတာ တကယ် စိတ်ချတယ်ကွာ”

ဦးညိုက သူ့ပခုံးနှစ်ဖက်ကို တင်းတင်းကြီးဆုပ်ကိုင်ကာ သဘောကျစွာ ပြောလေသည်။

သူ့အတွက်ကတော့ ဦးညိုကလည်း ဒုတိယမိဘဟု သဘောထားပါသည်။

“ဒီစကားကြားရတာ ဝမ်းသာပါတယ် ဦးညို”

“အေးကွာ…မနက်ဖြန် မင်းတို့အတွက် အဝတ်အစား ချုပ်မယ့်သူလာမယ်၊ မင်းတို့ အစိုင်းတွေ ယူလိမ့်မယ်”

“ခင်မင်းကော သိထားပြီလား ဦးညို”

“အင်း…ပြောထားတယ်၊ ကဲ…ကဲ မင်းလည်းနားတော့ ခွန်မင်း”

“ဟုတ်ကဲ့”



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူပြန်ထွက်ခဲ့ပေမယ့် ရင်ထဲမှာ ဘဝင်မကျချင်ပေ။ မင်္ဂလာဆောင်နှံ့အတွက် အဝတ်အစားကို သူနှင့်ခင်မင်း အရင်ဆုံး တိုင်ပင်သင့်တယ်ဟု ထင်၏။

ထို့ကြောင့် ခင်မင်းအခန်းဆီ လာလိုက်သည်။

"ဒေါက်...ဒေါက်"

ပိတ်ထားသော ခင်မင်းအခန်းကို သူလက်ဖြင့် ဖွဖွခေါက်လိုက်သည်။

"ဘယ်သူလဲ"

ခင်မင်းအသံလေး ထွက်ပေါ်လာ၏။

"ကိုယ်ပါ ခင်မင်း"

"သြော်...ကိုကို"

ခဏကြာတော့ အိပ်ရာမှ ထလာဟန် ဆံပင်လေးတွေ ဖရိုဖရဲဖြင့် ခင်မင်း တံခါးလာဖွင့်သည်။

"အိပ်ပျော်နေသလား ခင်မင်း"

"ဟင့်အင်း ကိုကို"

ခင်မင်းမျက်နှာ အနည်းငယ် မကောင်းတာ သူသတိပြုမိ၏။





"နေမကောင်းဘူးလား ခင်မင်း"

ပြောရင်း ခင်မင်း၏နဖူးလေးကို သူဖျတ်ခနဲ စမ်းလိုက်သည်။

"ကိုယ်လည်းမပူပါလား"

"ခင်မင်း နေကောင်းပါတယ်ကိုကို"

"ဒါဆို ကိုကိုတို့ ခြံထဲခဏဆင်းရအောင် ခင်မင်း"

"ဟုတ်ကဲ့၊ ခဏနော် ကိုကို"

ခင်မင်းက အနက်ရောင် ဆွယ်တာပါးလေးယူပြီး သူနှင့် အတူထွက်ခဲ့၏။

"ကိုကိုတို့ မင်္ဂလာကိစ္စအားလုံး ဦးညီ စီစဉ်ပြီးပြီဆိုတာ ခင်မင်းသိလား"

"ဟုတ်ကဲ့ ကိုကို"

ပြန်ဖြေသော ခင်မင်းအသံက တိုးဖျော့လှသည်။

"နောက်ဖြန့်...စက်ချုပ်ဆရာမလာမယ်တဲ့ ခင်မင်း"

"ဒက်ဒီပြောပါတယ်"

တကယ်ဆို ဒီကိစ္စဟာ မိန်းကလေးဖြစ်တဲ့ ခင်မင်းကသာ အသယ်လိုအရောင်ဝတ်မယ်၊ ဘာညာစသည်ဖြင့် ပြောသင့်တယ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်၏။

"ကိုယ်တို့ မင်္ဂလာဝတ်စုံအတွက် ,ခင်မင်း စိတ်ကြိုက်ဖြစ်ရဲ့လား"

"ဘာကိုလဲ ကိုကို"

"ဪ…အရောင်အသွေးကအစပေါ့ ခင်မင်း"

"ဒက်ဒီက အဖြူပဲ စီစဉ်ထားတယ် ကိုကို"

"ခင်မင်းသဘောကကော"

နေရာတကာ ဦးညီသဘောဟု ခံယူတာမျိုး သူမကြိုက်ချင်ပါ။ ထို့ကြောင့် နေရာမှတုန့်ခနဲရပ်ကာ သူမ မျက်နှာလေးကိုကြည့်၍ မေးမိ၏။ သူမ မျက်လွှာချကာ…

"ခင်မင်းလည်း အဖြူရောင်ကို ကြိုက်ပါတယ် ကိုကို"

"ဪ"

"ဟို…ကိုကိုက ဘယ်လိုဖြစ်စေချင်တာလဲဟင်"

မျက်တောင်ကော့များ ပင့်၍ ခင်မင်း မေးလာသည်ကို သူပြုံး၍ ခေါင်းတစ်ချက်ခါယမ်း၏။

"အဟွန်း…ကိုကိုက ခင်မင်းသဘောပါပဲဗျာ"

"ကိုကိုရယ်"





သူ့ရင်ခွင်ကျယ်ကြီးထဲသို့ သူမ ခိုဝင်လာကာ မျက်ဝန်းလေးတွေ မှေးမှိတ်လေ၏။ သူ့လက်အစုံက ခင်မင်းကို ခပ်ဖွဖွ ဖြန့်ဖက်ထားရင်း ဘာကြောင့် သက်ပြင်းချမိရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"သတို့သမီးလာပြီ"

တစ်စုံတစ်ယောက်၏အသံက သူ့နားထဲသို့ ရောက်လာသည်။ သည်နေ့ သူနှင့် ခင်မင်းညီတို့ လက်ထပ်ပွဲကျင်းပခြင်းဖြစ်၏။ ဦးညီ ဖိတ်ကြားထားသော မိတ်ဆွေများနှင့် ဒကာ်ဒီတို့ မိတ်ဟောင်းတချို့ပါသည်။

သူက ရောက်ရှိနေသော ဧည့်သည်များကို လိုက်လံနှုတ်ဆက်နေစဉ် ဦးညီက သတို့သမီးဖြစ်တဲ့ ခင်မင်းကို သွားခေါ်လာ၏။

အကျဉ်းချုံးကာ ခြံထဲမှာပဲ ကျင်းပသည့်ပွဲမို့ ညနေဘက်ဖြစ်၏။ သူကိုယ်တိုင်က အနောက်ဝ ်းဝ ုံအဖြူနှင့် ခင်မင်းကို ကြည့်လိုက်မိသည်။

"ကြည့်စမ်း...ခင်မင်းညီက အဖြူရောင်ဂါဝန်ရှည်ရှည်လေးနဲ့ သတို့သမီးပီသစွာ လှနေပါလား"





ဦးညီက သူ့ထံသို့ သူမကို တွဲခေါ်လာ၏။ သူ လက်ကမ်းပြီလိုက်ချိန်မှာ ပရိသတ်ထံမှ လက်ခုပ်သံတွေ ဆူညံစွာပေါ်လာသည်။

"သိပ်လိုက်တဲ့ စုံတွဲပဲ"

"ဟုတ်တယ်၊ သတို့သားကလည်း ခန့်ခန့်ချောချော၊ သတို့သမီးကလည်း ဖြူဖြူချောချောနဲ့"

"ဦးစိုင်းညီတို့ကတော့ တစ်ခါတည်း အပိုင်လုပ်လိုက်သလဲ၊ မောင်ခွန်မင်းဆက်ကို ထိန်းသိမ်းစောင့်ရှောက်ခအဖြစ် သားခံတော်လိုက်တာပဲဗျ"

"အားလုံး တစ်စုတပေါင်းတည်း ဖြစ်သွားတာပေါ့ဗျာ၊ အား...ဟား"

လူကြီးပိုင်းအရွယ် ဧည့်သည်များ၏ ဝေဖန်သံတချို့ကို ကြားရတာက ကိုလှဆောင်။

သူလည်းကြားလိုက်ပေမယ့် ယခုချိန်မှာ ဒါတွေ ဂရုမစိုက်တော့ပါ။ ဦးညီကို ကျေးဇူးဆပ်ရာကျသလို ခင်မင်းအပေါ်မှာလည်း မေတ္တာစေ့ရှိတာကြောင့် ဒီမင်္ဂလာပွဲကို ကျေနပ်စွာ လက်ခံလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ခုချိန်ကစပြီး ဦးရဲ့သမီးကို သားရဲ့လက်ထဲ အပ်တိုင် အပ်နှင်းပါတယ်ကွယ်"

ခင်မင်းညီ လက်လေးကို သူ့လက်ထဲထည့်ပေးရင်း ဦးညီက ပြုံး၍ပြော၏။ သူက ခင်မင်းလက်လေးကို ဖွဖွဆုပ်ကိုင်ထား

"ကျွန်တော် ရာသက်ပန် စောင့်ရှောက်ပါ့မယ် ဦးညီ"

"ကျေးဇူးပါပဲကွာ"

သူတို့နားမှာ ရင်းနှီးသော မိတ်ဆွေတွေနှင့် ဓာတ်ပုံ၊ ဗွီဒီယိုသမားများ ဝိုင်းနေသည်။ ဦးညီက စင်မြင့်ပေါ် တက်သွား၏။

"ကြွရောက်လာတဲ့ ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့ ခင်ဗျား ယခုချိန်မှာ ကျွန်တော့်ရဲ့ တစ်ဦးတည်းသောသမီး ကျွန်တော့်ကျေးဇူးရှင် အစ်ကို အစ်မများရဲ့ တစ်ဦးတည်းသော သား ကျွန်တော်ကိုယ်တိုင်က တူအရင်း သားအရင်းလို စောင့်ရှောက်ခဲ့တဲ့ ဒေါက်တာခွန်မင်းဆက်တို့ရဲ့ လက်ထပ်မင်္ဂလာ ညစာခံပွဲပါခင်ဗျား၊ သည်နေ့အခန်းနားဟာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံ ပါတယ်၊ ကြွရောက်လာတဲ့ ဧည့်သည်တော်အပေါင်းကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်"

လက်ခုပ်သံတွေ ဆူညံသွား၏။ ဦးညီ စင်မြင့်ပေါ်





င်းလာကာ ဧည့်သည်တွေကို လိုက်ဧည့်ခံသည်။ သတို့သား၊ သတို့သမီးတို့ ဧည့်ခံရာမှာ ဓာတ်ပုံနှင့် ဗွီဒီယိုသမားတွေ။

"အန်ကယ်က ဦးခွန်နောင်ရဲ့မိတ်ဆွေ ဦးမိုးစောပါ ဒေါက်တာ၊ ဒါက အန်ကယ့်သမီး စောယွန်းငယ် ရန်ကုန်တက္ကသိုလ်က ကျောင်းပြီးလာတယ်"

အထက်တန်းကျကာ ဥပဓိရုပ်ခန့်ညားသည့် အသက် ငါးဆယ်ကျော်ဝန်းကျင် အမျိုးသားကြီးတစ်ယောက်နှင့် အသက် နှစ်ဆယ်ကျော်ဝန်းကျင် အမျိုးသမီးလေးတစ်ယောက်ကို တွေ့ရ၏။

ဒက်ဒီ၏မိတ်ဆွေဆိုတာကြောင့် သူ ခင်မင်လေးစားသွားရသည်။

"တွေ့ရတာဝမ်းသာပါတယ် အန်ကယ်၊ ဒက်ဒီ မရှိတော့ပေမယ့် အန်ကယ်ကို ဒက်ဒီ့ မိတ်ဆွေအဖြစ်လေးစားပါတယ်၊ စောယွန်းငယ်ကိုလည်း တွေ့ရတာဝမ်းသာပါတယ်ခင်ဗျာ"

ထိုအချိန် ခင်မင်းသည် ဦးညီနှင့်အတူ တခြားမိတ်ဆွေများထံ ရောက်နေတာမို့ သူတစ်ယောက်တည်း။ အန်ကယ် ဦးမိုးစောကို သူ လက်ဆွဲနှုတ်ဆက်လိုက်၏။ ယဉ်ကျေးမှုအရ စောယွန်းငယ်ကိုတော့ ပြုံးပြနှုတ်ဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ကလည်း မောင်ရင်နဲ့ ခုလိုဆုံစည်းရတာ ဝမ်းသာပါတယ်ကွယ်၊ ဦးခွန်နောင်မျက်နှာကြောင့် ဒီမင်္ဂလာပွဲကို အန်ကယ်တို့လာတာပါ၊ ခုတော့ မောင်ခွန်မင်းနဲ့လည်း တွေ့ပြီပဲ အန်ကယ်တို့ သွားစရာလေးရှိလို့ ခွင့်ပြုပါဦးကွယ်"

"ကောင်းပါပြီ အန်ကယ်၊ ခုလို လာရောက်အားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ မဒေါ်ယွန်းငယ်ကိုလည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဒေါက်တာ၊ ကျွန်မတို့ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဦးမိုးစောတို့သားအဖ နှုတ်ဆက်ပြီး ပြန်သွားကြပြီးမကြာခင် သူတို့နားသို့ ဦးညီတို့သားအဖ ပြန်ရောက်လာသည်။

"ကိုကို ပျင်းနေပြီလား"

"ဟာ...ဟင့်အင်း မပျင်းပါဘူး ခင်မင်း၊ ခင်မင်း မိတ်ဆွေတွေ နှုတ်ဆက်ခဲ့ပြီလား"

"ဟုတ်ကဲ့ ကိုကို"

အပြုံးတို့ဖြင့် ခင်မင်းက သူ့လက်မောင်းကို တွဲချိတ်ထားပြီး ဦးညီက သူ့မိတ်ဆွေတွေနှင့် တဟားဟားရယ်မောပျော်ရွှင်နေသည်။





သူတို့ဧည့်ခံပွဲပြီးချိန်မှာ မိုးချုပ်ပြီ။ ဧည့်သည်တွေ ပြန်သွားကုန်မှ ဦးညီကို သူတို့ကန်တော့ကြသည်။

"အေး...အေး ဒက်ဒီကတော့ သားနဲ့သမီးကို တစ်သက်လုံး ချစ်ချစ်ခင်ခင် ပေါင်းသင်းသွားတာပဲ မြင်ချင်တယ်"

"စိတ်ချပါ ဒက်ဒီ"

"ခင်မင်းအတွက် မပူပါနဲ့ ဦးညီ"

"ကဲ...ကဲ မင်းတို့လည်း ပင်ပန်းပြီ၊ အနားယူကြတော့၊ ဟိုဘက်တိုက်မှာ မင်းတို့အတွက် အားလုံးပြင်ဆင်ထားတယ်၊ ဒက်ဒီ လိုက်ပို့မယ်၊ လာ"

နောက်ထပ် အသစ်ဆောက်ထားသော အဖြူရောင်တိုက်ကြီးမှာ သူတို့၏ မင်္ဂလာခန်းမကို ပြင်ထားသည်။ ဒါတွေအားလုံး ဦးညီအစီအစဉ်ပါပဲ။

"မင်္ဂလာဦး ဇနီးမောင်နှံတွေဆိုတော့ မင်းတို့ လွတ်လွတ်လပ်လပ်နေလို့ရအောင် ဦးညီ စီစဉ်ထားတာ ခွန်မင်း"

"ဒက်ဒီ အစီအစဉ်ကောင်းပါတယ်၊ နော် ကိုကို"

"အင်း"

ခင်မင်း ဝင်ပြောတာမို့ သူ ခေါင်းညိတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရလျှင် သူ့သဘောက ဒက်ဒီတို့ရဲ့တိုက်ကြီးမှာ နေချင်၏။ ယခုလို လက်ထပ်ပြီး ထိုအိမ်ကထွက်လာရတာ မိဘတွေနှင့် ခွဲလိုက်သလိုပါပဲ။

"ဘယ်လိုလဲ ဒက်ဒီ ပြင်ဆင်ခိုင်းထားတာတွေ ကြိုက်ရဲ့လား သမီးနဲ့ခွန်မင်း"

အားလုံး နောက်ဆုံးပေါ် ခေတ်မီပစ္စည်းတွေဖြင့် အဖြူရောင်တွေ ဖုံးလွှမ်းကာ ရှင်းသန့်လှပနေ၏။

"ကောင်းပါတယ် ဦးညီ"

"သမီးလည်း သဘောကျပါတယ် ဒက်ဒီ"

သည်တော့မှ ဦးညီ ကျေကျေနပ်နပ်ကြီး ပြုံး၏။

"ဒီစကားကြားရတာ ဝမ်းသာတယ်၊ ကဲ…ဒါဆို ဒက်ဒီ ပြန်ပြီ ဂွဒ်နိုက်"

"ဂွဒ်နိုက် ဒက်ဒီ"

ဦးညီကို အပေါက်ဝထိ လိုက်ပို့ကြ၏။ ဟိုဘက်အိမ်နှင့် ဒီဘက်အိမ်ဆိုပေမယ့် ယခုအနေအထားက ကမ္ဘာခြားနေသလိုပါပဲ။

"ကိုကို လာ"

ခင်မင်းက သူ့လက်ကိုဆွဲကာ အပေါ်ထပ်ခေါ်ခဲ့သည်။





ကျယ်ပြန့်သော အခန်းကြီးမှာ သူတို့အတွက် အဖြူရောင်မင်္ဂလာ အခမ်းအနား။

"ကိုကို"

အခန်းထဲရောက်တာနှင့် သူမက သူ့ရင်ခွင်ထဲဝင်ကာ ဖက်တွယ်၏။ သူအလိုက်သင့်ပြန်ဖက်ရင်း သူမကို ဖွဖွနမ်းသည်။

"ခင်မင်း ပင်ပန်းသွားလား"

"ဟင့်အင်း…ကိုကိုနဲ့အတူနေရမှာမို့"

"ကြည့်စမ်း…ကောင်မလေးက ချွဲတတ်တယ်"

လှပသောနှုတ်ခမ်းလေးကို သူနမ်းဖို့ပြင်သည်။ ခင်မင်းက မျက်နှာလေး ဆတ်ခနဲခွာကာ…

"ခဏ…ကိုကို ခင်မင်း ရေချိုးလိုက်ဦးမယ်"

"ဪ…အင်း"

သူ့ရင်ခွင်ထဲမှ သူမထွက်သွား၏။ ခင်မင်း ရေချိုးနေချိန် လသာဆောင်ဘက် ထွက်ခဲ့သည်။ ပန်းကနုတ်များဖေါ်ထားသည့် အဖြူရောင်ဆက်တီများကအသင့်။

အင်း…ဦးညီက စေ့စပ်သေချာစွာ စီစဥ်ထားတာပဲ။

လသာဆောင်မှနေ၍ အိမ်မကြီးဆီသို့ သူငေးကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုအချိန်မှာ ဒက်ဒီနှင့်မာမီရှိလျှင် ဘယ်လောက်ကောင်းမလဲ။

သူ သက်ပြင်းတစ်ချက်ချကာ ထိုင်ခုံပေါ် ပြေလျှော့ထိုင်ရင်း ခင်မင်းထွက်အလာကို စောင့်နေမိ၏။

အိမ်ဖော်လေးက သောက်စရာနှင့် စားစရာလာပို့သည်။

သူက ရေခဲတုံးလေးများကို ဖန်ခွက်ထဲ ထည့်လိုက်၏။ ထို့နောက် လေညှင်းခံရင်း တစ်ကျိုက်ခြင်း။

❁ ကိုကြီးဆောင် ဒီလူလည်း ခုချိန် မူးနေရောပေါ့။

"မင်း မင်္ဂလာဆောင်သွားတော့ ငါတစ်ယောက်တည်း ကျန်ခဲ့ပြီ ခွန်မင်း၊ ဒီတော့ ငါရှာပြန်မယ်"

သူလက်မထပ်မီတစ်ညမှာ ကိုကြီးဆောင် ရင်ဖွင့်၏။

"ကျန်တော့်နားမှာပဲနေပါ"

သူ့စကားကြောင့် ကိုကြီးဆောင် ပြုံး၏။ ထို့နောက် ခေါင်းကို အသာခါယမ်းသည်။

"ဒီအချိန်မှာ ငါမလိုတော့ပါဘူးကွာ"တဲ့။ သူဘာပြောနိုင်မှာလဲ။

ကျ▯ကျ





လက်မှနာရီကို တစ်ချက်ကြည့်တော့ နာရီဝက်ကျော်ပြီ။ ခင်မင်း ရေချိုးတာ ကြာလိုက်တာဟု ထင်မိ၏။ ရာသီဥတုက အေးတော့ ရေကြာကြာမချိုးဖို့ သတိပေးဖို့ သူသတိရ၏။ ထို့ကြောင့် အခန်းထဲဝင်ခဲ့သည်။

"အင်း…အား…ကျွတ်"

"ခင်မင်း"

ရေချိုးခန်းထဲမှ ညည်းသံသဲ့သဲ့ကြောင့် သူ့စိုးရိမ်ကာ ပြေးဝင်သွားသည်။ ရုတ်တရက် သူတွေ့လိုက်ရသောမြင်ကွင်းက မယုံနိုင်စရာ။

"ဟင်"

ဗိုက်ကိုလက်ဖြင့်ဖိလျက် သွေးအိုင်ထဲမှာ ခင်မင်း။ ရုတ်တရက် အခြေအနေဆိုပေမယ့် ဒီလိုဖြစ်တာ ဘာကြောင့်ဟု သူသိလိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခင်မင်း…ခင်မင်း"

"ကိုကို"

မျက်နှာလေးပျက်ကာ မျက်ရည်ရစ်ဝဲလျက် ခင်မင်း ပျော့ပျော့လူး၏။ သူ့အံတစ်ချက်ကြိတ်ကာ သူ့မကိုယ်လေးကို ပွေ့ချီလိုက်သည်။ ထို့နောက် အိပ်ရာဆီ ပို့ပေးလိုက်၏။

"အဘောရှင်းဖြစ်တာပါ"

ဆရာဝန်၏စကားအဆုံးမှာ အကြီးအကျယ် မျက်နှာပျက်သွားတာ ဦးညီ၊ ခင်မင်းက ဖြူဖျော့သောမျက်နှာဖြင့် အိပ်ရာထက်မှာ မှေးနေ၏။

သူ နှုတ်ခမ်းတင်းတင်းစေ့ကာ ဦးညီကို ကြည့်သည်။ ဦးညီက သူ့အကြည့်တွေကို ရင်မဆိုင်ရဲဟန်ဖြင့် မျက်နှာလွှဲ၏။

"ဘယ်နှစ်လလဲ ဒေါက်တာ"

ဆရာဝန်ကို သူမေးလိုက်သည်။ ကိုယ်တိုင် ဆရာဝန်ဆိုပေမယ့် ခင်မင်းကို သူ မကုသပါ။

"သုံးလထဲမှာပါ ကိုခွန်မင်း"

"ရှောျူးရှူးပဲ"

ဆရာဝန်ပြန်သွားချိန်မှာ ဦးညီနှင့် သူ မျက်နှာချင်းဆိုင်၏။





"ဒီကိစ္စကို ဦးညီ အစောကြီးကတည်းက သိလိမ့်မယ်ထင်ပါတယ်"

"ဒါက…"

"ကျွန်တော်က ဦးညီရဲ့သားတစ်ယောက်လို နေခဲ့တာပါ၊ ဒီအကြောင်းကို ဘာကြောင့် ကြို့မပြောခဲ့ရတာလဲ"

သူ့အမေးကို ဦးညီ ဘာမှမဖြေနိုင်ဘဲ ခေါင်းငိုက်စိုက်လေ၏။ ရှိုက်သံသဲ့သဲ့ပေါ်လာသည်။ ကြည့်လိုက်တော့ ခင်မင်းက အိပ်ရာထက်မှာငိုလျက်။

"ခင်မင်းအပြစ်တွေပါ ကိုကို"

သူဘာမှမပြောဘဲ ငြိမ်သက်နေမိ၏။ ဦးညီက သူ့ကိုကြည့်သည်။

"သမီးကို မန္တလေးမှာ အခေါင်ထားပြီး ကျောင်းတက်နိုင်းတာ ငါ့အမှားပဲ ခွန်မင်း၊ ငယ်ရွယ်သေးတဲ့အချိန်မှာ သမီးဟာ နှလုံးသားကို မထိန်းသိမ်းနိုင်ခဲ့ဘူး၊ ငါသဘောမတူတဲ့လူနဲ့ ဖြစ်နေတယ်ကြားလို့ ပြန်ခေါ်ခဲ့တာ"

"ဘာပဲဖြစ်ဖြစ် သူတို့ချင်းကြိုက်မှတော့"

"ငါ့မှာ ဒီသမီးတစ်ယောက်တည်းရှိတာ ခွန်မင်း၊ ငါ့စိတ်တိုင်းကျမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက ဦးညီသည် ခင်မင်းအပေါ် ပြတ်သားစွာ အုပ်ချုပ်ခဲ့သူဖြစ်၏။ ယခုလည်း ခင်မင်း ငိုရှိုက်လွဲလို့ ဘာမှတတ်နိုင်ဟန်မတူ။

"ကျွန်တော်တော့ ခင်မင်းကို သနားတယ်၊ သူစိတ်ချမ်းသာစေချင်တယ် ဦးညီ"

"သမီးကိစ္စကိုထားလိုက်ပါ၊ အခု မင်းဘာဖြစ်ချင်လဲ ခွန်မင်း"

သူ့ကို တည့်တည့်စိုက်ကြည့်ကာ ဦးညီမေးသည်။ ဒါဟာ ဘယ်လိုမှ မထင်မှတ်သည့် အခြေအနေမို့ သူခေါင်းခါယမ်း၏။

"ကျွန်တော် နိုင်ငံခြားသွားမယ်"

"ခြော်"

"ကိုကိုရယ်"

ခင်မင်းကို သနားပေမယ့် သူဘာမှမတတ်နိုင်ပါ။ ရင်ထဲ ရှုပ်ထွေးနေသည်။ တစ်စုံတစ်ရာကို ဒေါသဖြစ်ချင်နေ၏။

"ခင်မင်းစိတ်ချမ်းသာဖို့ ဦးညီ စဉ်းစားပါ၊ ကျွန်တော် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးခဲ့မယ်"

"ခုမှတော့ မင်းသဘောပဲ ခွန်မင်း"

ရုတ်တရက် သူတို့အခန်းထဲ တိတ်ဆိတ်ငြိမ်သက်သွား၏။





ခင်မင်းရှိုက်သံက မပြတ်တော့။ သူ့ရင်ထဲလည်း ဘာကိုနာကျင်နေမှန်းမသိအောင်ပင်။

နောက်ဆုံး သူအခန်းထဲမှ လေးလံသောခြေလှမ်းများဖြင့် ထွက်ခဲ့သည်။

ထိုညမှာပင် သူတောထဲကအိမ်သို့ လာခဲ့၏။ မြို့မှာ သူ့အတွက် မွန်းကြပ်သလိုပါပဲ။ သည်အိမ်လေးက သူ့မိဘများ ...ဝန်းဖြေနေကြ စခန်းလေးတစ်ခုဖြစ်၏။

"ခွန်မင်း"

"ဟင်…ကိုကြီးဆောင်"

"မင်းထွက်သွားတာမြင်လို့ ငါနောက်ကလိုက်လာတာ ...မင်း"

မြင်းတွေကို ခြံထဲမှာ လွှတ်ထားလိုက်သည်။ ကိုကြီး ...ဆောင်က အိတ်တစ်အိတ်ဆွဲ၍ တက်လာ၏။

"ကဲ…ပြောစမ်းပါဦး သတို့သားလောင်း အသစ်စက် ...ကြီးက ဘာကြောင့် ဒီကိုရောက်လာတာလဲ"

ကျောက်ရုပ်လို ငြိမ်သက်စွာထိုင်နေသော သူ့ရှေ့ ကိုကြီး ...ဆောင် ရောက်လာလျက် မေး၏။

"ကျွန်တော် အရှုံးလုပ်ခံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ…ဘယ်သူက မင်းကို အရူးလုပ်တာလဲ ခွန်မင်း"

"အဟွန်း…မထင်မှတ်တဲ့လူတွေကပေါ့ဗျာ"

"ဘာလဲ ဆရာတို့သားအဖလား"

ကဲ…ဘယ်လောက်အကင်းပါးတဲ့ ကိုကြီးဆောင်လဲ။ သူ့မျက်နှာကိုကြည့်ကာ သူဘာဖြစ်တယ်ဆိုတာ ခန့်မှန်းနိုင်၏။

သူငြိမ်နေတော့ ကိုကြီးဆောင် သက်ပြင်းချသည်။

"ငါ့ကို အစအဆုံးပြောပြပါလား ခွန်မင်း၊ ဒါမှ မင်းရင် ပေါ့သွားမယ်"

"ဟုတ်တယ် ကိုကြီးဆောင်၊ ကျွန်တော်ဖွင့်မပြောရင် ပွင့်ထွက်လိမ့်မယ်၊ ရက်စက်တဲ့ ဦးညီဗျာ၊ ခင်မင်းကိုလည်း ယုံခဲ့ မိတယ်"

"ဘာတွေဖြစ်ကုန်တာလဲ ခွန်မင်း"

ကိုကြီးဆောင်က သူ့ကို စိုးရိမ်စွာကြည့်၏။ သူ့တစ်သက် လုံး ကိုကြီးဆောင်သာ အနီးကပ်အားပေးခဲ့တာပါလား။

"ကိုကြီးဆောင်"

"ပြောပါ ခွန်မင်း"

"ဒီမင်္ဂလာဦးညမှာပဲ ခင်မင်းက အဘောရှင်းဖြစ်တယ် တဲ့လေ"





"ဟာ"

သူ့စကားအဆုံး ကိုကြီးဆောင်ဝင် အံ့သြသွား၏။

"ဘယ်…ဘယ်သူ"

"အဟွန်း…သုံးလတဲ့ဗျာ"

"ဟာ…ဒါ…ဒါဆို မင်းကို ရန်ရှာတဲ့ကောင်"

"အဟွန်း…သူနဲ့ပဲနေမှာပေါ့ဗျာ၊ ဒါကြောင့် ကျွန်တော့်ကို ဓားနဲ့ပေါက်တဲ့အထိ ရန်ရှာခဲ့တာဗျ"

ယခုတော့ ဓားနဲ့ပေါက်တဲ့တရားခံကို ခင်မင်း ဘာကြောင့် လွှတ်ခိုင်းခဲ့တယ်ဆိုတာ သူတို့သဘောပေါက်ပြီ။

"ဒါဆို ဆရာက မင်းကို နွားဖားကြိုးထိုးခိုင်းတာပဲ"

"သူ့သဘောတူတာ ကျွန်တော်တဲ့ဗျာ"

"ဘာပဲဖြစ်ဖြစ် ဒီလိုမလုပ်သင့်ဘူး၊ ခင်မင်းကတော့ ဆရာ့ကို လွန်ဆန်နိုင်ပုံမရဘူး ခွန်မင်း"

"အဲဒါတော့ ဟုတ်တယ်၊ ခင်မင်းက စိတ်ထားပျော့ ပျော့ဆိုတော့ အားလုံး သူ့သဘောအတိုင်း လုပ်ရပုံပဲ"

ပြောရင်း ခင်မင်း၏ သနားစရာမျက်နှာကို ပြေးမြင်ယောင် မိသည်။ သက်ပြင်းသာ ချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ မင်းဘယ်လိုလုပ်မလဲ"

"ကျွန်တော် နိုင်ငံခြားသွားမယ် ကိုကြီးဆောင်"

"အပြီးလား"

"မဟုတ်ဘူး၊ ပညာသင်ရုံပါ၊ ပြန်လာမှာပါ"

သည်ဆုံးဖြတ်ချက်ကို ဘာကြောင့် သူချတယ်ဆိုတာ ကိုကြီးဆောင် နားလည်၏။

"အေးကွာ…မင်းဆုံးဖြတ်တာ ကောင်းပါတယ် မင်းသွားတုန်း ငါလည်း ရွာခဏပြန်နေလိုက်ဦးမယ်"

"ကျွန်တော်ပြန်လာရင် ကိုကြီးဆောင်ကို အကြောင်းကြား ပါ့မယ်"

"ရောက်တဲ့အချိန်သာ အကြောင်းကြားပါ၊ ငါ ချက်ချင်း လာခဲ့ပါ့မယ် ခွန်မင်း"

တိမ်များကြားမှ လ၏အလင်းရောင်သည် ခပ်ဖျော့ဖျော့ သာရှိ၏။ လရောင်အောက်မှာ ကိုကြီးဆောင်နှင့် သူ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်မိသည်။

သည်ည ဘာကြောင့် မှောင်နေရတာပါလိမ့်။

"ခင်မင်းအတွက် ဘာမှာခဲ့ချင်သေးလဲ ခွန်မင်း"



"သူ့ကို လွတ်လပ်ခွင့် ကျွန်တော်ပေးမှာပါ"

"အဲဒါကောင်းပါတယ်၊ ဟိုလူငယ်ကလည်း ခင်မင်းကို အတော်စွဲလန်းပုံပဲ"

"ဦးညီသာတောက ခင်မင်းကို ချုပ်ကိုင်ထားတဲ့ပုံပါ၊ သူတို့ ချင်းဆုံပါစေလို့ ကျွန်တော် ဆုတောင်းရမှာပဲ"

သူ့အသံတွေက လေးလံနေ၏။ ဘာကြောင့်များ သူနှင့် ခင်မင်းမှာ ဒီအဖြစ်တွေ ကြုံရပါလိမ့်။

"ငါလည်း ခင်မင်းစိတ်ချမ်းသာတာကို မြင်ချင်ပါတယ် ခွန်မင်းရာ"

အေးဆေးနူးညံ့သော ခင်မင်းအပေါ် ကိုကြီးဆောင် သံယောဇဉ်ဖြစ်နေပြီမို့ ထိုစကားကို စိတ်ထိခိုက်စွာ ပြောခြင်းပါ။

ထိုအချိန် လရောင်ပျောက်ကာ ပတ်ဝန်းကျင်မှာ မှောင်မိုက် နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



# နောက် (၃) နှစ်ကြာသောအခါ



လေယာဉ်ပြတင်းမှ ကြည့်လိုက်လျှင် ဖြူလွှသော တိမ်ဆုပ် တိမ်စိုင်တို့က သူနှင့်အနီးဆုံးမှာ တည်ရှိနေ၏။ ဘာလိုလို့နှင့် သူ နိုင်ငံခြားမှာ သုံးနှစ်တာကြာခဲ့ပါလား။

မှန်တာပြောရလျှင် သူ့အနေဖြင့် ဒီမြန်မာပြည်မှာ တွယ်တာ စရာ ဆွေမျိုးသားချင်းဟူ၍ တစ်ယောက်မှမရှိတော့ပါ။

သို့သော် သူဟာ ဒီနိုင်ငံသား၊ ဒီနိုင်ငံမှာ သူ့မိဘတွေ ခေါင်းချခဲ့တာ။ ထို့အပြင် သူ့ကို သံယောဇဉ်တွယ်သည့် ဦးစိုင်းညီ နှင့် ကိုကြီးဆောင်တို့ ရှိနေသေး၏။

ထို့ကြောင့် ဒီအရပ် ဒီမြေကို သူပြန်လာခဲ့ပြီ။ ဦးညီက တော့ သူ့ကို ဟိုမှာပဲနေစေချင်၏။

"မင်းရဲ့ပညာက အဲဒီမှာ ပိုတိုးတက်မယ်၊ လုပ်ငန်းဆို ရင်လည်း ပိုအဆင်ပြေတယ်၊ ဖြစ်နိုင်ရင် အဲဒီမှာနေပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာနေတာ ကျွန်တော်ငြိမ်းငွေငြိ ဦးညီ၊ နောက်ဆုံး အလည်သဘောပဲဖြစ်ဖြစ် ကျွန်တော်လာခဲ့မယ်"

ထိုသို့ပဲ သူ့အကြောင်းပြန်ခဲ့၏။ ယခုတော့ သူပြန်ခဲ့ပြီ။ ကိုကြီးခေါင်တစ်ယောက်သာသိလျှင် ဘယ်လောက်ဝမ်းသာမလဲ။

"ဒေါက်တာ ခွန်မင်းဆက်ထင်တယ်"

"ဟင်"

ဖြူနုသောအသားအရေမှာ ရွှေညိုရောင်ဆံပင်တို့ အများမှာ အနည်းငယ်တွန့်လျက် မျက်မှန်နက်တပ်ထားသည့် အရပ်မြင့်မြင့်နှင့် ချောမောလှပသော မိန်းကလေးတစ်ယောက်။

သေချာတာကတော့ သူမကို သူ မသိခြင်းပါ။ သို့သော် အံ့ဩစရာကောင်းစွာ သူမက သူ့ကိုသိနေပါလား။

"ကျွန်မကို ဒေါက်တာ မမှတ်မိဘူးထင်တယ်၊ ကျွန်မ စောယွန်းငယ်ပါ ဒေါက်တာ"

သူမက မျက်မှန်ကိုချွတ်လျက် သွားမှုံ့တွင် ဝင်ထိုင်ရင်း ပြော၏။

ကြည့်စမ်း…သူမဟာ မျက်မှန်ချွတ်လိုက်မှ ပို၍နုငယ် လှပနေပါလား။





"စောယွန်းငယ်"

လှပသော ထိုအမည်ကို သူခပ်တိုးတိုး ရွတ်ဆိုကြည့် …ည်။ သူမပြုံးတာ ခေါင်းညိတ်၏။

"ဟုတ်ပါတယ် စောယွန်းငယ်ပါ၊ ဒေါက်တာရဲ့ဖခင် …တယ် ဦးခွန်နောင်ရဲ့မိတ်ဆွေ ဦးမိုးစောသမီးပါ"

"အော်…အန်ကယ် ဦးမိုးစော"

သူမှတ်မိလိုက်ပြီ။ လွန်ခဲ့တဲ့သုံးနှစ်က သူနှင့် ခင်မင်းတို့ …ကထပ်ပွဲမှာ စောယွန်းငယ်တို့သားအဖ လာခဲ့တာပဲ။ ထိုစဉ်က … ဒီလောက်လှမှန်း မသိခဲ့ပေ။

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒက်ဒီနဲ့ ဒေါက်တာတို့ …ခြားမှာ တစ်ခေါက်တွေ့ကြသေးတယ်လေ"

"ဟုတ်တယ်၊ ကျွန်တော် မစောယွန်းငယ်ကို မှတ်မိပါ… အန်ကယ်နဲ့ အဲဒီတုန်းက စကားကောင်းကောင်း မပြောလိုက်ရ… အလုပ်များနေတာနဲ့"

"ဟုတ်ကဲ့…ဒက်ဒီကတော့ ဒေါက်တာနဲ့တွေ့တဲ့ …ကြောင်း ပြောပါတယ်"

သုံးနှစ်တာ အတောအတွင်းမှာ ပထမဆုံးအကြိမ်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်နှင့် ရင်းနှီးစွာပြောမိခြင်းပါ။ သူမ၏ လှ
နနယ်မှုကိုလည်း ပြောရင်းမှ သတိပြုမိခြင်းဖြစ်သည်။

"ခုကော အန်ကယ်နေကောင်းရဲ့လား မစောယွန်းငယ်"

"စောယွန်းငယ်လို့ပဲ ခေါ်ပါ ဒေါက်တာ၊ ဒက်ဒီ နေ
ကောင်းလို့ ကျွန်မ စင်ကာပူက ပြန်လာခဲ့တာ ဒေါက်တာ"

"ဪ"

ဒက်ဒီနှင့် ရင်းနှီးခဲ့သည့် အန်ကယ်ဦးမိုးစောတစ်ယော
နေမကောင်းဘူးဆို၍ သူ စိတ်မကောင်းဖြစ်ရ၏။

"အန်ကယ်က ဘာဖြစ်တာလဲ စောယွန်းငယ်"

"နှလုံးလို့ပြောတာပဲ ဒေါက်တာ၊ လူကြီးဆိုတော့ အသ
ကြီးလာတော့ ဟိုရောဂါ၊ ဒီရောဂါဝင်ချင်လာတာပေါ့လေ"

"ကျွန်တော် စိတ်မကောင်းပါဘူး စောယွန်းငယ်
အန်ကယ်ကို ကျွန်တော်လာကြည့်ပါဦးမယ်"

"ကျေးဇူးပါပဲ ဒေါက်တာ"

စကားပြောတာ ပွင့်လင်း၍ သဘောထားကောင်းမွန်သေ
ဒီမိန်းမလှလေးကို ခုလိုတစ်ယောက်တည်း တွေ့ရတာ သူ့အတွ
အပြန်ခရီးမှာ အဖော်ရတာပါပဲ။





"စောယွန်းငယ်ရဲ့ မာမီကော"

သူမ မျက်နှာတစ်ချက်ညှိုးသွားလျက် ခေါင်းအသာခါ
ယမ်း၏။

"မာမီက ကျွန်မငယ်ငယ်ထဲက မရှိတော့ပါဘူး
ဒေါက်တာ၊ ဒက်ဒီကသာ ကျွန်မကို အမေလိုတစ်မျိုး အဖေလို
တစ်မျိုး ကျွေးမွေးစောင့်ရှောက်လာတာပါ၊ ခုလို ဒက်ဒီနေမကောင်း
ဘူးဆိုတာ သိရတော့ ကျွန်မ အရမ်းစိတ်မကောင်းဖြစ်မိတယ်"

လှပသောမျက်နှာလေး ညှိုးသွားတော့ သူပင် စိတ်ထိခိုက်
ရ၏။ ဘာကြောင့်မှန်းမသိ သူမကို အမြဲလန်းဆန်းသော မျက်နှာ
လေးနှင့်ပဲ မြင်ချင်၏။

"ကျွန်တော် ကိုယ်ချင်းစာပါတယ် စောယွန်းငယ်"

"အဟင်း...ကျွန်မလည်း ဒေါက်တာကို စိတ်မကောင်း
ဖြစ်မိတဲ့အကြောင်းတွေ ပြောမိပြီ"

ရုတ်တရက် သူမက အားနာဟန်ဖြင့် ပြောသည်။ သူပြုံး
ကာ ခေါင်းခါယမ်း၏။

"မဟုတ်တာ ကျွန်တော်တို့က မိတ်ဆွေတွေပဲ၊ ပြီးတော့
ဓာတ်တူတွေပဲ စောယွန်းငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာက ဒီလောက်စိတ်သဘောထားကောင်းရဲ့သားရဲ့ ဘာကြောင့် ခင်မင်းညိုနဲ့ ကွဲသွားတာလဲဟင်"

"ဟင်"

မထင်မှတ်သောမေးခွန်းကြောင့် သူဘာဖြေရမှန်းမသိ။ ယခုလောက်ဆို ခင်မင်းညိုတစ်ယောက် ဘယ်လိုနေလဲ၊ သူမချစ်သူနဲ့ ပေါင်းသင်းကာ ပျော်ရွှင်မည်ထင်၏။

"ဆောရီး ဒေါက်တာ၊ ကျွန်မ မမေးသင့်တဲ့မေးခွန်းကို မေးမိပြီ"

"အယွန်း…ရပါတယ်ဗျာ၊ ကျွန်တော့်ကံပေါ့ စောယွန်းငယ်၊ သေချာတာကတော့ ခင်မင်းညိုဟာ ဆိုးသွမ်းတဲ့ မိန်းကလေးတော့ မဟုတ်ပါဘူး"

လက်ထပ်ပြီးရက်ပိုင်းအတွင်းမှာ ကွာရှင်းပေးခဲ့သော မိန်းမတစ်ယောက်၏အကြောင်းကို သဘောထားကြီးစွာ ပြောနေသည့် ထိုယောက်ျားအား စောယွန်းငယ် အထင်ကြီးလေးစားမိသွား၏။

"ဒေါက်တာက ခင်မင်းညိုအပေါ် အပြစ်မမြင်ဘူးနော်"

"ဘာကြောင့် အပြစ်တင်ရမှာလဲ စောယွန်းငယ်၊ တစ်ယောက်နဲ့တစ်ယောက် ဖူးစာမပါလို့ပဲလေ"





ကြည့်စမ်း…ဒီယောက်ျားဟာ ရုပ်ရည်ချောမောကာ ညာပြည့်ဝသူပီသစွာ သဘောထားကောင်းမွန်လှပါလား။

တချို့ဆို လက်ထပ်ပြီး ကိုယ်နဲ့ကွဲသွားတဲ့ မိန်းမအကြောင်းကို ယောက်ျားတန်မဲ့ ကွယ်ရာတွင် မကောင်းပြောတတ်တာ နားခါးရောပါ။

"ဒါပေမယ့် ခင်မင်းညိုကတော့ ဒေါက်တာ့ကို ချစ်ခဲ့မှာပေါ့"

"အဟွန်း…ဒါတော့ ကျွန်တော်မသိနိုင်ဘူး၊ သေချာတာ သူ ဒီအချိန်မှာ ပျော်ရွှင်ချမ်းမြေ့မှာပါ"

သူထွက်လာခဲ့ပြီးနောက် ခင်မင်းညိုသည် သူမ၏ချစ်သူနှင့် လက်ထပ်ပေါင်းသင်းလိမ့်မည်ဟု ထင်၏။

"ဘာကြောင့် ဒေါက်တာ ဒီလိုပြောနိုင်တာလဲဟင်"

စောယွန်းငယ်က စူးစမ်းသလိုမေးသည်။ သူတစ်ချက်ပြုံးပြီး…

"ကျွန်တော့်ထက်သာတဲ့လူနဲ့ သူတွေ့မယ်လို့ထင်တယ်လေ"

"ဒေါက်တာထက်သာတဲ့လူ ဟုတ်လား၊ အဟင်း…ကျွန်မတော့ ခင်မင်းညိုအတွက် ဒေါက်တာထက်သာတဲ့လူ တွေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ် မထင်ပါဘူးရှင်''

ထိုအပြောကြောင့် သူ ဖျတ်ခနဲ စောယွန်းငယ်ကို ကြည့်၏။

''စောယွန်းငယ်က ခင်မင်းညီရဲ့အကြောင်း ဘယ်လောက် သိလို့လဲ''

''အို...အနည်းဆုံးတော့ မိန်းမသားချင်းရဲ့ စိတ်ကို နားလည်တာပေါ့ ဒေါက်တာ၊ ဒေါက်တာစဉ်းစားကြည့်လေ ခင်မင်းညီအတွက် ဒေါက်တာလို အစစအရာရာ ပြည့်စုံတဲ့ ယောကျ်ား မျိုး နောက်ထပ်ဘယ်နှစ်ယောက်တွေ့မှာလဲ''

သူ ခေါင်းခါ့ယမ်းလိုက်၏။ မိန်းမတစ်ယောက်အတွက် ပြည့်စုံသော ယောကျ်ားထက် ရင်ထဲကချစ်တဲ့လူသာ ပိုအရေးကြီး တယ်ဆိုတာ စောယွန်းငယ် သိမှာမဟုတ်ပေ။

''ကျွန်တော့်အထင်တော့ မိန်းကလေးတွေဟာ အချစ်ကို ပိုပြီး ဦးစားပေးမယ်ထင်ပါတယ်''

''ဒေါက်တာဆိုလိုတာက ခင်မင်းညီဟာ အချစ်ကို ကိုးကွယ်သူလို့လား၊ ကျွန်မကို စပ်စုတယ်လို့တော့ မထင်ပါနဲ့ ဒေါက်တာနဲ့ ခင်မင်းညီတို့ လက်ထပ်ခဲ့တာ အချစ်ကြောင့် မဟုတ် ဘူးလားဟင်''





ကြည့်စမ်း...ဒီမေးခွန်းဟာ သူ့အတွက် စဉ်းစားစရာဖြစ် သွား၏။ဟိုတစ်ချိန်က သူနဲ့ ခင်မင်းညီတို့ လက်ထပ်ခဲ့တာ ဘာကြောင့်ပါလိမ့်။

အချစ်ကြောင့်လား...။

မဟုတ်ပါ၊ သံယောဇဉ်ကြောင့်သာ ဖြစ်မည်။ သူ့ဘက်က ခင်မင်းညီကို သံယောဇဉ်ကြောင့် လက်ထပ်ခဲ့သလို ခင်မင်းညီဘက် ကလည်း ဦးညီ၏စကားကို မလွန်ဆန်နိုင်၍ လက်ထပ်ခဲ့ကြတာပဲ။

''ကျွန်မမေးခွန်းကြောင့် ဒေါက်တာ စိတ်အနှောင့်အယှက် ဖြစ်သွားပြီလားဟင်''

''မဟုတ်ဘူး၊ စောယွန်းငယ်မေးမှ ကျွန်တော်တို့ ဘာ ကြောင့် လက်ထပ်ခဲ့ကြတယ်ဆိုတာ စဉ်းစားမိတယ်၊ သေချာတာ တတော့ ကျွန်တော်နဲ့ ခင်မင်းညီကြားမှာ အချစ်ဆိုတာထက် သံယောဇဉ်ပဲရှိတယ်၊ လက်ထပ်ဖြစ်တာက မိဘအုပ်ထိန်းသူ တစ်ယောက်ကို မလွန်ဆန်နိုင်ခဲ့လို့ပဲ''

''ဒါဆို ခုချိန်မှာ ခင်မင်းညီကို တစ်ယောက်တည်း မြန်တွေ့ရင်ကော''

''သူဟာ ကျွန်တော်အတွက် တစ်ဦးတည်းသော ညီမ

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်ပါပဲ စောယွန်းငယ်''

''သြော်''

အခိုက်အတန့်မှာ သူတို့နှစ်ယောက်ကြား တိတ်ဆိတ်သွား၏။ စောယွန်းငယ် ဘာတွေ တွေးနေတယ်မသိ၊ သူကတော့ သေးတိုက်မြင်နေရသော စောယွန်းငယ်၏ လှပသော မျက်နှာလေး ကြည့်ကာ စကားတစ်ခွန်း မေးလိုက်မိသည်။

''ကျွန်တော် စောယွန်းငယ်ဆီ လာလည်ခွင့်ရမလား''

''ရှင်''

''အယွန်း…တကယ်လို့ စောယွန်းငယ်က ခွင့်ပြုခဲ့ရင်ပေါ့''

''ရပါတယ် ဒေါက်တာ၊ ကျွန်မတို့က တစ်ရပ်တည်းသားတွေပဲ၊ ဒေါက်တာလာလည်တာကို ကြိုဆိုရမှာပေါ့''

''သင့်ခ်…စောယွန်းငယ်''

နှစ်မြိုက်စွာသူပြုံးရင်း ပြောလိုက်ချိန်မှာ လေယာဉ်သည် ဝေဟင်မှ မြေပြင်သို့ ဆင်းသက်စပြုနေပြီ။ လေယာဉ်မယ်လေး၏ သတိပေးသံကို သာယာစွာကြားလိုက်ရလေ၏။



ပထမဆုံးအကြိမ်အဖြစ် သူသည် ရန်ကုန်ရှိ စောယွန်းငယ်တို့အိမ်သို့ ရောက်သွား၏။ တိတ်ဆိတ်သောရပ်ကွက်ထဲရှိ ခေတ်မီလှပသော တစ်ထပ်တိုက်လေးမှာ စောယွန်းငယ်ကို အသင့်တွေ့ရသည်။

''ကြွပါ ဒေါက်တာ၊ ဒေါက်တာကြိုပြီး ဖုန်းဆက်ထားလို့ ကျွန်မစောင့်နေတာ''

''ကျွန်တော်ကြောင့် စောယွန်းငယ် အလုပ်မပျက်ပါဘူးနော်''

အပြုံးဖြင့် သူမေးတော့ သူမခေါင်းခါယမ်းသည်။ အိမ်နေရင်းပေမယ့် စောယွန်းငယ်သည် အပြာနုနုဝတ်စုံလေးဖြင့် ဖြူနုဆော့ရှင်းစွာ လှပနေ၏။

''ဒီရက်ပိုင်းတွေကတော့ ဒက်ဒီနားမှာ ပြုစုနေရလို့ ကျွန်မအားနေပါတယ် ဒေါက်တာ၊ ဒက်ဒီလည်း ဒေါက်တာကိုစောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

''အခုကော အန်ကယ့်အခြေအနေက''

''အတော်လေးကောင်းလာပါပြီ ဒေါက်တာ''

မကျဉ်းလွန်း မကျယ်လွန်းသော သူမတို့ရဲ့ ညှော်ခန်းလေး က မွေးပွကော်ဇောနီညိုပေါ်မှာ အဖြူရောင်လည်သာ ဆက်တီ နှစ်စုံဆက်ခင်းလျက် အဖြူရောင်လိုက်ကာ စန္ဒယားကြီးက နက်မှောင်ပြောင်လက်လျက် သန့်ရှင်းသပ်ရပ်စွာ လှပနေ၏။

''ခဏထိုင်ပါဦး ဒေါက်တာ၊ ကျွန်မ ဒက်ဒီကို သွားခေါ် လိုက်ဦးမယ်''

''ကျွန်တော် လိုက်တွေ့ရမလား စောယွန်းငယ်''

''ရပါတယ် ဒေါက်တာ၊ ဒက်ဒီ လမ်းလျှောက်နေပါပြီ''

စောယွန်းငယ်က လှပစွာ ပြုံးပြလျက် လိုက်ကာကိုဖယ်၍ အိမ်တွင်းဘက်ဝင်သွား၏။

သူက နက်မှောင်ပြောင်လက်နေသော စန္ဒယားကြီး တစ်ချက်ကြည့်သည်။

သေချာတယ်…ဒါဟာ စောယွန်းငယ်တီးတဲ့ စန္ဒယား ဖြစ်မယ်။ သူမမှာ ထက်မြက်သွက်လက်မှုတွေရှိသလို နူးညံ့သိမ်





မှုတွေကိုလည်း တွေ့ရ၏။

မကြာခင် စောယွန်းငယ်သည် အသက်ခြောက်ဆယ်ဝန်း ကျင်ရှိ ဥပဓိရုပ်ကောင်းမွန်သည့် အမျိုးသားကြီးတစ်ဦးနှင့်အတူ ထွက်လာ၏။

သူ နေရာမှရပ်ကာ…

''နေကောင်းတယ်နော် အန်ကယ်''

လွန်ခဲ့တဲ့နှစ်များကထက်စာလျှင် ဦးမိုးစောသည် ဆံဝင် တွေ ပိုဖြူလျက် အရွယ်ပိုကျသွားသလိုပါပဲ။ ဦးမိုးစောက ခေါင်း ညိတ်သည်။

''ဒေါက်တာက အန်ကယ်ကို မှတ်မိသားပဲ''

''အဟွန်း…မှတ်မိဆို စောယွန်းငယ်က အန်ကယ်နဲ့ ရှပ်ဆင်တယ်လေ''

''သြော်…အင်း…အင်း သမီးကို အန်ကယ်နဲ့တူတယ် လို့ ဒီလိုပဲပြောကြတယ်၊ ထိုင်ပါ ဒေါက်တာ''

ဦးမိုးစောနှင့် သူ မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်၏။ စောယွန်းငယ်က ဦးမိုးစောဘေးမှာ။ မကြာခင် အိမ်ဖော်ခလေးက ကော်ဖီလာပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်ပါဦး ဒေါက်တာ၊ ကျွန်မတော့ ကော်ဖီကြိုက်တယ်"

"ကျွန်တော်လည်း ကော်ဖီကြိုက်ပါတယ် ဆောယွန်းငယ်၊ အန်ကယ်ကို ခုလို ကျန်းကျန်းမာမာတွေ့ရတော့ ကျွန်တော်ဝမ်းသာပါတယ်"

ကော်ဖီခွက်ကိုယူရင်း ဦးမိုးဇောကကြည့်ကာ သူပြုံး၍ ပြော၏။

"ဒက်ဒီက…ဒေါက်တာလာမယ်ဆိုတာနဲ့ နေကောင်းသွားတာဖြစ်မယ်၊ သူက ဆေးကြောက်တယ် ဒေါက်တာ"

"အန်ကယ်က ဆေးသောက်ပိုးလိုက်ချင်တယ်၊ ဆေးလုံးတွေ အများကြီးသောက်ရတာ စိတ်ရှုပ်တယ် မောင်ခွန်မင်းရဲ့"

လူနာတစ်ယောက်ရဲ့စိတ်ကို သူသိပါ၏။ ယနေ့ခေတ်တွင်လည်း ရောဂါတစ်ခုရလာ၍ စစ်လိုက်တာနှင့် နောက်ဆက်တွဲရောဂါတွေရလာကာ သောက်ရိုင်းရတဲ့ ဆေးတွေမနည်းပေ။

"ကျွန်တော်ရှိပါတယ် အန်ကယ်၊ အန်ကယ်ကို ဆေးတွေ အများကြီးသောက်နိုင်းမှာ မဟုတ်ပါဘူး"

"အဟင်း…ဒါဆိုရင်တော့ ဒေါက်တာ ဒက်ဒီနဲ့တည့်ပြီ"





ဖခင်ဖြစ်သူ မျက်နှာကြည့်ပြီး ပြုံး၍ ခင်မင်း ပြော၏။ ဦးမိုးဇောက ခပ်ဖျော့ဖျော့ပြုံးသည်။

"မောင်ခွန်မင်းက အစကတည်းက ဒက်ဒီမိတ်ဆွေသားပဲ ဟမ်း၊ ဦးခွန်နောင်ဆုံးသွားလို့သာ အဆက်အသွယ်ပြတ်ခဲ့တာ၊ ဟုတ်ရင် တစ်အိမ်နဲ့တစ်အိမ် ဝင်ထွက်နေလို့ တူအရင်း သားအရင်းလိုတောင် ဖြစ်နေပြီကွယ့်"

"ဟုတ်တာပေါ့ အန်ကယ်၊ တစ်ခါတစ်ခါကြတော့လည်း ကျွန်တော့်မိဘတွေဆုံးတာ စောလွန်းတယ်လို့ ထင်မိတယ်"

မိဘတွေနှင့် အသက်ငယ်စဉ်မှာ ကွဲကွာခဲ့ရတဲ့အတွက် ရင်ထဲ ဘယ်လောက်စိတ်ထိခိုက်မိတယ်ဆိုတာ ကိုယ်သာအသိ ။ ဆောယွန်းငယ်က သူ့အတွက် စိတ်မကောင်းဖြစ်ပေမယ့် ဒက်ဒီ ချိန်ဆို 'တူအရင်း၊ သားအရင်းလိုတောင် ဖြစ်နေပြီ'ဟုသော ကားကြောင့် ဖြူနုသည့် မျက်နှာလေးနီချင်ချင်။

"အေးကွယ်…အန်ကယ်လည်း စိတ်မကောင်းပါဘူး၊ အဲ…သမီးရေ ဒက်ဒီတို့ မောင်ခွန်မင်းကို ထမင်းကျွေးရအောင် ကွယ်"

"ဟာ…နေပါစေ အန်ကယ်"

သူ အားနာစွာတား၏။



www.burmeseclassic.com

www.burmeseclassic.com



စောယွန်းငယ်က နေရာမှထသည်။

"အားမနာပါနဲ့ ဒေါက်တာ၊ ဒေါက်တာလာမယ်ဆို
မနက်စာအတွက် အစောကြီးကတည်းက ကျွန်မ စီစဉ်ထားတာ
ဒက်ဒီနဲ့ စကားပြောပါဦး ဒေါက်တာ"

သူ့ကို တစ်ချက်ပြုံးပြပြီး စောယွန်းငယ် ထွက်သွားသည်
ဦးမိုးစောနှင့် သူ နှစ်ယောက်တည်း ကျန်ခဲ့၏။

"မောင်ခွန်မင်းကော ဇာတိကို ဘယ်တော့ပြန်မလဲ"

"ကျွန်တော် ဒီက ကိစ္စလေးတွေပြတ်ရင် ပြန်
အန်ကယ်"

"မင်းပြန်လာမှာကို စိုင်းညီ သိပြီလား"

"ကျွန်တော် ဖုန်းမဆက်ရသေးပါဘူး အန်ကယ်"

ခင်မင်းညီကိစ္စနှင့် ပတ်သက်ပြီး သူ့ရင်ထဲ နာသလို
တာကြောင့် ဒီနှစ်တွေအတွင်း ဦးညီကိုလည်း အဆက်အသွ
မလုပ်မိပါ။ ယခုပြန်လာခဲ့ ၃လည်း အကြောင်းမကြားဖုံ။

"အင်း...မင်းပြန်လာ ၁ကို စိုင်းသိက နှစ်သက်
မထင်ဘူး မောင်ခွန်မင်း"

"ဗျာ...ဘာကြောင့်ပါလဲ အန်ကယ်"

ဦးမိုးစောက အတွင်းဘက်ခန်းကို တစ်ချက်ကြည့်





ရောက် ကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းညွတ်ကာ...

"မင်း...စိုင်းညီရဲ့အကြောင်းတွေ ဘာသိထားလဲ
ောင်ခွန်မင်း"

"ဟင့်အင်း....ကျွန်တော် ဦးညီနဲ့ အဆက်အသွယ်ပြတ်
တာ ကြာပြီ အန်ကယ်"

"အေး...အဲဒါပဲ တကယ်တော့ စိုင်းညီဟာ မင်းပိုင်သချ
ကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ကြိုးကိုင်နေတာ မောင်ခွန်
း"

ထိုအပြောကြောင့် သူ ခေါင်းခါယမ်းမိ၏။ မိဘတွေ
ကတည်းက ဦးညီဟာ သူ့ကိုယ်စား ဒီလုပ်ငန်းတွေ ဦးစီးလုပ်
ိုင်ခဲ့တာပါ။

"ဟား...ဟား မောင်ခွန်မင်းအတွေးက တယ်ရိုးတာကိုး
အဲဒီလို သူ ကြိုးကိုင်ချယ်လှယ်ချင်လို့ မင်းကို သူ့နားမှာ
ားတာ၊ အဝေးကို ပို့ထားတာကွယ့်"

သူ မျက်မှောင်တစ်ချက် မသိမသာ တွန့်သွား၏။ ဦးမိုး
ကို ဒက်ဒီတို့၏ မိတ်ဆွေအဖြစ် စိတ်ထဲက လေးစားထားခဲ့တာ
ကားဟု ထင်မိချင်လာသည်။

"ကျွန်တော် ပညာရေးအတွက်ပါ အန်ကယ်၊ ဦးညီမှာ



www.burmeseclassic.com

www.burmeseclassic.com



တခြားစိတ်ဓာတ်မျိုး မရှိပါဘူး''

"အင်း...ခုတော့ မောင်ရင်က အန်ကယ်ကို စိုင်း... အကြောင်း မကောင်းပြောတာလို့ ထင်နေမှာပဲ၊ အန်ကယ်ခြ... ဘာကြောင့် ဆုံးရှုံးကုန်တယ်ထင်လဲ၊ စိုင်းညီကြောင့်ကွ''

"ဗျာ''

"ဟုတ်တယ်...သူက အန်ကယ်လုပ်ငန်းကို အတို... အခိုက်လုပ်လာတယ်၊ ကွယ်ရာမှာ အန်ကယ့်အလုပ်သမား... စည်းရုံးတယ်၊ နောက်ဆုံး အလုပ်သမားတွေ အန်ကယ်အ... သစ္စာမဲ့လာတော့ သူက နိမ်ဈေးနဲ့ခြံတွေကို အပိုင်သိမ်းလိုက်... မောင်ခွန်မင်း''

ဦးမိုးစောက ပြောရင်း စိတ်ထဲနာလာဟန်ဖြင့် မျက်... နီလာ၏။ သူတစ်သက်တာမှာ ဦးညီအပေါ် မကောင်းကြေ... တစ်ခါမှမတွေးခဲ့ပါ။ ယခုလိုကြားရတော့ စိတ်ထဲမကောင်းဖြ... သည်။

"ဦးညီဟာ...ဒီလို လူမျိုးလို့မထင်မိဘူး အန်ကယ်''

"အဲဒီလို ပြောရအောင် မောင်ရင်က စိုင်းညီနဲ့အတူ... ဖူးလို့လားကွဟင်''





ထိုအမေးကြောင့် သူတိတ်ဆိတ်သွား၏။ သေချာတာက တော့ ယခုချိန်ထိ သူသည် ဦးညီနှင့် ကြာမြင့်စွာ အတူမနေခဲ့ခြင်း ပေ။

"ခုဆို...သူ့ခြံထဲက အလုပ်သမားတွေဟာ သူ စေတနာ လုပ်လွန်းလို့ လုပ်အားခတွေနိမ်လွန်းလို့ ဟိုတစ်လောက တောင်းဆို ကြတယ်''

"အဲဒီလောက်ထိ အခြေအနေဆိုးနေသလား အန်ကယ်''

"အန်ကယ်ပြောတာထက် မင်းကိုယ်တိုင်မြင်တွေ့သိရင် ပိုကောင်းမှာပါ မောင်ခွန်မင်း''

ပထမဆုံးအကြိမ်အဖြစ် ဦးညီ၏အကြောင်းကို သူ တွေးလာမိသည်။

ဦးမိုးစော ပြောပြသလောက် ဦးညီ၏လုပ်ရပ်တွေက အတော်လွန်နေပြီဟု သိပေမယ့် လက်တွေ့မမြင်ရတဲ့ အခြေအနေမို့ သူဘာမှ မဆုံးဖြတ်ချင်ပေ။

အကောင်းဆုံးကတော့ ထိုအခြေအနေတွေကို သူကိုယ် တိုင်သိရှိမှဖြစ်မည်။

ဂု၂ဂု

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီက…ဒေါက်တာကို ဘာတွေပြောလိုက်သလဲ ဟင်"

ထမင်းစားပြီးချိန်မှာ ဦးမိုးစောက အိပ်ခန်းထဲဝင် အနားယူ၏။ သူနှင့် စောယွန်းငယ်တို့ ခြံထဲဆင်းလာသည်။ တစ်ခြံလုံး ကွန်ကရစ်များ ခင်းထားပြီး ပတ်လည်ခြံစပ်မှာ သစ်ပင်ကြီးတို့ ရှိတာကြောင့် အရိပ်အာဝါသ အေးမြနေ၏။

မျက်နှာအနည်းငယ် မကောင်းသော သူ့ကို သတိပြုမိလျက် စောယွန်းငယ် မေးလာသည်။ မြက်ခင်းစိမ်းပေါ်ရှိ ခုံဖြူလေးတွေမှာ မျက်နှာချင်းဆိုင်ဝင်ထိုင်ရင်း စောယွန်းငယ်ကို သူ ကြည့်လိုက်သည်။

"ဘာကြောင့်မို့ ဒီလိုမေးတာလဲ စောယွန်းငယ်"

"ဪ…ဒေါက်တာမျက်နှာ ရောက်လာစနဲ့မတူ နည်းနည်းပျက်နေလားလို့"





စောယွန်းငယ်ကို အကင်းပါးသော မိန်းကလေးအဖြစ် သူ သတ်မှတ်တာမလွဲ။ တကယ်လို့ သူမျက်နှာပျက်တာ သူမတို့နှင့်ပတ်သက်နေတာသိလျှင် ဘာပြောမလဲ။

"စောယွန်းငယ် ထင်လို့ပါ၊ ကျွန်တော်နဲ့ အန်ကယ် သာမန်ပဲ ပြောကြဆိုကြတာပါ"

"ကျွန်မကို မလိမ်ပါနဲ့ ဒေါက်တာ၊ ထမင်းဝိုင်းမှာလည်း ဒေါက်တာ တိတ်နေတယ်၊ ဒက်ဒီလည်း ဘာမှမပြောဘူး၊ ဒေါက်တာတို့ တစ်ခုခုဖြစ်ထားလို့ မဟုတ်လား"

သေချာပေါက်ဟန်ဖြင့် သူမမေးတော့ သူ သက်ပြင်းကြိတ်ချ၏။ ဦးညီက သူမတို့ခြံတွေကို သိမ်းပိုက်ကာ အလုပ်သမားတွေကို အနိုင်ကျင့်တာများ သူမသိအောင် ဘယ်လိုပြောရမလဲ။

"အရင်က ရှေးဟောင်းနှောင်းဖြစ် ပြောကြတာပါ၊ ကျွန်တော့်မိဘတွေနဲ့ ပတ်သက်ပြီး အန်ကယ်ကလည်း အတော်စိတ်ကောင်းဖြစ်ပုံပဲ"

"ဒါတော့ ဟုတ်တယ်၊ ဒက်ဒီက ဒေါက်တာ့ဖခင် ဦးခွန်နောင်ကို တကယ်လေးစားခင်မင်ပုံပဲ၊ အန်ကယ်ဦးခွန်နောင်ဟာ သုပ်ရည်ကိုင်ရည်ရှိသလို သဘောထားကောင်းကြောင်း အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားတွေအပေါ် အလွန်ညှာတာကြောင်း မကြာခဏပြောတယ် ဒေါက်တာ''

စောယွန်းငယ်ပြောမှ မိဘနှစ်ပါးကို ပို၍သတိရလာ အမေက ထိုသို့သဘောကောင်းသလို အဖေကလည်း နူးညံ့သဘော ထားပြည့်၏။ အလှူအတန်းမပြတ်ပေ။

''ကျွန်တော် မှတ်မိသလောက် ကျွန်တော်တို့ မိသာ ဟာ သိပ်အေးချမ်းခဲ့တာပဲ၊ ဒီလောက် စိတ်ထားကောင်းမွန် ကျွန်တော့်မိဘတွေမှ ဘာကြောင့် အဖြစ်ဆိုးနဲ့ လောကကြီးထဲ ထွက်ခွာသွားရတာလဲ မသိဘူးဗျာ''

သူ စိတ်ထိခိုက်စွာ ပြောမိ၏။ တခြားလူတွေလို အ တန်၍ ထွက်ခွာသွားရတာက တစ်မျိုး၊ သာမန်ရောဂါဖြင့်ဆိုလျှင် လည်းတစ်မျိုး၊ ဒက်ဒီတို့ ထွက်ခွာသွားရတာက ရုတ်တရက် မျိုး မဟုတ်လား။

''ဒက်ဒီကလည်း အဲဒါကိုပဲ ပြောနေခဲ့တာ၊ ဦးခွန်ရောင် တို့လင်မယားဟာ သူတော်ကောင်းတွေတဲ့၊ ဒီလိုအဖြစ်ဟာ မ နိုင်စရာတဲ့''

''ကံပေါ့လို့..ကံတရားကိုပဲ ကျွန်တော်တို့ မှတ်ယူရ





ပေါ့ စောယွန်းငယ်၊ ကျွန်တော့်မိဘတွေအတွက် ခံစားပေးတဲ့ အန်ကယ်ကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ် စောယွန်း ငယ်''

သူ့မိဘတွေအတွက် ဆွေမျိုးရင်းချာတစ်ယောက်လို ခံစား ပေးသော အန်ကယ် ဦးမိုးစောအား အမှန်တကယ် ကျေးဇူးတင်ပါ၏။

''ဒက်ဒီဟာ အင်မတန်ပွင့်လင်းတဲ့သူပါ ဒေါက်တာ၊ တော်ရုံနဲ့လည်း စိတ်ဓာတ်မကျတတ်ပါဘူး၊ အဲဒီလို လူတစ်ယောက် ဟာ ရုတ်တရက် အိပ်ရာထဲလဲ့တဲ့အထိ ဖြစ်သွားတာ ကျွန်မ အံ့သြမိတယ်''

ပထမဆုံးအကြိမ် ဦးမိုးစောနှင့် ပတ်သက်ကာ သူမရင်ဖွင့် လာ၏။

''အန်ကယ် နေမကောင်းတာကို စောယွန်းငယ် သံသယ ကြိမ်ခနေ ဘာလား''

''အမှန်ပြောရရင် ဟုတ်တယ် ဒေါက်တာ၊ ဒက်ဒီ ဘာ ကြောင့် ဒီလိုဖြစ်သလဲဆိုတာ ကျွန်မ အဖြေရှာချင်တယ်''

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ သူမသာ စုံစမ်းခဲ့လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးညီနှင့်ပတ်သက်တာတွေသိလျှင် သူ့ကို ဒီလိုဆက်ဆံမည်မဟုတ်ပေ။

"စောယွန်းငယ်က ဘာတွေ သံသယဖြစ်နေသလဲ"

"ဒက်ဒီလုပ်ငန်းတွေ ဆုံးရှုံးသွားတာ ကျွန်မသိတယ်"

"ဟင်"

"ဒက်ဒီပြောတာ မဟုတ်ပေမယ့် ကျွန်မ ဇာတိမြေက အသိတစ်ယောက်နဲ့ တွေ့ခဲ့ပြီ ဒေါက်တာ၊ အဲဒီကိစ္စကို ကျွန်မ စုံစမ်းမယ်"

စောယွန်းငယ် ပြတ်သားစွာပြော၏။ သူလည်း စဉ်းစားရပြီ။ ဦးညီရှိရာကို သူအမြန်ဆုံးသွားဖို့ လိုအပ်လာတယ်တု ထင်၏။

"ကျွန်တော်တို့ အတူတူသွားကြတာပေါ့ စောယွန်းငယ်"

"ဒေါက်တာက ပြန်ဖို့အစီအစဉ်ရှိလား"

"အဟွန်း…ကျွန်တော့်ဇာတိမြေပဲ စောယွန်းငယ်"

ထိုစကားကြောင့် သူမပြုံးသည်။

"ဒေါက်တာက ဇာတိမြေကို ခင်တွယ်သားပဲနော်"

"ဘယ်လိုပြောလိုက်တာလဲ စောယွန်းငယ်၊ ကျွန်တော့် မွေးရပ်မြေ ကျွန်တော့်မိဘတွေ ခေါင်းချသွားတဲ့အရပ်၊ ကျွန်တော်





တစ်သက်ဘယ်လိုမေ့နိုင်မှာလဲ"

သူစိတ်ပါစွာပြောတော့ စောယွန်းငယ် ခေါင်းညိတ်သည်။ သူ့ကိုလည်း အထင်ကြီးစွာကြည့်၏။

"ကျွန်မလည်း အတူတူပါပဲ ဒေါက်တာ၊ တကယ်တော့ ကျွန်မတို့ မွေးရပ်မြေက အင်မတန် အေးချမ်းတဲ့နေရာဒေသပါ၊ အဲဒီလိုနေရာမှာ ပူလောင်မှုတွေ မရှိစေချင်ဘူးလေ"

"စောယွန်းငယ်ရဲ့စိတ်ဓာတ်ကို ကျွန်တော်လေးစားပါတယ်၊ အန်ကယ်အတွက်လည်း မပူပါနဲ့၊ ကျွန်တော်ရှိပါတယ်"

သူအားပေးလိုက်၏။ သူမပြုံးကာ…

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ကျွန်တော် ဘာမှမကူညီသေးရပါဘူး စောယွန်းငယ်"

"စကားနဲ့အားပေးတာလည်း ကူညီတာပဲပေါ့ ဒေါက်တာ၊ ဒါနဲ့ ဦးစိုင်းညီဟာ ဒေါက်တာနဲ့ ဘာမှမတော်ဘူးနော်"

ရုတ်တရက် ဦးညီအကြောင်း ကြားရတော့ သူ မျက်နှာ ပျက်ချင်သွား၏။

"သွေးသားအရင်း မဟုတ်ပေမယ့် ကျွန်တော့်အတွက် ဦးလေးတစ်ယောက်လိုပါပဲ စောယွန်းငယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဒေါက်တာပြန်မှာက အပြီးလား၊ ခဏလားဟင်"

လှပသောမျက်လုံးဝိုင်းလေးများဖြင့် ကြည့်ကာ သူ့ကိုမေး၏။ သူတစ်ချက်စဉ်းစားလိုက်ပြီး…

"အခြေအနေအရပေါ့ စောယွန်းငယ်"

"အခြေအနေဟုတ်လား၊ အဲဒါ ဘာကိုဆိုလိုတာလဲဟင် ဒေါက်တာ"

အနီးကပ်မြင်နေရသော စောယွန်းငယ်အလှမှာ နုပျိုကာ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိပေ။ အချစ်နှင့်ပတ်သက်ပြီး ပထမဆုံး အကြိမ် ရင်ခုန်လှုပ်ရှားလာရတာပါပဲ။

"ကျွန်တော်ချစ်တဲ့ မိန်းကလေးက ကျွန်တော်နဲ့အတူ အဲဒီမှာနေရင်လေ"

"ဟင်"

သူ့စကားကြောင့် စောယွန်းငယ် မျက်နှာမပျက်အောင် ကြိုးစားလိုက်၏။ သည်လူချော လူခန့်ကြီးမှာ ချစ်ရမယ့်မိန်းကလေး ရှိနေပြီလား။

မှန်တာပြောရလျှင် လှပသော စောယွန်းငယ်နားတွင် ပုရိသများ မနည်းပါ။ သို့သော် သူမက ဘယ်သူ့ကိုမှ စိတ်မဝင်





စားခဲ့။

လွန်ခဲ့သောနှစ်များက တွေ့ခဲ့ရသည့် ချောမောခန့်ညားသည့် ယောကျ်ားတစ်ယောက်ကို တွေ့ခဲ့ပေမယ့် သူမစိတ်ကူးနဲ့ပင် သက်ဆိုင်၍မရခဲ့ပါ။ သူ့မှာပိုင်ဆိုင်မယ့်သူ ရှိခဲ့တာမဟုတ်လား။

သူမ စွဲလန်းခဲ့တာက ဒေါက်တာခွန်မင်းဆက် အရပ်မြင့်မြင့်၊ ကိုယ်ဟန်ကျစ်ကျစ်ဖြင့် ဝင်းဝါစိုပြေသော အသားအရေနှင့် နက်မှောင်သော လှိုင်းတွန့်ဆံပင်ကို အခြေသပ်ရပ်စွာ ညှပ်ထားကာ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ထိုယောကျ်ားအား မထင်မှတ်ဘဲ တွေ့ဆုံခဲ့ပေမယ့် ထိုစဉ်က သူ့နားမှာ ခင်မင်းညီ ရှိနေ၏။

ယခု ဒုတိယအကြိမ် ပြန်ဆုံတော့လည်း သူ့မှာချစ်ရတဲ့ မိန်းကလေး ရှိနေပြီဟု ကြားရတာ ရင်ထဲဆွေးခနဲ ဖြစ်သွားသည်။

"ဟုတ်တယ်၊ ကျွန်တော် စိတ်ဝင်စားတဲ့ မိန်းကလေးက ကျွန်တော်နဲ့ ဓာတ်တူပဲ"

"ဘယ်သူလဲဟင်၊ ဒေါက်တာပြောတာ ခင်မင်းညီကိုလား"

ထိုအမေးကြောင့် သူပြုံး၍ ခေါင်းခါယမ်း၏။ ထို့နောက် သူမကို ခပ်စိုက်စိုက်ကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ခင်မင်းညီက ကျွန်တော့်ဘဝထဲမှာ မရှိခဲ့တာ ကြာပြီ
လေ၊ ပြီးတော့ သူဟာ ကျွန်တော့်ညီမပဲ"

"ဒါဆို ဒေါက်တာရဲ့သူက…"

သူတို့ မျက်ဝန်းချင်း ဆုံ၏။

သူ့လက်တွေက ဖျတ်ခနဲ သူမပခုံးပေါ် ရောက်သွားသည်။

"ကိုယ်စိတ်ဝင်စားတာက မင်းပဲပေါ့ တောယွန်းငယ်"

"အို"

ကြည့်စမ်း…ဒါဟာ သူမလုံးဝမထင်မှတ်တဲ့အဖြစ်ပဲ
တကယ်တမ်း သူ့ဆီမှ ဒီလိုစကားမျိုးကြားရတော့ သူမရင်ထဲ
ခုန်ကာ မြူနှင့်သောမျက်နှာလေး နီရဲသွားရ၏။





၀

"သူက ဦးခမ်းမွန်ပဲ ဒေါက်တာ၊ ဒက်ဒီလုပ်ငန်းတွေနဲ့
…်သက်ပြီး အရင်တုန်းက လက်ထောက်ဦးစီးခဲ့တာပဲ"

ရှမ်းဘောင်းဘီပွကို ပင်နီတိုက်ပုံအင်္ကျီဝတ်လျက် ခေါင်း
…ခေါင်းနှင့် ရိုးသားပုံရသည့် အသက်ငါးဆယ်ကျော် အမျိုးသားကြီး
…ဦး။

"ဦးခမ်းမွန်…ဒါ ဒေါက်တာခွန်မင်းဆက်ပဲ၊ ဦးစိုင်းညီရဲ့
…ဝ်ရှင်ပေါ့"

"သခင်လေးကို ခုလိုတွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

ဦးခမ်းမွန်က သူ့ကို မတ်တတ်ရပ်ဦးညွှတ်လျက် ရိုသေစွာ
…ဆက်၏။ သူက ပြန်လည်လက်ဆွဲနှုတ်ဆက်သည်။

"ကျွန်တော်ကလည်း တွေ့ရတာဝမ်းသာပါတယ်ဗျာ၊
…ခွန်အနေနဲ့ ကျွန်တော့်ကို ပြောစရာရှိတာပြောပါ"

သူလမ်းဖွင့်ပေးလိုက်သည်။ ဦးညီနှင့် ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဦးခမ်းမွန်ရင်ထဲ ပြောစရာတွေရှိမည်ထင်၏။

ဦးခမ်းမွန်က စောယွန်းငယ်ဘက် တစ်ချက်လှည့်ကြည့်၏။ စောယွန်းငယ် ခေါင်းညိတ်ပြသည်။

"ပြောစရာရှိတာ ပြောလိုက်ပါ ဦးခမ်းမွန်၊ ဒေါက်တာ… ဟာ ဦးစိုင်းညီနဲ့ပတ်သက်ပြီး ဘာမှမသိဘူး၊ နိုင်ငံခြားကရောက်… တာလည်း မကြာသေးဘူး ဦးခမ်းမွန်"

သည်တော့မှ ဦးခမ်းမွန်က သူ့ကိုပြန်ကြည့်၏။ ထို့နောက် ပွင့်လင်းစွာ စကားတွေပြောတော့သည်။

"ကျုပ်ဟာ ခြံလုပ်ငန်းတွေကို နှစ်ပေါင်းများစွာ ဦး… လုပ်ကိုင်လာခဲ့တာပါ၊ ဆရာကြီး ဦးမိုးစောရဲ့ခြံတွေကို ရိုးသား… ကြိုးစားစွာနဲ့ ဦးဆောင်ခဲ့တာပါ၊ ဒါပေမယ့် စိုင်းညီဟာ သခင်… ရဲ့ ခြံလုပ်ငန်းတွေထဲ မသမာမှုတွေ ရောထွေးခဲ့ပါတယ်"

"မသမာမှုဟုတ်လား ဦးခမ်းမွန်၊ အဲဒါ ဘာကိုပြော… တာလဲ"

မှန်တာပြောရလျှင် ခြံလုပ်ငန်းတွေနှင့် ပတ်သက်… တစ်သက်လုံး ဦးစိုင်းညီလုပ်ခဲ့တာမို့ သူ လှည့်ကြည့်…ခဲ့…

"အလုပ်သမားတွေကို လုပ်အားခနှိမ်တယ်၊ အချိန်ပို…

…ခိုင်းတယ်၊ အလုပ်သမားတွေက မကျေနပ်ရင် သူ့အလုပ်က ချက်ချင်းထွက်ခိုင်းတယ်"

"ကျွန်တော့်အတွက်တော့ မယုံနိုင်စရာပဲ၊ ဦးညီဟာ …လောက်တောင် ဆိုးရွားနေလား"

သူ့အမေးကြောင့် ဦးခမ်းမွန်နှင့် စောယွန်းငယ်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ ထိုစဉ် အခန်းထဲမှ ဦးမိုးစော ထွက်လာသည်။

"အဲဒီထက်မကတာပါ မောင်ရင်၊ သူဟာ အရင်က …ည်းက ရှိတဲ့အလုပ်သမားတွေကို ထုတ်ပြီး သူ့လူတွေအစား …သွင်းတယ်လေ၊ ပြီးတော့ ခြံထွက်သီးနှံပို့တဲ့ ကားတွေထဲမှာ တခြား …စ္စည်းတွေပါတယ်"

"တခြားပစ္စည်း ဟုတ်လား အန်ကယ်"

"ဟုတ်တယ် မောင်ခွန်မင်း၊ ခြံလုပ်ငန်းထက် သူပိုချမ်း …သာနေတာ အဲဒါတွေကြောင့်ပဲ"

"ဗျာ"

ရိုးသားမှုမရှိသော ဦးညီ၏သတင်းတွေ ကြားရတော့ …စိတ်မကောင်းဖြစ်ရသည်။ မိဘများ၏ ရိုးသားစွာလုပ်ကိုင်…



www.burmeseclassic.com

www.burmeseclassic.com



သော အစဉ်အလာသည် ဦးညီကြောင့် ပျက်စီးရတော့မည်။

"ဆရာကြီးပြောတာ မှန်ပါတယ် သခင်လေး၊ စိုင်းညီ လုပ်ရပ်တွေကို ကျုပ်တို့ရိပ်မိပေမယ့် သေချာသတင်းမပေးနိုင် ဘူး၊ သူက အလွန်ပိရိတယ်လေ၊ တကယ်လို့ သတင်းပေးတဲ့လူ ရင်လည်း အဲဒီလူဟာ မလွယ်ဘူးပဲ"

ဦးခမ်းမွန်လို လူတစ်ယောက်က ဒီလိုပြောနေပြီဆိုတော့ သူ့အတွက် စဉ်းစားစရာတွေ ဖြစ်လာ၏။

"တစ်ခါက သူ့အကြောင်းတွေသိတဲ့ အလုပ်သမား တစ်ယောက်က ရဲသွားတိုင်ဖို့တယ်၊ နောက်နေ့ အဲဒီကောင် ကားတိုက်လို့ ဆုံးသွားတယ် သခင်လေး"

"ဒါဟာ ဦးညီနဲ့ ပတ်သက်နေတာလား ဦးခမ်းမွန်"

"သေချာတာပေါ့၊ သူ့အပြင် ဘယ်သူလက်ချက်ရှိမှာ မောင်ခွန်မင်း"

ဦးမိုးစောက ခံပြင်းစွာ [illegible] တကယ်ကို သူလုံး မထင်မှတ်တဲ့ သတင်းတွေပါလား၊ သက်[illegible]ချမိရသည်။

"ကျွန်တော် ဦးညီဆီကို အမြန်ဆုံးပြန်ပါမယ် အန်ကယ်"

"အန်ကယ်တို့လည်း ပြန်မှာပါ မောင်ခွန်မင်း"





ထိုစကားကြောင့် သူ ဖျတ်ခနဲ စောယွန်းငယ်ကို လှမ်းကြည့်၏။

"ဒက်ဒီက ဒီမှာအေးအေးဆေးဆေးနေရင် မကောင်းဘူးလား"

စောယွန်းငယ်က ဦးမိုးစောကို မလိုက်စေချင်၍တား၏။ ဦးမိုးစော ခေါင်းခါယမ်းသည်။

"မဖြစ်ဘူး…ဒက်ဒီမှာ အရေးကြီးတဲ့ကိစ္စရှိသေးတယ် သမီး"

"ဒက်ဒီလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး သမီးစီစဉ်ပါ့မယ်"

"သမီးတစ်ယောက်တည်း ဒက်ဒီ စိတ်မချပါဘူးကွယ်၊ ပြီးတော့ ဒီတစ်ခါကိစ္စက ဒက်ဒီကိုယ်တိုင်လိုက်မှဖြစ်မှာ"

ဦးမိုးစောက စိတ်အားထက်သန်စွာ ပြော၏။ သူကြားက ဝင်၍ ဆုံးဖြတ်ပေးလိုက်သည်။

"အန်ကယ်ဆန္ဒပြင်းနေမှတော့ လိုက်ပါစေ စောယွန်းငယ်၊ ကျွန်တော်တို့အားလုံးလည်း ရှိသားပဲ"

"ကျွန်မက ဒက်ဒီအတွက်စိုးရိမ်လို့ပါ ဒေါက်တာ"

"ရပါတယ် သမီး၊ ဒက်ဒီအတွက် ဘာမှမစိုးရိမ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုခမ်းမွန်လည်း ပြန်ခေါ်ခဲ့မှာပဲ၊ ကဲ…ကိုခမ်းမွန် စာကြည့်ခန်းထဲမှာ
ကျွန်တော်နဲ့ စကားပြောရအောင်”

“ဟုတ်ကဲ့ ဆရာကြီး”

ဦးမိုးစောနောက်မှ ဦးခမ်းမွန် လိုက်သွား၏။

ဧည့်ခန်းထဲမှာ သူတို့နှစ်ယောက် ကျန်ခဲ့သည်။ သူ
သူမခုံနားသို့ ပြောင်းထိုင်၏။

“အို…ဒါဘာလုပ်တာလဲ”

“အဟွန်း…ကိုယ်တောင်းထားတဲ့အဖြေလေ စော”

အနီးကပ်ရောက်လာသော သူ့ကို မကြည့်ရဲသလို သူ
ခေါင်းလေးငုံ့ထားမိ၏။ ရွှေညိုရောင်ဆံပင်များကြားမှ ဖြူနုသော
မျက်နှာလေးကို သူ ဖွတ်အတင်း လိုက်ကြည့်မိသည်။

“စော”

“အို”

ဖြူနုလှပသော သူမလက်လေးတစ်ဖက်ကို သူ ဖျတ်
ဆုပ်ကိုင်မိ၏။ ရုတ်တရက် သူမမျက်နှာလေး နီသွားကာ ရှက်
ကြိုးစားသည်။

“ကျွန်မလက်ကို လွှတ်ပါ ဒေါက်တာ”





အိမ်ခန်းထဲမှ ဒက်ဒီကြားမည်စိုးတာကြောင့် သူမ တိုးတိုး
တိတ်ပြော၏။ ဒါကိုက သူ့အတွက် အသည်းယားစရာ။

“အဟွန်း…လွှတ်စေချင်ရင် အဖြေပေးပေါ့ စောရဲ့”

“ဒေါက်တာနော် အထဲမှာ ဒက်ဒီရှိတယ်”

“အဲဒါကြောင့်မို့ စောဆီက အဖြေတောင်းတာပေါ့၊
တကယ်လို့ အန်ကယ်ကြားသွားလည်း နားဖောက်ပြီးသားဖြစ်တာ
ပေါ့ဗျာ”

“အမယ်…သူ့ကို ဘယ်သူကလက်ခံလို့လဲ”

သူမ မျက်စောင်းလေးထိုးကာ မေးပုံက သူ့အတွက်
ချစ်မြတ်နိုးအသည်းယားစရာ။ သူမလက်လေးကို ပို၍ တင်းကြပ်
စွာ ဆုပ်ကိုင်မိ၏။

“စောက လက်ခံရင် အန်ကယ်ကို ကိုယ်သွားပြောမှာပဲ”

“အဟင်း…ဒက်ဒီက အိမ်ထောင်ရေးကိစ္စမှာ ကျွန်မကို
လွတ်လပ်ခွင့်ပေးထားတယ်ရှင့်”

ထိုအပြောကြောင့် သူ စိတ်ရှုပ်ဟန်ဖြင့် မျက်ခုံးတွန့်၏။

“ကဲ…ဒါဆို စောဆီကပဲ အဖြေတောင်းမယ်၊ ပြောလေ
စော”



www.burmeseclassic.com

www.burmeseclassic.com



"အို…ဘာပြောရမှာလဲ"

"ဒါမျိုးပေါ့ အိပ်ချင်ယောင်ဆောင်တဲ့လူ နှိုးရခက်တယ်ဆိုတာ"

သူ့အကြိတ်ကာ ခပ်တိုးတိုးပြောတော့ သူမ ပြုံးချင်ချင်ဖြစ်သွား၏။ တကယ်တမ်းမှာ ဒီလူချော လူခန့်ကြီးကို သူမ စိတ်ထဲယဉ်ခဲ့တာ ကြာပြီ။

သို့သော် သူနှင့် ခုလိုစကားတွေ ပြောနေရတာကိုထ သူမအတွက် ပျော်စရာ။

"အိပ်ချင်ယောင်ဆောင်တဲ့လူ နှိုးရခက်ရင် ဆက်မနှိုးပါနဲ့လား ဒေါက်တာ"

"မဖြစ်ဘူးဗျာ၊ ကိုယ်က ဖွတ်အတင်းနှိုးရမှာပဲ၊ ကဲ"

ရုတ်တရက် သူမကိုယ်လေးကို သူပြုံးကာ သိမ်းဖက်၏။ သူမရင်တွေခုန်သွားလျက်….

"အို…ဘာလုပ်တာလဲ ဒေါက်တာ၊ ဒက်ဒီထွက်လာမှဖြင့်"

"ဒါဆို ချစ်တယ်ပြော"

"ကျွန်မကို အကြပ်ကိုင်တာမျိုး မကြိုက်ဘူးဒေါက်တာ"





သူ့ စိတ်မကောင်းဖြစ်သွားသည်။ ဖျတ်ခနဲ သူမကိုယ်လေးကို လွှတ်ပြီး နေရာမှထ၏။

"ကိုယ်သွားတော့မယ် စော"

သူမ ဘာမှမဖြေခင် သူထွက်ခဲ့၏။ ခြေလှမ်းကျဲကြီးဖြင့် သူထွက်သွားတာကို သူမ ခဏငေးကြည့်နေပြီးမှ ဝုန်းခနဲနေရာမှရပ်ကာ…

"ဒေါက်တာ"

"စော"

သူ့ထံသို့ အပြေးလာသော သူမကိုယ်လေးအား ရင်ခွင့်က ဆီးကြိုလိုက်လေတော့၏။

ကျ၊ကျ



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို လက်ခံလိုက်တာ ဦးစိုင်းညီနဲ့မဆိုင်ဘူးထင်လို့"

"ဦးညီနဲ့ဆိုင်တယ်ဆိုရင်ကော စော"

စောယွန်းငယ် မျက်နှာလေး ခပ်မဲ့မဲ့ပြုး၏။ သူ့ကို လှပသော မျက်ဝန်းလေးများဖြင့် ဖျတ်ခနဲကြည့်သည်။

"ဒက်ဒီ ဘာကြောင့် ဒီလိုဖြစ်သွားတယ်ဆိုတာ စောသိထားပြီ မောင်"

"ဟင်"

"ဟုတ်တယ် မောင်၊ ဦးညီရဲ့ လုပ်ရပ်တွေကို စောဘယ်လိုမှ သည်းမခံနိုင်ဘူး"

မျက်နှာလေးတည်ကာ ပြောပုံမှာ သူမအတော်ခံပြင်းနေဟန်ပင်။ ဦးမိုးစောနှင့် ပတ်သက်ကာ ဦးညီသည် တကယ်ပဲ ထိုသို့လုပ်ခဲ့တာလား၊ သူကိုယ်တိုင် ဘာမှမသိပေမယ့် လောလော





ဆယ် ချစ်သူလေးကို ချော့ထားရ၏။

"မောင်ရှိပါတယ် စော၊ ဦးညီရဲ့လုပ်ရပ်တွေ မမှန်ကန်တာမျိုးဆိုရင် မောင်လက်မခံပါဘူး"

"ဒါပေမယ့် မောင်သိထားဖို့က ဒက်ဒီနဲ့စောဟာ မလိမ်တတ်ဘူး၊ ဒီလိုပဲ ဦးခမ်းမွန်ဟာ သိပ်ကို ရိုးသားတဲ့လူတစ်ယောက်ဆိုတာ မောင့်အမြင်ပဲ"

"ဟုတ်ပါတယ်စော၊ အဲဒါကို မောင်လက်ခံပါတယ်၊ မောင့်အနေနဲ့ အခြေအနေအရပ်ရပ်ကို ကိုယ်တိုင်သိရှိပြီးမှ ဆုံးဖြတ်နိုင်မယ်မဟုတ်လား"

နှစ်သိမ့်သည့်အနေဖြင့် သူမကိုယ်လေးကို ထွေးပွေ့ယူလျက် သူပြော၏။ ထို့နောက် ဖြူနုသောပါးပြင်လေးကို အသာရှိုက်နမ်းလျက်...

"ဒါနဲ့ စောက မညာတတ်ဘူးဆိုတော့ မောင့်ကိုချစ်တာလည်း အမှန်ပဲပေါ့နော်"

"ကြည့်စမ်း...လူကို ဘာမှတ်နေလဲ၊ အချစ်ဆိုတဲ့အရာဟာ စောအတွက် အရေးအကြီးဆုံးပဲ၊ ဒါဟာ တစ်ဘဝလုံးတိမ့် တစ်ခုအတွက်ဆိုတာ မောင်နားလည်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်မှ ဆတ်ခနဲ ရုန်းထွက်လျက် သူမပြောသည်။ သူပြုံးပြုံးကြီးဖြင့် သူမကိုယ်လေးကို ဖွတ်အတင်းပွေ့ဖက်၏။

"မောင်အလကားစတာပါဗျာ၊ စောအချစ်ကို မောင်ယုံပါတယ်"

စိတ်ဆိုးချင်နေသော သူမအား မျက်နှာလေး ဆွဲမော့ယူ၍ နမ်းရှိုက်မိသည်။ အစက ကိုယ်ခန္ဓာလေး တောင့်တင်းနေသော သူမက သူ့အနမ်းများကြောင့် ပျော့ပျောင်းလာရ၏။

"မောင်ကကော စောဟာ မောင့်ရဲ့ ဘယ်နှစ်ယောက်မြောက်အချစ်လဲ ပြောပါဦး"

လက်ချောင်းလေးများဖြင့် သူ့ရင်ဘတ်ကို အသာတွန်းဖယ်လျက် သူမမေးတော့ သူပြုံးကာ ဝခုံးတွန့်မိ၏။

"အင်း…ဒါဆို ခက်ထ"

သူက မျက်မှောင်အနည်းငယ်တွန့်ပြီး လက်ချိုးရေပြတော့ လှပသော သူမမျက်နှာလေး ပျက်သွားသည်။

ကြည့်စမ်း…သူမှာ လက်ချိုးရေလောက်အောင် ချစ်သူတွေ များပြားခဲ့ပါလား။

"တော်ပြီ မောင်၊ စော မသိချင်တော့ဘူး"





တုန့်ခါနေသောအသံလေးကို သူမထိန်းလျက် ပြောရင်း သူ့ရင်ခွင်မှ ထွက်ဖို့ ကြိုးစား၏။ သို့သော် သူမ၏သေးကျဉ်းသော ခါးလေးကို သူ၏သန်မာသော လက်တစ်ဖက်က ခိုင်မြဲစွာ ဖက်ထားတာမဟုတ်လား။

"အဟွန်း…အဖြေရပါပြီ စောရဲ့၊ စောဟာ မောင့်အတွက် နောက်ဆုံးချစ်သူပဲ"

"ဟင်…နောက်ဆုံးချစ်သူ ဟုတ်လား"

မကျေမနပ်လေး သူမမေးတော့ သူပြုံး၍ ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ၊ မိန်းကလေးတိုင်းဟာ ပထမဆုံးချစ်သူထက် နောက်ဆုံးချစ်သူ ဖြစ်ချင်တာမဟုတ်လား စောရဲ့"

"ဒါတော့ ဟုတ်ပေမယ့် ပထမဆုံးချစ်သူ မဖြစ်ရတာလည်း မကျေနပ်ချင်ပါဘူး၊ ကဲ…ကဲ ပြော မောင့်ရဲ့ပထမအချစ်က ဘယ်သူလဲ"

နီထွေးသောနှုတ်ခမ်းလေး မသိမသာစူချင်လျက် သူမ ချက်စောင်းလေးဖြင့် မေး၏။

"ခက်တာပဲ၊ မောင့်ရဲ့ပထမဆုံး အချစ်က ဘယ်သူမှန်း



www.burmeseclassic.com

www.burmeseclassic.com



လည်း မသိတော့ဘူးစော"

"သြော်...အဲဒီလောက်တောင် ချစ်သူတွေများခဲ့တယ်ပေါ့လေ"

"အဟွန်း...မောင်ကစခဲ့တာတွေထက် သူတို့က မောင့်ကိုစခဲ့တာတွေပါဗျာ၊ ဒီတော့ ရင်ထဲလေးလေးနက်နက် မရှိဘူးလေ၊ ဘယ်မှတ်မိပါ့မလဲ၊ သေချာတာကတော့ မောင့်ပထမဆုံး ချစ်မိတာကလည်း စောပဲနေမှာပါ"

"တော်ပါနော်"

သည်လိုပြောတာ တကယ်မဟုတ်ခဲ့တောင် မိန်းကလေးတစ်ယောက်အနေဖြင့် သူမ ကျေနပ်သွားရပါ၏။

"ကဲ...ပြောပါဦး ဒီလောက်လှတဲ့စောကကော ချစ်သူဘယ်နှစ်ယောက်ထားခဲ့လဲ"

"အယောက်တစ်ရာ"

"အဟွန်း...ဟွန်း မောင့်ထက် ပိုဆိုးနေပါလားဗျာ"

သူက စိတ်ဆိုးဟန်မပြဘဲ လိုက်လှဲစွာရယ်တာကြောင့် သူမ မျက်ခုံးလေးတွန့်သွား၏။

"ကြည့်စမ်း...မောင်က စောပြောတာ မယုံဘူးလား"





"ယုံပါတယ်၊ စောက လှတာကိုးကွ"

"ဟင်...ဒါဆို မောင်စိတ်ဆိုးလေ"

ကလေးဆန်ဆန် သူမအပြောကြောင့် သူပြုံး၍ ခေါင်းခါယမ်း၏။ သူမကိုယ်လေးကို ချစ်မြတ်နိုးစွာ ပိုတိုးဖက်ရင်း...

"ဘာကြောင့် စောကို မောင်စိတ်ဆိုးရမှာလဲ၊ စောထားခဲ့တဲ့ ရည်းစားတွေဟာ ပြီးခဲ့ပြီ၊ မောင်က စောရဲ့ နောက်ဆုံးအချစ်ဖြစ်ရင် ကျေနပ်တယ်"

"မောင်ရယ်"

သည်လိုသဘောထားပြည့်မှုတွေကြောင့်ပဲ မောင့်ကို ပိုချစ်ရတာဟု သူမထင်၏။ မောင့်လည်တိုင်ကို ဖြူနုသော လက်ချောင်းလေးတွေဖြင့် ဖက်တွယ်မိ၏။

"မောင့်ကို စော အလကားစတာပါ၊ အချစ်နဲ့ပတ်သက်ရင် စောခံယူချက်က လေးနက်တော့ နှလုံးသားကမပါဘဲ အပေါ်ယံမက်ပြီး ဘယ်သူ့ကိုမှ လက်မခံခဲ့ပါဘူး၊ မောင့်ကြမှ စောလေ ချစ်မိတာပါ"

"စောရယ်...ပြောတတ်လိုက်တဲ့အချစ်ရယ်"

"အိုကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ သူ့အတွက် အချိုမြိန်ဆုံးက သူမနှုတ်ခမ်းလေးတစ်စုံပါ။ သူမစကားလေးတွေက သူ့အတွက် ပျားသကာလိုချို၏။

"ဟိုရောက်လို့ ကိစ္စတွေပြေလည်သွားရင် အန်ကယ်တို့ဖွင့်ပြောပြီး မောင်တို့လက်ထပ်ကြရအောင်နော် စော"

"ဟင်…မမြန်လွန်းဘူးလား မောင်"

"အဟွန်း…မောင့်အတွက် နောက်တောင်ကျနေတာပါစော၊ ဘာကြောင့်လဲဆိုတော့ မောင်နဲ့ရွယ်တူတွေက သားတွေသမီးတွေနဲ့ဗျ"

"ကြည့်စမ်း…ဘာတွေလျှောက်ပြောနေတာလဲ"

သူ့လက်မောင်းကို ရှက်စနိုးဖြင့် ဆွဲလိမ်ကာ သူမမျက်နှာနီနီလေးဖြင့် ပြော၏။

"ဟောဗျာ…မောင် အမှန်ပြောတာ စောရဲ့၊ စောနဲ့ကခုမှတွေ့ရတာကိုးကွ၊ တွေ့ရတာ နောက်ကျပေမယ့် မောင့်အချစ်ကစောအပေါ်မှာ အပြည့်ဗျ"

"မောင် သိပ်အပြောကောင်းတယ်နော်၊ ဒါကြောင့် ချစ်သူတွေများခဲ့တာဖြစ်မှာ"





သည်လောက်ချော၊ ဒီလောက်ချစ်နှုန်းသားကာ အစစအရာရာ ပြည့်စုံတဲ့ မောင်တစ်ယောက် ခုလိုလွတ်လပ်စွာရှိနေတာပဲ သူမနဲ့ ဖူးစာဆုံဖို့ဟု မှတ်ယူမိပါ၏။

"အေးဗျာ…ဒီအကြောင်းတွေပြောပြီး မောင့်ကို ခဏခဏစိတ်ကောက်ဖို့ မကြံနဲ့၊ မောင်က မချော့နိုင်ဘူးဗျာ"

"အဟွန်း…ဟွန်း ဟုတ်ပါတယ်ဗျာ၊ ကဲ…ကဲ အခုပဲစိတ်ကောက်နေတဲ့ ကောင်မလေးကို စိတ်ကောက်ပြေအောင် မောင်အစွမ်းကုန်ချော့မယ်ဗျာ"

"အို…အို"

ယခုတော့လည်း စိတ်ရောကိုယ်ပါ အကြင်နာတွေပေးကာချော့နေသော သူ့ကြောင့် သူမမျက်ဝန်းလေးတွေ မှေးမှိတ်၍ သူ့ရင်ခွင်ထဲမှာ ပျောင်းညွတ်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စောယွန်းငယ်တို့သားအဖနှင့်အတူ ဇာတိ

ပြန်ခဲ့၏။ ဦးမိုးစော၏ လူယုံကြီး ဦးခမ်းမွန်လည်း လိုက်

သည်။

"ကဲ…မောင်ခွန်မင်း အန်ကယ်တို့ ဒီကဝဲ လမ်း

နို့"

"ဟုတ်ကဲ့ ဒေါက်တာ၊ နောက်မှ ဒေါက်တာ

အိမ်ကို လာလည်ပါ"

မြို့ရောက်တာနှင့် ဦးမိုးစောတို့ သားအဖက သူ

ဆက်၏။ တစ်မြို့တည်းမှာ အတူရှိမှာမို့ သူခေါင်းညိတ်လိုက်

"ကောင်းပြီ စော၊ ကိုယ်လာခဲ့ပါ့မယ်၊ အန်ကယ်

ကျန်းမာရေးကို အထူးဂရုစိုက်ပါ၊ လိုအပ်ရင် ကျွန်တော့်ကို

မရွေးဖုန်းဆက်လိုက်ပါခင်ဗျာ"

"အန်ကယ် ကျန်းမာရေးအတွက် မောင်ခွန်မင်း





တအားပါပဲ၊ အန်ကယ်လည်း မောင်ခွန်မင်းအလာကို စောင့်နေပါ့

မယ်"

ဦးမိုးစော အဓိပ္ပာယ်နှင့်ပြောတာ သူနားလည်၏။ ဦးညီရဲ့

လုပ်ရပ်တွေအပေါ် သူဘာယ်လိုစဉ်းစားဆုံးဖြတ်မယ်ဆိုတာ ဦးမိုးစော

သိချင်ပုံပင်။

"ကောင်းပါပြီ အန်ကယ်၊ ကျွန်တော်လာခဲ့ပါ့မယ်"

"အေး…အေး အန်ကယ်စောင့်နေမယ်၊ ဒီမှာမောင်ရင်

အန်ကယ် ဒီကိုလိုက်လာတဲ့ မောင်ရင်နဲ့ အန်ကယ်တို့အတွက်

သိပ်အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့်ပဲ"

"ဗျာ…ဟုတ်ကဲ့"

စောယွန်းငယ်က သူ့ကိုနှုတ်ဆက်ပြီး ဦးခမ်းမွန်နှင့်အတူ

ရှေ့မှထွက်သွားပြီ။ ဦးမိုးစောက နောက်မှာချန်လျက် သူ့ကို ထိုစကား

ထပ်ပြောခြင်းပါ။

"ခုတော့ အန်ကယ်သွားမယ်၊ အန်ကယ် လူလွှတ်ခေါ်တဲ့

အချိန်ကြရင် မောင်ရင် အမြန်ဆုံးလိုက်ခဲ့ပါ"

"စိတ်ချပါ အန်ကယ်"

ဦးမိုးစောနှင့် လမ်းခွဲခဲ့သည့်တိုင် အရေးကြီးတဲ့ကိစ္စဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာများပါလိမ့်ဟု သူစဉ်းစားမိ၏။ သူနှင့်စောယွန်းငယ် ကိစ္စ

သေချာစဉ်းစားကြည့်တော့ ဒါလည်းမဟုတ်နိုင်ပေ။ ဦး

စောသည် ခေတ်မီသော လူတစ်ယောက်မို့ သမီး၏အိမ်ထောင်

ကို လွတ်လပ်ခွင့်ပေးထားသည်။

သူနှင့်ချစ်နေသည့်ကိစ္စကိုလည်း ဦးမိုးစော သိ

ကန့်ကွက်မည်မဟုတ်ပေ။

ဒါဆို တခြားအရေးကြီးတဲ့ကိစ္စက ဘာလဲ။ အတွေး

ခင် သူက အိမ်သို့ရောက်နေပြီ။ သို့သော် သူ၏ခြံဝမှာတော့

"ကျွန်တော်တို့ကို လုပ်အားခတိုးပေးပါ၊ အချိန်ပို

ရှင်းပေးပါ၊ ထုတ်ပယ်လိုက်တဲ့ အလုပ်သမားတွေကို ပြန်

ပါ"

အလုပ်သမားတစ်စုက သူ့ခြံထိပ်တွင် တောင်းဆိုလို

လား။ ဒါဟာ လုံးဝမထင်မှတ်တဲ့ အဖြစ်အပျက်မို့ သူ အံ့

သက်သွားရ၏။

ထိုစဉ် ဦးညီ၏အသံ ပေါ်လာသည်။

"ဟိတ်ကောင်တွေ မင်းတို့ ဒီကအမြန်ဆုံးသွား

မင်းတို့တောင်းဆိုတိုင်း ငါလိုက်လျောမယ်ထင်သလား၊ အ





ရောက်ချင်ရင် အမြန်သွားကြ၊ ငါ ရဲခေါ်လိုက်မယ်"

လွန်ခဲ့တဲ့ နှစ်များကစာလျှင် ဦးညီသည် အတန်ငယ်

ကြီးလာလျက် ဘီယာသောက်ထားသော ဗိုက်မှာ ရှေ့သို့ဆူထွက်

ထိပ်အနည်းငယ်ပြောင်ကာ အရင်းရှင်ဟန်အပြည့်နှင့် ဦးညီကို

တွေ့လိုက်ရတာကြောင့် သူ မျက်မှောင်တွန့်သွားရသည်။

ကြည့်စမ်း ဦးညီဟာ တကယ်ပဲ ဦးမိုးစောနှင့် ဦးခမ်းမွန်

တို့ ပြောသလို ဖြစ်နေပါလား။ သူ ခေါင်းတစ်ချက်ခါယမ်းကာ

တော်ပြင်းချမိ၏။

ထို့နောက် ကားဟွန်းသံကို ကျယ်ကျယ်တီးလိုက်သည်။

"တီ...တီ"

သူ့ကားဟွန်းသံကြောင့် စောစောက ဆူညံနေသော

သူတွေ တိတ်ဆိတ်လျက် ပြိုင်တူလှည့်ကြည့်ကြ၏။ သူ ကားတံခါး

ကိုဖွင့်ကာ ဆင်းလိုက်သည်။

အလုပ်သမားများမှာ ကားပေါ်မှ အပြုံးဖြင့်ဆင်းလာသော

ရုပ်မြင့်မြင့်၊ အသားဖြူဖြူ ကိုယ်ဟန်ကျစ်ကျစ်နှင့် ချောမောခန့်

ညားသည့် သူ့ကို တွေ့ရတော့ စူးစမ်းသလိုကြည့်၏။

"ကျေးဇူးပြုပြီး အားလုံးနဲ့ ကျွန်တော်မိတ်ဆက်ပေးပါရစေ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ၊ တချို့လည်း ကျွန်တော့်ကို သိပြီးကြမယ်လို့ ထင်ပါတယ်။ ကျွန်တော် ဒေါက်တာခွန်မင်းဆက်ပါ၊ ခင်ဗျားတို့ သိထားတဲ့ ဦးစိုး ညီလုပ်ကိုင်နေတဲ့ မြေတွေရဲ့ပိုင်ရှင်ပါ”

“ဟာ…ဒါဆို သခင်လေးပေါ့”

“သူဌေးအစစ်က ဒီမှာပဲ၊ ဒါဆို ကျွန်တော်တို့ မတရား ခံရတာတွေ သူဌေးဖြေရှင်းပေးပါ၊ လုပ်အားခတွေ နှိမ်ထားတာကို လည်း ပြင်ပေးပါ သူဌေး”

“အပြစ်မရှိဘဲနဲ့ အလုပ်ထုတ်ခံခဲ့ရတဲ့ အလုပ်သမားတွေ ကိုလည်း ပြန်ပြီးခန့်ပေးပါ သူဌေး”

ပိုင်ရှင်အစစ်က သူလို့သိလိုက်တာနှင့် အလုပ်သမားအား လုံး သူ့နားရောက်ကာ ပိုင်းဝန်းတောင်းဆိုလေ၏။

သူ အားလုံးကို လက်ပြတားလိုက်သည်။

“ဟုတ်ကဲ့…ခင်ဗျားတို့ တောင်းဆိုတာ အားလုံးကို ကျွန်တော် သေချာစဉ်းစားပေးပါ့မယ်”

ထိုအချိန် ဦးညီ ရောက်လာလျှက်

“ဟေ့…ခွန်မင်း မင်းဘာမှမသိဘဲနဲ့ ဒီကောင်တွေ တောင်းဆိုချက်ကို လိုက်လျောစရာမလိုပါဘူး”





ခက်ထန်မာကျောစွာ ပြောလေ၏။ ဦးညီကို သူတစ်သက် း အထင်ကြီးလေးစားခဲ့တာ မှားပြီဟု ပထမဆုံးအကြိမ် သိလိုက် ၏

“ဒီကိစ္စတွေကို ကျွန်တော်မသိပေမယ့် သူတို့တောင်းဆိုတဲ့ ရာတွေကို အကောင်းဆုံးဖြစ်အောင် ကျွန်တော်စီစဉ်ဆောင်ရွက် င်မယ်ထင်ပါတယ် ဦးညီ”

သူ့စကားကြောင့် ဦးညီ မျက်နှာပျက်သွား၏။ သူ့အလုပ် အားတွေ လှည့်ကာ တောင်းပန်လိုက်သည်။

“အားလုံးပဲ အိမ်ကို အေးအေးဆေးဆေး ပြန်ကြပါခင်ဗျာ၊ ကြာခင် ခင်ဗျားတို့လိုချင်တဲ့အဖြေ ကျွန်တော် ယူလာပါ့မယ်”

“သူဌေး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါ”

“စိတ်ချပါခင်ဗျာ၊ ကျွန်တော်အားလုံး ဆောင်ရွက်ပေးပါ့ ယ်”

သည်တော့မှ အလုပ်သမားအားလုံး ကျေနပ်စွာပြန်သွား ကြ၏။ အကြီးအကျယ် မကျေနပ်ကျန်ခဲ့သူက ဦးညီ။

“မင်းဘယ်လိုလုပ်လိုက်တာလဲ ခွန်မင်း၊ ငါ လက်နဲ့ရေး ာကို မင်းကခြေနဲ့ဝင်ဖျက်တာလားကွ ဟင်”

စိတ်ဆိုးနေသော ဦးညီကို သူလေအေးအေးနှင့်ပင်ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဦးညီရဲ့ လက်ရှိဖြစ်ပျက်နေတာတွေကို ဒီလိုပုံစံနဲ့ မရှင်းရင် ဘယ်လိုပုံစံနဲ့ ရှင်းမှာလဲ၊ သူတို့ကလည်း တင်းမာ၊ ဦးညီဘက်ကလည်း တင်းမာဆိုရင် မလိုအပ်တဲ့ပြဿနာ တွေ ဖြစ်ပေါ်ကုန်လိမ့်မယ်"

သူပြောတာအမှန်ကို ဦးညီလက်မခံနိုင်ပေ။ ခေါင်းကြီးခါယမ်းကာ သူ့ကို မကျေနပ်သလိုကြည့်၏။

"မင်း…ဒီကို ဘာကိစ္စပြန်လာတာလဲ၊ ဒီနေရာဟာ မင်းနဲ့ သင့်တော်တဲ့နေရာမျိုး မဟုတ်ဘူး ခွန်မင်း"

"ဘယ်လိုပြောလိုက်တာလဲ ဦးညီ၊ ဒီအရပ် ဒီမြေဟာ ကျွန်တော့်ဇာတိပါ၊ အခုပြန်လာတာကလည်း တစ်ခဏမဟုတ်ဘူး ကျွန်တော် အပြီးပြန်လာတာ ဦးညီ"

"ဘာ"

"ဟုတ်တယ် ဦးညီ၊ ဒါကြောင့် မိဘတွေချန်ထားခဲ့တဲ့ လုပ်ငန်းတွေကို ကျွန်တော် ဆက်လုပ်တော့မယ်၊ ဦးညီလည်း တစ်သက်လုံးလုပ်ခဲ့တာ ပင်ပန်းပါပြီ"

သူပြတ်သားစွာ ပြောတော့ ဦးညီ မျက်လုံးကြီးပြူးကာ ငြင်းဆန်သည်။

"မင်း…မင်း ဘာတွေပြောနေတာလဲ ခွန်မင်း၊ မင်းဟာ





ဆရာဝန်တစ်ယောက်ပဲ၊ မင်းအလုပ်က ဆေးကုရမှာကွ၊ ဒီလုပ်ငန်း တွေကို မင်းဘာတစ်ခုမှ သိတာ နားလည်တာမဟုတ်ဘူး"

"ဦးညီပြောတာ မှန်ပါတယ်၊ ကျွန်တော် နားမလည်တာ တွေအတွက် ဦးညီကိုပဲ အားကိုးရမှာပေါ့"

သူပြောရင်း အိမ်ထဲဝင်၏။ အိမ်ကြီးသည် တိတ်ဆိတ် ငြိမ်သက်လျက်။

ခင်မင်းကော ခုချိန်ထိ ခင်မင်းကို အရိပ်အယောင်မျှ တောင် မတွေ့ရပါလား။ ဦးညီက သူ့နောက်မှ လိုက်ပါလာသည်။

"မင်းဘာကြောင့် နိုင်ငံခြားက ပြန်လာတာလဲ ခွန်မင်း၊ မင်းကို နိုင်ငံခြားမှာပဲ အခြေချမယ်လို့ ထင်ထားတာ"

"ကျွန်တော်တစ်သက်လုံး အဝေးမှာ နေခဲ့တာပါ ဦးညီ၊ ကျွန်တော်ခင်တွယ်တာက ကျွန်တော့်ဇာတိမြေကိုပါ"

ဦးညီနှင့် မျက်နှာချင်းဆိုင်ကာ သူပြောလိုက်သည်။ ဦးညီ မျက်လုံးတွေသည် တစ်စုံတစ်ရာကို ဖုံးကွယ်လျက် ချက်ချင်းပြူး၏။

"ဟုတ်ပါတယ်လေ၊ ဇာတိမြေကို မမေ့တဲ့ ငါ့တူကို ကြိုဆိုရမှာပေါ့၊ တကယ်တော့ ခင်မင်းကလည်း မင်းကို ယနေ့ ထက်တိုင် မမေ့နိုင်ဘဲ စောင့်ကြိုနေပါတယ် ခွန်မင်း"

"ဗျာ…ခင်မင်း ဟုတ်လား၊ ခင်မင်းက ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတယ်ဟုတ်လား ဦးညီ၊ သူ့ကို ကျွန်တော်ကွာရှင်းခဲ့တယ်''

သည်တော့ ပြုံးမဲ့မဲ့ဖြင့် ဦးညီ ခေါင်းခါယမ်း၏။ ထို့နောက် သမီးအတွက် ဝမ်းနည်းစိတ်ထိခိုက်ဟန်ဖြင့် အက်ကွဲစွာ ပြောသည်။

''ဒါကတော့ မင်းရဲ့တစ်ဖက်သတ် စိတ်ဥာဏ်မှုကိုး တကယ်ဆို သမီးဟာ မင်းကို ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာ ငါအသိဆုံးပါ ခွန်မင်း၊ သူ့မှာ အပြစ်ရှိလို့ မင်းစွန့်ပစ်ခဲ့တယ်ဆိုပြီး သမီးဟာ သိပ်ပြီး စိတ်ထိခိုက်ကျွန်ခဲ့တာပါ''

''အခု ခင်မင်းဘယ်မှာလဲ၊ ကျွန်တော် သူနဲ့တွေ့မယ် ဦးညီ''

''တွေ့ရမှာပေါ့ကွာ...သူ ဒီမှာရှိပါတယ်၊ လောလောဆယ်တော့ မင်း အနားယူလိုက်ပါဦး''

သူ့စိတ်ထဲမှာတော့ ခင်မင်းနှင့် တွေ့ချင်လှပြီ။

''ဘာကြောင့်များ ဒီလောက်နှစ်တွေကြာစောင့်နေရတာလဲ၊ သူတို့ဇာတ်လမ်းဟာ ပြီးပြတ်ခဲ့ပြီပဲ''

ဂု ၂ ဂု



မှောင်လိုက်တာ။ ရှေ့မှသွားနေသော ဦးညီ၏ နောက်မှ လိုက်ရင်း သူ့စိတ်ထဲက ရေရွတ်မိသည်။ သူနေသော ပင်မအိမ်ကြီးက မီးများဖြင့် ထိန်လင်းနေသလောက် ခင်မင်းရှိတဲ့အိမ်က ဘာကြောင့် ဒီလောက်မှောင်နေတာလဲ။

''ခင်မင်းက ဒီမှာမနေဘူး၊ ဟိုဘက်အိမ်မှာနေတယ် ခွန်မင်း''

လွန်ခဲ့တဲ့သုံးနှစ်က သူတို့အတွက် မင်္ဂလာခန်းမပြင်ဆင်ခဲ့ပေးသည့် အဖြူရောင်တိုက်ကြီးဟာ ယခုတော့ ဆေးသားတို့ဖြင့် အဲသာနိုင်ယ် မှုံမှိုန်နေပြီ။

''မင်းထွက်သွားကတည်းက သူ အဲဒီမှာပဲနေတာ''

ဦးညီက သူ့ဘက်တစ်ချက် လှည့်ကြည့်ပြောသည်။ သူ့ သက်ပြင်းကြိတ်ချမိ၏။ အမှောင်ထဲလျှောက်ရတာမို့ သူ့စိတ်ထဲ အသက်ရှူမွန်းကြပ်သလိုလို။

www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ ခင်မင်းက ဘယ်အလင်းရောင်ကိုမှ ကြိုက်တာမဟုတ်ဘူး၊ မင်းကြောင့်သာ ဒီနေ့ မီးထွန်းပေးတာ"

"ကျွန်တော်ကတော့ အမှောင်ကိုမကြိုက်ဘူး၊ အလင်းရောင်ဟာ လူတွေရဲ့စိတ်ကို အင်အားဖြစ်စေတယ် ဦးညီ"

သာမန်ဆိုလျှင် လူကောင်းတွေအဖို့ အလင်းရောင်ကိုသာ ကြိုက်နှစ်သက်၏။ ဘာကြောင့် ခင်မင်းက အမှောင်ကို လာကြိုက်နေရတာလဲ။

"အင်းလေ...ဒါကတော့ မင်းသဘောထားကို၊ မင်းထားရစ်ခဲ့လို့ ခင်မင်းက စိတ်ထိခိုက်ကျွန်ခဲ့တာပဲ ခွန်မင်း"

"ကျွန်တော် ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ ဦးညီ သိပါတယ်၊ ဘာကြောင့် ကျွန်တော့်ကို အပြစ်တင်ရတာလဲ"

မကြိုက်နှစ်သက်စွာ သူမေးတော့ ဦးညီ မျက်မှောင်တွန့်၏။ ထို့နောက် သူ့ကို ချာခနဲလှည့်ကြည့်ကာ...

"ခင်မင်းက မိန်းကလေးပါ ခွန်မင်း၊ မင်းတကယ်လည်း ငယ်ရွယ်သူပါ၊ သူမှားခဲ့တာရှိပေမယ့် မင်းအပေါ်တော့ သံယောဇဉ်ရှိပါတယ်"

"ကျွန်တော်ကလည်း ခင်မင်းကို ညီမလေးတစ်ယောက်လို သံယောဇဉ်ရှိပါတယ် ဦးညီ"





ထိုအပြောကိုပဲ ဦးညီ ခံရခက်ဟန်ပင်။ သူ ခေါင်းခါယမ်းကာ...

"ဒါပေမယ့် ခင်မင်းဟာ မင်းရဲ့ဇနီးသည်ပဲလေ၊ သူ့အတွက် ဒါဟာ မမေ့နိုင်စရာမဟုတ်လား"

"ကျွန်တော် ခင်မင်းကို တရားဝင်ကွာရှင်းခဲ့တာပဲ၊ တကယ်ဆို ခင်မင်းဟာ သူချစ်သူနဲ့ ပေါင်းနေရမှာပါ"

"ချစ်သူ ဟုတ်လား၊ ခင်မင်းမှာ ဘယ်တုန်းကမှ ချစ်သူ မရှိခဲ့ဘူး၊ မှားခဲ့တာပဲရှိမယ်၊ အဲဒါက သည်း တစ်ဖက်လူရဲ့ ဆွဲဆောင်မှုကြောင့်ဖြစ်ရတာပဲ"

သည်အချိန်ကြမှ ဘာကြောင့်များ ခင်မင်းတွင် အပြစ်မရှိကြောင်း ဦးညီ ပြောရတာပါလိမ့်။

"ကျွန်တော် ခင်မင်းကို အမြန်ဆုံးတွေ့ချင်တယ်"

"ရောက်တော့မှာပါ"

စကြန်္ကလမ်းအတိုင်း သူတို့လျှောက်လာရင်း အခန်းကျယ်ကြီးတစ်ခုဆီ ရောက်လာ၏။ အခန်းတံခါးမှာပွင့်ကာ မီးရောင်မှိန်မှိန်ကို တွေ့ရသည်။

ထို့နောက် ပြတင်းပေါက်ကို ကျောပေးလျက် ဆံပင်များ



www.burmeseclassic.com

www.burmeseclassic.com



ဖွာကျဲကာ အနည်းငယ် အရောင်နွမ်းနေသည့် မြူညစ်ညစ်ဝတ်စုံဖြင့် ပိန်ဖျော့နေသော မိန်းကလေးတစ်ယောက်။

"ကြယ်တွေကို ရေတွက်နေပြန်ပြီလား ခင်မင်း"

ဦးညီက အခန်းထဲမဝင်သေးဘဲ အပေါက်ဝမှာရပ်လျက် မေးလိုက်၏။ ခင်မင်းက ဖြည်းညှင်းစွာ လှည့်လာသည်။ သူမ မျက်လုံးတွေက အရောင်ဖျော့လွန်းလှ၏။

ဘုရား…ဘုရား…အဲဒါ ခင်မင်းတဲ့လား။

လွန်ခဲ့တဲ့သုံးနှစ်က နုပျိုချောမောလှပသော မိန်းကလေး တစ်ယောက်ဟာ အချိန်တိုတိုအတွင်းမှာ ဒီလောက်ရင့်ရော်သွားသတဲ့လား။

"ကြယ်တွေက ကျွန်မအတွက် အပေါ်တွေပဲ ဒက်ဒီ"

ခင်မင်းသည် ရုတ်တရက် သူ့ကို မှတ်မိဟန်မတူပေ။ ဦးညီက သူ့ဘက်လှည့်၏။

"အဲဒါပဲ ခွန်မင်း၊ မင်းထွက်သွားကတည်းက သူ ကြယ်တွေကိုပဲ အပေါ်ပြုနေတယ်"

"ဖြစ်ရလေ ခင်မင်းရယ်"

သူစိတ်ထိခိုက်သွားလျက် ရှေ့သို့တိုးသွား၏။ သည်တော့မှ ခင်မင်းက သူ့ကိုမြင်ဟန်။

"ညွှသည်ခေါ်လာတာလား ဒက်ဒီ၊ ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး"

"ကိုယ် ညွှသည်မဟုတ်ပါဘူး ခင်မင်း၊ ကိုယ် ဒေါက်တာခွန်မင်းဆက်လေ"

"ဟုတ်တယ် သမီး၊ အခု သမီးရဲ့ကိုကို ပြန်ရောက်လာပြီ"

ဦးညီကဝါ ဝင်ပြော၏။ ထိုအခါ ခင်မင်း၏ ဖျော့နေသော မျက်လုံးလေးများ အရောင်တောက်လာလျက် သူ့ကို စူးစူးစိုက်စိုက်ကြည့်သည်။

"ကိုကို ဒေါက်တာခွန်မင်းဆက် ဟုတ်လား"

သူ့ရှေ့သို့ တစ်လှမ်းချင်းတိုးလာရင်း…

"ဟုတ်တယ် ခင်မင်း၊ ကိုယ် ခွန်မင်းဆက်ပါ"

"ဟင်…ကိုကို ကိုကိုတကယ်ပဲ ပြန်လာတယ်"

သူမ၏ လက်လေးများ သိသာစွာ တုန်ယင်သွားသည်။ ချက်ချင်း နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ…

"ဟင့်အင်း…ဟင့်အင်း ကိုကိုမလာနဲ့၊ ကိုကို ဒီကထွက်







www.burmeseclassic.com

www.burmeseclassic.com



သွားပါ”

ကြောက်လန့်စိုးရိမ်သော မျက်နှာဖြင့် အော်လေ၏။ သူ အံ့ဩသွားသည်။ ဦးညီက မျက်စိမျက်နှာပျက်သွားသည်။

“ခင်မင်း …မင်းဘာတွေပြောနေတာလဲ၊ မင်းဟာ တစ်ချိန်လုံး ခွန်မင်းဆက်ကို မျှော်လင့်နေခဲ့တာမဟုတ်လား”

ရုတ်တရက် ထိုအမေးကြောင့် သူမငြိမ်သွား၏။ သူ့ကို လည်း ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် ကြည့်သည်။

“ကိုကိုက…ကျွန်မကိုထားခဲ့ပြီပဲ ဒက်ဒီ၊ သူဟာ ကိုကို မဟုတ်ဘူး”

ခါးသီးသော လေသံဖြင့် သူမပြောတော့ သူဝင် မျက်နှာ ပျက်သွားရ၏။ တကယ်ပဲ ခင်မင်းတစ်ယောက် သူ့ကို မမှတ်မိ တော့ဘူးလား။

“ခင်မင်း…ကိုယ်လေ၊ ကိုယ့်ကို မမှတ်မိတော့ဘူးလား ဟင်၊ ကိုယ် ခင်မင်းရဲ့ကိုကို ဒေါက်တာခွန်မင်းဆက်လေ”

သူမပခုံးကို ဆုပ်ကိုင်ကာ သူစိတ်ထိခိုက်စွာ ပြောမိ သည်တော့မှ ခင်မင်းက သူ့ကို မျက်လုံးဝိုင်းများဖြင့် စိုက်ကြည့် ကာ…





“ကိုကိုနော်”

ဟု အက်ကွဲသံလေးဖြင့် မေးလာသည်။ သူ ခပ်သွက်သွက်ခေါင်းညိတ်ရင်း…

“ဟုတ်ပါတယ် ခင်မင်း၊ ကိုယ်ပါ ခင်မင်း၊ ကိုယ့်ကို မှတ်မိပြီနော်”

“ကိုကိုရယ်”

ရုတ်တရက် ခင်မင်းက သူ့ရင်ခွင်ထဲ ငိုကာဝင်ရှိုက်လေ ၏။ သူ စိတ်မကောင်းစွာဖြင့် ခင်မင်းကိုယ်လေးအား ဖွဖွဖက်မိ သည်။

“တိတ်ပါကွယ်…အခု ကိုယ်ရောက်လာပြီပဲ”

“ကဲ…ကဲ မင်းတို့နှစ်ယောက် စကားအေးအေးဆေးဆေး ပြောကြဦး၊ ဦးညီ ကိစ္စလေးတွေရှိလို့ အပြင်သွားဦးမယ်”

သူ့ကိုထားခဲ့ကာ ဦးညီ ထွက်သွား၏။ ဦးညီ ထွက်သွား တာနှင့် ခင်မင်း အငိုရပ်ကာ သူ့ရင်ခွင်မှထွက်သည်။

“ကိုကို…ကိုကိုဘာလို့ ဒီကိုပြန်လာတာလဲဟင်၊ တကယ်ဆို ကိုကို ဒီကိုပြန်မလာသင့်ဘူး”

ထိုစကားကြောင့် သူ မျက်မှောင်တွန့်ခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ခင်မင်း၊ ကိုကို့ကို စိတ်နာလို့ ခင်မင်း ဒီလိုပြောတာလား"

"အို…မဟုတ်ဘူး၊ ကိုကို့ကို ခင်မင်း ဘာမှစိတ်နာစ… မရှိဘူး၊ ကိုကို့လုပ်ရပ်က မှန်ခဲ့တာပဲ၊ မှားခဲ့တာက ခင်မင်းပါကိုကို"

မျက်ရည်တို့ ရစ်ဝိုင်းလျက် ခံစားရဟန်ဖြင့် ခင်မင်း ပြော… ၏။ သူသက်ပြင်းချသည်။

"ကိုယ်ထင်ထားတာက ခင်မင်းဟာ ကိုယ်မရှိရင် ခင်… ချစ်သူနဲ့ ပျော်နေမှာပဲလို့"

"အဟင်း…ဟင်း ခင်မင်းအတွက် ပျော်စရာဟုတ်လာ… ကိုကိုမှားနေပြီ၊ သူ့ကို…သူ့ကို သတ်ပစ်လိုက်ကြတယ်"

"ဘာ"

"သူ့ကို" ဆိုတာ ခင်မင်း၏ချစ်သူဟု သူနားလည်လို… သည်။ ခင်မင်း၏ လှပသောမျက်လုံးတွေက ယခုတော့ ဝိုင်း… ပြူးကျယ်လျက် တစ်စုံတစ်ရာကို စိုးရိမ်ဟန်ဖြင့် ပတ်ဝန်းကျင်… ဟိုဟိုဒီဒီကြည့်၏။

"ဟုတ်တယ်…သူတို့က သိပ်ရက်စက်တာ ကိုကို၊ ထို… လည်း ဒီမှာမနေပါနဲ့၊ အမြန်ဆုံးပြန်ပါ"





ခင်မင်းလေသံက တိုးညှင်းလွန်းတာမို့ သူ မနည်းနား ထောင်ယူရ၏။

"ခင်မင်း…ဘာကိုစိုးရိမ်နေတာလဲ၊ ကိုကို မပြန်ဘူး၊ ဒီမှာပဲနေမယ်"

"အို…မဖြစ်ဘူး…မဖြစ်ဘူး၊ ဒီမှာနေရင် ကိုကို အန္တရာယ်များလိမ့်မယ်၊ သွားပါ ကိုကို"

ထိုစဉ် ခြေသံကြားရတာမို့ ခင်မင်း သူ့နားက ဆတ်ခနဲ ခွာသွား၏။ နောက်တော့ သီချင်းတစ်ပုဒ်ကို ခပ်ကျယ်ကျယ်ဆိုကာ ဟားဟားဟားရယ်နေလေသည်။ ရုတ်ခြည်းပြောင်းလဲသွားတဲ့ ခင်မင်း ရဲ့ အပြုအမူကို သူနားမလည်တော့ပေ။ ဒါဟာ သာမန်မဟုတ်။

ဣ▯ဣ



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်သမားတွေ တောင်းဆိုတာကို ကျွန်တော် လ…
ဖို့ စဉ်းစားထားတယ် ဦးညီ"

မနက်ခင်း လက်ဖက်ရည်ဝိုင်းမှာ သူနှင့်ဦးညီ နှစ်ယော… တည်း။ ခင်မင်းအတွက် သပ်သပ်ပို့ပေးကြ၏။ သူ့စကားကြား… ဦးညီမျက်နှာကြီး ပျက်သွားသည်။

"မဖြစ်ဘူး…ဒါ လုံးဝမဖြစ်ဘူး ခွန်မင်း၊ သူတို့အလို… လိုက်ရင် နောက်ထပ်တောင်းဆိုကြမှာပဲ"

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး ဦးညီ၊ သူတို့တော… ဆိုတာ လိုက်လျောရင် အလုပ်မှာ ပိုကြိုးစားကြမယ်လို့ ယုံကြ… တယ်"

ဦးညီက သွက်သွက်ကြီး ခေါင်းခါယမ်း၏။

"ဒီကောင်တွေအကြောင်း ငါထက်ပိုပြီး မင်းမသိပါဘူ… ခွန်မင်း၊ သူတို့က မျှော်လိုကောင်တွေကွ၊ အလုပ်ရှင်ကို စမ်းစမ်း…





…သွားစုပ်တာ"

"ကျွန်တော်တို့လုပ်ငန်းတွေ ခုလိုအောင်မြင်နေတာ သူတို့ …ပ်အားကြောင့် မဟုတ်လား ဦးညီ၊ ဒီတော့ သူတို့ကို ထိုက်သင့် …ဲ့ အခွင့်အရေး ပေးရမှာပဲ"

အလုပ်သမားတွေ ဆန္ဒပြတောင်းဆိုမှုကိစ္စနှင့် ပတ်သက် …် သူနှင့် ဦးညီတို့ အငြင်းအခုံဖြစ်နေရ၏။

"မင်းက…အလုပ်ရှင်ဆိုပြီး ဒီစကားမျိုးပြောတာလား …မင်း၊ ဒီခြံအလုပ်ကို တစ်သက်လုံး လုပ်လာတဲ့ငါက အသုံးမကျ …ဘူးပေါ့"

ဦးညီ ဒီလိုမေးတော့လည်း သူစိတ်မကောင်းဖြစ်ရသည်။ …တယ်တော့ ဒီခြံလုပ်ငန်းတွေဆိုတာ သူဘာမှ နားလည်ခြင်းမရှိ …။

"ကျွန်တော် သဘောထား ဒီလိုမျိုးကျရောက်သွားရင် …င်းပန်ပါတယ် ဦးညီ၊ ကျွန်တော်တစ်ယောက်တည်း ဆုံးဖြတ် …မချချင်လို့ ကျွန်တော် ဦးညီကို တိုင်ပင်တာပါ"

"တိုင်ပင်တယ်ဆိုတာထက် မင်းဆုံးဖြတ်ပြီးသား မဟုတ် …ား ဒီကိစ္စကို ငါကတော့ သဘောမတူတာအမှန်ပဲ ခွန်မင်း"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူတို့ကြားမှာ တိတ်ဆိတ်သွား၏။ ဦးညီတို့ သူ ပထမဆုံးအကြိမ်အဖြစ် အကဲခတ်ကြည့်မိသည်။

တခြားလူတွေအပေါ် ဘယ်လောက်ပဲ မကောင်းပါစေ သူ့အပေါ်မှာတော့ သားတစ်ယောက်လို ကောင်းရှာတယ်လု ထင်မိ၏။

ဦးညီနှင့် အတိုက်အခံပြုရမှာကို တကယ်တမ်းမှာ သူစ လားပါ။

"ဒါဆို ဒီကိစ္စကို ဦးညီ ဘယ်လိုဖြေရှင်းမလဲ"

"လွယ်ပါတယ်၊ မကျေနပ်တဲ့အလုပ်သမားတွေ ထုတ်ပစ်ရုံပဲ"

"ဟင်"

ထိုစကားကို သူလက်မခံနိုင်အောင် ဖြစ်သွား၏။ ဦးညီ ဒီလိုလွယ်လွယ်ပြောလိုက်ပေမယ့် တစ်ဖက်လူမှာ မိသားစုနှင့်ဆ အလုပ်မရှိလျှင် ဘာနဲ့ထမင်းသွားစားကြမလဲ။

"ဟုတ်တယ် ခွန်မင်း၊ ဒါမှ ဒီကောင်တွေ နောက်ထ မတောင်းဆိုရဲမှာ"

"ဒါ ဖြေရှင်းတာမဟုတ်ဘူး ဦးညီ၊ ကြီးနိုင်ငယ်ညှ



သုပ်တာ၊ ဒါမျိုးဖြေရှင်းတာ ကျွန်တော် သဘောမတူဘူး"

သူလက်မခံနိုင်စွာ ပြောမိ၏။ တကယ်ဆို ဦးညီသည် သည်း အလုပ်သမားဘဝက လာတာပဲ၊ ကိုယ်ချင်းစာနားလည်ပေး ရှာပေါ့။

"မင်းဆုံးဖြတ်တာကိုလည်း ငါ သဘောမတူဘူး ခွန်မင်း"

နှစ်ယောက်သား မျက်လုံးချင်းဆုံကာ ကြည့်သည်။ တစ်ယောက်နှင့်တစ်ယောက် အလျှော့ပေးလိုစိတ်မရှိပေ။

"ကောင်းပြီလေ၊ ဒါဆို ကျွန်တော်ကလည်း ပြတ်သား စွာပြောရမှာပဲ၊ ဒီခြံလုပ်ငန်းတွေကို နှစ်ပေါင်းများစွာ ဦးညီနဲ့လွဲပြီး လုပ်ကိုင်ခဲ့တာမှန်တယ်၊ ဒါပေမယ့် ဒီတစ်ခါ ပထမဆုံးအကြိမ် အဖြစ် ပိုင်ရှင်တစ်ယောက်အနေနဲ့ ကျွန်တော် ဒီဆုံးဖြတ်ချက်ကို ချတယ် ဦးညီ"

"ဩော်…မင်းက ဒီလိုစကားတောင် ပြောပြီကိုး"

ဦးညီလေသံမှာ မကျေနပ်ဟန်တွေ ပါနေပေမယ့် သူ လစ်လျူရှုလိုက်သည်။ အခိက သူလုပ်ချင်ရာလုပ်နိုင်ဖို့ပင်။

"ကျွန်တော် ခင်မင်းဆီ သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မင်းကိစ္စကို မင်းဘယ်လို စီစဉ်မလဲ ခွန်မင်း"

သူနေရာမှ ထွက်ခဲ့စဉ် ဦးညီက လှမ်းမေးသည်။ သူ ဖျတ်ခနဲလှည့်ကြည့်ကာ…

"ဒါကလွယ်ပါတယ်၊ စိတ်ဝေဒနာ ခံစားနေရတဲ့ ခင်မင်း ကို စိတ်ကျန်းမာရေးဆေးရုံပို့ရမှာပဲ ဦးညီ"

"ဘာကွ…မင်းဘာပြောတယ်၊ ငါ့သမီးကို အရူးလို့ မင်းကသတ်မှတ်လိုက်တာလားဟင်"

သမီးထိတော့ နာဟန်ဖြင့် ဦးညီမျက်နှာကြီးနီလျက် မေး၏။

သူ ခေါင်းခါယမ်းလိုက်သည်။

"လူတိုင်းဟာ တစ်မျိုးမဟုတ်တစ်မျိုး ရူးနေကြတာပါ ဦးညီ၊ ယဉ်တာနဲ့ရိုင်းတာပဲ ကွာတယ်၊ ခင်မင်းကတော့ နည်းနည်း ပိုများနေတာပေါ့"

"အဲဒါ မင်းကြောင့်ကွ"

သူ့ကို လက်ညှိုးထိုးကာ ဦးညီပြောသည်။ သေချာပြန် တွေးကြည့်လျှင် သူ့အပြစ်လည်း တစ်ဝက်မကင်းနိုင်ပေ။

"ကျွန်တော့်ကြောင့်ထင်လို့လည်း ခင်မင်းကို ဆေးရုံပို့ ရမှာပါ ဦးညီ"

"ငါ သဘောမတူဘူး"

ဦးညီ ပြတ်သားစွာပြောတော့ သူ မျက်ခုံးတွန့်ခနဲဖြစ်သွား၏။ သမီးတစ်ယောက်လုံး ဒီလိုဖြစ်နေတာကို အဖေတစ်ယောက်ဖြစ် တဲ့ ဦးညီဟာ ဘယ်လိုစိတ်ခံစားတဲ့ ကြည့်နေရတာလဲ။

"ခင်မင်းဟာ ဦးညီရဲ့သမီးတစ်ယောက်ပါ"

"ဒါကြောင့်မို့ ငါပိုပြီး သဘောမတူတာ ခွန်မင်း၊ ငါ့သမီး က အရူးမဟုတ်ဘူး၊ လူကြားထဲမှာ ငါ့ရဲ့ဂုဏ်သိက္ခာကို အကျမခံ နိုင်ဘူးကွ"

သူ ခေါင်းသာခါယမ်းမိ၏။ ဦးညီ အယူအဆတွေ မှား နေပြီ။ သည်လောက်ထိ ခင်မင်းဖြစ်တာ ဦးညီကြောင့်ပဲဖြစ်မည်။

"ကောင်းပြီလေ၊ ဦးညီ ဆေးရုံတက်ဖို့ သဘောမတူရင် ကျွန်တော်ပဲ ခင်မင်းကို ဆေးကုမယ်"

သည်တော့ ဦးညီဘာမှမပြော၊ ရုတ်တရက် တိတ်ဆိတ် သွား၏။ သူလည်း နေရာမှ ချာခနဲ ထွက်ခဲ့သည်။

ထုံးစံအတိုင်း ခင်မင်း၏အိမ်သည် မှောင်လို့။ သူရောက် သည်နှင့် မီးတွေထွန်းပစ်လိုက်၏။

"ဘယ်သူလဲ…ဘယ်သူမီးထွန်းတာလဲ"





www.burmeseclassic.com

www.burmeseclassic.com



အားအင်မပါသော ခင်မင်း၏အသံ ပေါ်လာသည်။ သူ လျှောက်သွားရင်း…

"ကိုယ်ပါ ခင်မင်း"

"ဟင်…ကိုကို"

ယခုတော့လည်း ခင်မင်းက သူ့ကို မှတ်မိနေပါလား။ သူ ကြင်နာစွာ ပြုံးပြလိုက်သည်။

"ခင်မင်း…နေကောင်းတယ်နော်"

"ဘာလဲ…ကိုကိုက ခင်မင်း ရူးနေတယ်ထင်လို့လား"

"ဟာ…မဟုတ်ပါဘူး၊ ခင်မင်းက နေကောင်းတာပဲ ဒီတော့ ကိုကိုနဲ့ စကားပြောကြတာပေါ့"

ခင်မင်းနားမှာထိုင်ကာ သူပြောလိုက်၏။ ထိုစဉ် တစ်ခု တစ်ရာကို သတိပြုမိသွားသည်။

"ကြည့်စမ်း…ခင်မင်း ဘာတွေသောက်နေတာလဲ၊ ရောဂါ ရမယ်နော်"

"အဟင်း…ရောဂါဆိုတာ ခင်မင်းအတွက် မဆန်းတော့ ပါဘူး ကိုကို၊ ခင်မင်းကို မစိုးရိမ်ပါနဲ့"

သူ့ကို မျက်ရည်ရစ်ဝိုင်းသော မျက်လုံးများဖြင့်ကြည့်ကာ ခင်မင်း ပြောတော့ ခေါင်းခါယမ်းမိ၏။



"ဘာကြောင့် ဒီလိုပြောရတာလဲ ခင်မင်း၊ ခင်မင်းဟာ ကိုယ့်ညီမပါ၊ ခင်မင်း အသက်ငယ်ငယ်လေးပဲရှိသေးတာ၊ ဘာကြောင့် စိတ်ဓာတ်ကျတဲ့စကား ပြောရတာလဲ၊ ခင်မင်း ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ၊ ကိုယ်အားလုံးကူညီမယ်"

"ကျေးဇူးတင်ပါတယ် ကိုကို၊ ဒါပေမယ့် ခင်မင်းလိုချင်တဲ့အရာအားလုံး ဘာမှမရနိုင်တော့ပါဘူး"

စိတ်အားလျှော့စွာ ခင်မင်းပြော၏။ သူက ခင်မင်း၏ ပိန်လှီသောလက်ချောင်းလေးများကို အသာဖွဖွဆုပ်ကိုင်သည်။

"ကိုယ်က ခင်မင်းလိုချင်တာတွေအားလုံး ရနိုင်အောင် ကူညီမယ်ဆိုရင်ကော"

"မဖြစ်ပါဘူးကိုကို၊ ကိုကို ဒုက္ခရောက်လိမ့်မယ်၊ ခင်မင်း စကားနားထောင်ပါ၊ ကိုကို ဒီက အမြန်ဆုံးထွက်သွားပါနော်"

ခင်မင်းမျက်လုံးတွေ ဝိုင်းစက်လာလျက် သူ့အတွက် စိုးရိမ်ဟန်ပြောပြန်၏။ ထိုစဉ် ခြေသံကြား၍ ခင်မင်း ဆတ်ခနဲ သူ့နားက ထွက်သွားသည်။ လှည့်ကြည့်တော့ ဘယ်သူမှမရှိပေ။ သူ့နား ကြားလွဲတာလား။

www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း၏ နေရောင်ခြည်က လူတွေကို အားအင်သစ် ဖြစ်စေသည်။ စုရုံးစွာ ရောက်ရှိနေသော အလုပ်သမားအုပ်စုကြီး က တစ်ဂိုတစ်ယောက်ကို စောင့်မျှော်နေ၏။

မကြာခင် အဖြူရောင်ကားတစ်စီး ထိုးဆိုက်လာသည်။ ထို့နောက် ကားပေါ်မှ အရပ်မြင့်မြင့်နှင့် ချောမောခန့်ညားသော လူတစ်ဦး ဆင်းလာ၏။

"သခင်လေးလာပြီ"

ထိုသူကို မြင်လိုက်တာနှင့် အလုပ်သမားတွေ လှုပ်လှုပ် ရှားရှားဖြစ်သွား၏။ သူ အားလုံးကို လက်ပြနှုတ်ဆက်လိုက်သည်။

"အားလုံး မင်္ဂလာပါ၊ ကျွန်တော် ဒီနေ့ ခင်ဗျားတို့အား လုံးကို စုစည်းခေါ်ရတဲ့ အကြောင်းရင်းကတော့ လွန်ခဲ့တဲ့နေ့တွေက ခင်ဗျားတို့တောင်းဆိုချက်တွေကို ဖြည့်ဆည်းပေးဖို့ပါပဲ"

"ဟေး...ဒါမှ တို့သခင်လေးကွ"





"သခင်လေး ဒီ ကံမက ကျန်းမာချမ်းသာပါစေ"

အလုပ်သမားတို့၏ ရွှင်လန်းတက်ကြွသံများကြောင့် သူ့ရင် ထဲ ကြည်နူးမှုအဟုန် ဖြစ်သွားသည်။

သူ...

ဒေါက်တာ ခွန်မင်းဆက်။

ပထမဆုံးအကြိမ် ကိုယ့်မြေးရပ်မြေက အလုပ်သမားမိသား စုတွေနှင့် ကိုယ်တွေ့ကြုံတာပါ။

"ကျေးဇူးတင်ပါတယ်၊ အခု ကျွန်တော်ပြောချင်တာက ခင်ဗျားတို့ရဲ့ လုပ်အားခတွေကို တိုးပေးမှာဖြစ်တဲ့အပြင် အချိန်ပိုခ ကိုလည်း သပ်သပ်ပေးမှာပါ၊ ဒါ့အပြင် အလုပ်ကထုတ်ခံရတဲ့ အလုပ်သမားတွေကိုလည်း ကျွန်တော် ပြန်ခန့်မှာပါ"

"ဖြောင်း...ဖြောင်း"

ကျေနပ်အားရသော လက်ခုပ်သံများ။ သူတို့အားလုံး အပေါ် နေရောင်ခြည်က လင်းလက်စွာ တောက်ပပြ ကျပြီး လူတိုင်း ရဲ့မျက်နှာမှာ အပြုံးတွေ ဆောင်ထားတာ လောကရဲ့ကျက်သရေ တစ်ပါး ဖြစ်သည်။

"ကျွန်တော်တင်ပြတာတွေအပြင် နောက်ထပ် ခင်ဗျားတို့ ဘာကိုတောင်းဆိုချင်ပါသေးလဲ"

ပြီး ◈ တာပေ

www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ပါဘူး၊ ဒီလောက်ဆိုရင်ပဲ ကျွန်တော်တို့ ကျေနပ်ပါပြီ"

"ဟုတ်ကဲ့၊ ဒါဆို အားလုံးကို နှုတ်ဆက်ပါတယ်"

သူ့အတွက် ကားတံခါးဖွင့်ပေးသူက ကိုကြီးဆောင်။ သူ့အကြောင်းကြားလိုက်၍ ကိုကြီးဆောင် ပြန်လာခြင်းပင်။

"မင်း အတော်ပင်ပန်းသွားပြီလား ခွန်မင်း"

"အဟွန်း…မပင်ပန်းပါဘူး ကိုကြီးဆောင်၊ သူတို့အပြုံးမြင်ရတာ ကျွန်တော့်ရင်ထဲမှာ သိပ်ကြည်နူးနေတာပါ"

"ဟုတ်တယ်၊ အားလုံး ကျေနပ်ပျော်ရွှင်သွားကြတာ ဝမ်းသာစရာပဲ ခွန်မင်း"

ကားကို ဖြည်းညှင်းစွာ မောင်းရင်း ကိုကြီးဆောင်ပြောသည်။

"ဒါပေမယ့် ဝမ်းမသာနိုင်တဲ့သူလည်း ရှိမှာပါ ကိုကြီးဆောင်"

"ဆရာ့ကိုပြောတာလား"

သူဘာမှမပြောဘဲ တိတ်နေလိုက်၏။ ကိုကြီးဆောင်က သက်ပြင်းချသည်။

"ဆရာ့ကိစ္စ စိတ်ထဲမထားပါနဲ့၊ မင်းလုပ်ချင်ရာ လုပ်ရဲ





ရပြီပဲ"

"ဒါပေမယ့် ဦးညီကို ဆန့်ကျင်သလိုဖြစ်တာတော့ ကျွန်တော် စိတ်မကောင်းပါဘူး ကိုကြီးဆောင်"

မိဘတွေမရှိကတည်းက တစ်သက်လုံး ကျွေးမွေးလာသော ဦးညီကို ကျေးဇူးရှိသူအဖြစ် သူ သတ်မှတ်၏။

"ဘယ်တတ်နိုင်မလဲကွာ၊ ကိုယ်က အမှန်တရားဘက်က ရပ်တည်တာပဲ ခွန်မင်း"

"ကျွန်တော်လည်း ဒါကြောင့်မို့သာလုပ်တာပါ ကိုကြီးဆောင်"

"အားလုံးပြီးပြီပဲ ခွန်မင်း၊ အခု မင်းဘယ်သွားမှာလဲ"

"ကျွန်တော် ဦးမိုးဇောတို့ဆီ သွားတွေ့လိုက်ဦးမယ် ကိုကြီးဆောင်"

"ဒါဆို ငါနေခဲ့မယ်"

ကိုကြီးဆောင် အလိုက်သိစွာ ပြောသည်။ သူ့ခေါင်းညိတ်ပြ…

"ခင်မင်းကို သွားတွေ့လိုက်ပါဦး ကိုကြီးဆောင်၊ ကျွန်တော်လည်း စောစောပြန်လာပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အေး"

ယခုချိန်ဆို ဦးညီတစ်ယောက် သူ့လုပ်ရပ်ကြောင့် ဘယ်လောက်ဒေါသဖြစ်နေမလဲ။ ထိုဒေါသတွေကို မဆိုင်တဲ့ ခင်မင်းထံ သွားပေါက်ကွဲလျှင်မလွယ်။ သူ့အနေဖြင့် နေမကောင်းသော ခင်မင်းကို စိတ်မညစ်စေချင်ပါ။

ဦးညီက ခင်မင်း ဆေးရုံတက်ဖို့ သဘောမတူတာမို့ သူပဲ ကူပေးမိ၏။ ခင်မင်းအတွက် လိုအပ်လျှင် ဆရာကြီးတွေနှင့် တိုင်ပင်ဆွေးနွေးသည်။ ဒါဟာ သူ လုပ်နိုင်သမျှ လုပ်ပေးခြင်းပါ။

"စော"

သူနှင့်စောတို့ မတွေ့ရ ဘ ရက်ပိုင်းရှိပေမယ့် သူ့အတွက်ကတော့ ကြာပြီလို့ထင်၏။ စောကော သူ့လိုပဲထင်သလား။

"တီ"

ဦးမိုးစောတို့၏ ခြံကြီးသည် တိတ်ဆိတ်ငြိမ်သက်လျက် သူ့ကားဟွန်းသံပေးလိုက်၏။ မကြာခင် အစောင့်သည် တံခါးလာဖွင့်၏။

"အန်ကယ်တို့ရှိလား"

"ဆရာကြီးရှိပါတယ် ခင်ဗျာ"



သူ့ကားကို ခြံထဲဝင်လိုက်၏။

လေနှင်အတူ ပန်းရနံ့ကိုရသည်။ စောနေတဲ့ခြံမို့လားမသိ အေးချမ်းတိတ်ဆိတ်ကာ လှပနေတယ်ဟု သူထင်မိ၏။

"ဟော…မောင်ခွန်မင်း အတော်ပဲဟေ့၊ မင်းကို အန်ကယ်မျှော်နေတာ"

"ကျွန်တော်လည်း ကိစ္စတချို့ရှိတာနဲ့ အန်ကယ်ကို ချက်ချင်းလာမတွေ့နိုင်ဘူး၊ အန်ကယ် နေကောင်းတယ်နော်"

ဦးမိုးစောကို လက်ဆွဲနှုတ်ဆက်ပြီး သူမေးလိုက်သည်။ ဦးမိုးစောပုံစံက ယခင်ထက်အနည်းငယ် ပိုပိန်သွားသလိုပင်။ သို့သော် လူကတော့ မာမာချာချာ။

"အေး…ကောင်းပါတယ် မောင်ခွန်မင်း၊ သမီးလည်း ဆာစောကပဲ ဈေးသွားဝယ်တယ်၊ မင်းသတင်းတွေကြားရတာ အန်ကယ် ဝမ်းသာပါတယ်ကွယ်"

"ဗျာ"

ရုတ်တရက် ဦးမိုးစောစကားကို သူနားမလည်။ တိတ်ဆိတ်သော အိမ်ထဲမှာ 'စော'မရှိပါလားဟု သိလိုက်၏။

"ဪ…မောင်ခွန်မင်းက အလုပ်သမားတွေအပေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောတဲ့ကိစ္စလေ"

"အန်ကယ် ကြားတယ်"

"ဟား...ဟား ဒီမြို့မှာ အန်ကယ်မသိတာ မရှိပါဘူး ကွာ၊ ကဲ...အေးအေးဆေးဆေး စကားပြောကြရအောင် အန်ကယ့် စာကြည့်ခန်းသွားစို့"

ဧည့်ခန်းကို ဖြတ်ကျော်ပြီး စာကြည့်ခန်းသို့ သူတို့လာ ကြသည်။ စာပေသမားမို့ ဒီအိမ်မှာလည်း စာကြည့်ခန်းက ခန့်ညား နေ၏။

ဦးမိုးစောက ငွေမောင်းလေး ထုလိုက်တာမို့ အိမ်ဖေါ် ကော်ဖီလာပို့၏။ ထို့နောက် ချက်ချင်းပြန်ထွက်သွားသည်။

"မောင်ရင် အချိန်ရတယ်မဟုတ်လား"

"ရပါတယ် အန်ကယ်"

သူတို့ မျက်နှာချင်းဆိုင် ဝင်ထိုင်ကြသည်။ ဦးမိုးစော ခါးကို သူ့ရှေ့သို့ အနည်းငယ်ညွတ်လိုက်၏။

"အရေးကြီးတဲ့ကိစ္စ အန်ကယ်သိတင်းရပြီ မောင်ခွန်မင်း"

"ဘာကိစ္စလဲ အန်ကယ်"

သူနားမလည်သလို မေးတော့ ဦးမိုးစော လှို့ဝှက်စွာပြုံး



သည်။

"မင်းမိဘတွေအကြောင်းလေ၊ မင်းမိဘတွေသေတာ ရိုးရိုးမဟုတ်ဘူးကွယ့်၊ လုပ်ကြံခံရတာ"

"ဗျာ...ဒက်ဒီနဲ့မာမီ လုပ်ကြံခံရတာ ဟုတ်လား"

သူ မယုံနိုင်သလိုမေးတော့ ဦးမိုးစော ခေါင်းညိတ်၏။ ထို့နောက် ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်လိုက်ပြီးမှ လေသံတိုးတိုး ဖြင့် ဆက်ပြောသည်။

"အစကတည်းက အန်ကယ် မသင်္ကာခဲ့တာ၊ ဒါပေမယ့် အဲဒီတုန်းက အန်ကယ် နိုင်ငံခြားထွက်သွားရလို့ ခုတော့သိပြီကွ"

"ဘယ်...ဘယ်သူလဲ အန်ကယ်၊ ပြီးတော့ ဒီသတင်း ကို အန်ကယ်ဘယ်ကရလာတာလဲ"

သူ စိတ်လှုပ်ရှားစွာ မေးမိ၏။ ရင်ထဲမှာ ဒက်ဒီနှင့်မာမီ အတွက် အထူးခံစားရသည်။ မိဘတွေဟာ အရွယ်ကောင်းမှာ လောကကြီးထဲက ထွက်သွားရတာမဟုတ်လား။

"ဘယ်သူလဲဆိုတော့ မင်းနဲ့အနီးစပ်ဆုံးလူပေါ့ မောင်ခွန် မင်း"

"ဗျာ...ကျွန်တော်နဲ့ အနီးစပ်ဆုံးလူ၊ ဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်''

''အေး''

သူထပ်မေးတာကို ဦးမိုးဓော ခပ်သွက်သွက် ခေါင်းညိတ်

၏။ စိတ်ထဲက အမြန်ဆုံးစဉ်းစားတော့ သူနဲ့အနီးစပ်ဆုံးလူ

ဦးညီ။

''ဦးညီ…ဦးညီလား အန်ကယ်''

ဦးမိုးဓောကာ သူ့ကိုစိုက်ကြည့်လျက် ဖြည်းညှင်းစွာ ခေါင်း

ညိတ်လေ၏။ ရုတ်တရက် သူအံ့သြမှင်သက်သွားပြီးမှ မယုံနိုင်

ခေါင်းခါယမ်းမိသည်။

''မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ အဲဒီတုန်းက ဦးညီ မြို့ထဲမှာ''

''ဒါပေမယ့် သူလှမ်းခေါ်လို့ ဦးခွန်နောင်တို့ သွား

မဟုတ်လား မောင်ခွန်မင်း''

''ဗျာ…ဒါတော့ဟုတ်ပါတယ် အန်ကယ်၊ ဒါပေ

ဒက်ဒီတို့က လမ်းမှာဖြစ်ကြတာမဟုတ်လား''

''အဲဒါ မင်းကိုယ်တိုင်မြင်လိုက်လို့လား မောင်ခွန်မင်း''

''ဟင်''

ထိုအမေးမှာတော့ သူ တိတ်ဆိတ်သွားရသည်။ ဒေ





ာကတော့ ဒက်ဒီတို့ဆုံးတာကို သူကိုယ်တိုင် မမြင်လိုက်ရခြင်း

င်။

ကု□ကု

www.burmeseclassic.com

www.burmeseclassic.com



*

"အဲဒီကိစ္စကို လက်တွေ့ပါဝင်ပြီး မြင်သိတဲ့လူကိုယ်တိုင်

အန်ကယ့်ကို ဖွင့်ပြောတာ မောင်ခွန်မင်း၊ ဘာကြောင့် ဖွင့်ပြော

လဲဆိုရင် စိုင်းညီရဲ့လုပ်ရပ်တွေဟာ မတရားဖြစ်လာလို့ မခံမရပ်

ဖြစ်လို့ပြောတာ"

"အဲဒီလူကို ကျွန်တော်တွေ့ချင်တယ် အန်ကယ်"

သူပြောတော့ ဦးမိုးဇော ခေါင်းညိတ်သည်။

"မင်းနဲ့တွေ့ပေးဖို့ အန်ကယ်စီစဉ်ထားပါတယ်၊ ဒီ

မင်းလာမယ်ဆိုတာမသိလို့ ခေါ်မထားရတာ၊ မနက်ဖြန်ည

လာခဲ့ပါ မောင်ခွန်မင်း"

"ကောင်းပြီလေ၊ ကျွန်တော် လာခဲ့ပါ့မယ် အန်ကယ်"

ဒက်ဒီနဲ့မာမီကို သတ်တဲ့တရားခံအား သူသိချင်စိတ်ပြ

ပြတာ မဆန်း။ တရားခံအစစ်ဟာ ဦးညီဆိုလျှင်တော့ သူ့အ

ဘယ်လောက် ရင်နာစရာကောင်းလိုက်မလဲ။





"ခုဆို မင်းရဲ့လုပ်ရပ်တွေအတွက် စိုင်းညီဟာ ဘယ်လောက်ခံပြင်းနေမလဲ မောင်ခွန်မင်း"

"မတတ်နိုင်ဘူး အန်ကယ်၊ ကျွန်တော့်မိဘတွေမှာ အလုပ်သမားတွေကို မိသားစုလိုမဲ့ သဘောထားခဲ့တယ်၊ ကျွန်တော်ဟာ သူတို့သားတစ်ယောက်အနေနဲ့ အလုပ်သမားတွေဘက်က ရပ်တည်ရမယ်"

သူပြတ်သားစွာပြောမိ၏။ သူ့လုပ်ရပ်တွေကို ဦးမိုးဇော အထူးသဘောကျဟန်။

"မောင်ခွန်မင်းလုပ်ရပ်တွေက မှန်ပါတယ်၊ အန်ကယ် အားပေးတယ်၊ တကယ်ဆို ဒီလိုဖြစ်သင့်တာကြာပြီ"

"ဦးညီကို ဆန့်ကျင်လိုတဲ့ဆန္ဒနဲ့တော့ မဟုတ်ပါဘူး အန်ကယ်"

"ဒါဟာ မင်းလုပ်သင့်လုပ်ထိုက်တာကို လုပ်တာပါ မောင်ခွန်မင်း"

"ဒါနဲ့ ဦးညီဟာ ဒက်ဒီတို့ကို တကယ်ပဲ လုပ်ကြံတဲ့ သူလို့ အန်ကယ်ထင်သလား"

ထိုအမေးကြောင့် ဦးမိုးဇော မျက်နှာတင်းခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း တည်ငြိမ်သော မျက်ဝန်းများဖြင့် ကြည့်သည်။

"သိပ်ထင်တာပေါ့ မောင်ခွန်မင်း၊ ဘာကြောင့်လဲဆိုတော့ နိုင်းညီဟာ ကျေးဇူးကန်းတစ်ယောက်ပဲ၊ ဦးခွန်နောင်ဟာ သူ့ကို တပည့်လိုတောင် မသတ်မှတ်ဘဲ ညီတစ်ယောက်လို အစစအရာရာ ယုံကြည်အားကိုးခဲ့တယ်၊ တစ်နေ့တစ်လုံး ရွှေဥရတာကို လောဘ မသတ်နိုင်တဲ့ နိုင်းညီဟာ တစ်ကောင်လုံးကို ရိုက်သတ်လိုက်တာ ပဲ"

"အန်ကယ်ဆိုလိုတာက"

"မောင်ခွန်မင်းလည်း ပညာတတ်တစ်ယောက်ပဲ စဉ်းစား ကြည့်လေ၊ ဦးခွန်နောင်တို့ဆုံးတော့ ရှိသမျှစီးပွားရေးကို ဘယ်သူ ဦးစီးလုပ်ကိုင်ခဲ့သလဲ"

"ဦးညီပါ"

"အေး…အဲဒီလို ရှိသမျှလုပ်ငန်းအားလုံး သူ့လက်ထဲ ရောက်အောင် မင်းမိဘတွေကို အပြတ်ရှင်းလိုက်တာပဲ၊ မင်းကို လည်း ငယ်စဉ်ကတည်းက ပညာရေးကို အကြောင်းပြပြီး သူ အဝေးပို့ထားတာပဲ မဟုတ်လား မောင်ခွန်မင်း"

ဦးမိုးစော၏ စကားက သူ့အတွက် စဉ်းစားစရာတွေ





ဖြစ်သွားသည်။ မိဘတွေမရှိတဲ့နောက် လုပ်ငန်းအားလုံး တကယ် ပဲ ဦးညီလက်ထဲရောက်တာ၊ သူ့ကို အဝေးပို့ထားခဲ့တာတွေ၊ တစ်ခါတရံ သူပြန်လာတာကိုတောင်မှ မကြိုက်နှစ်သက်တဲ့ ဦးညီ ရဲ့ အမူအရာတွေဟာ ယခုနေ ပြန်တွေးကြည့်မိလျှင် သံသယဝင် စရာတွေပါလား။

"ဒါတွေဟာ တိုက်ဆိုင်မှုတစ်ခုဆိုရင်ကော အန်ကယ်"

"တိုက်ဆိုင်မှုဆိုရင်တောင် ဒီအဖြစ်အပျက်တွေအားလုံး ဟာ သာမန်တိုက်ဆိုင်မှုမဟုတ်ဘူးလို့ အန်ကယ်ပြောရဲတယ်"

ထိုစဉ် ပြတင်းပေါက်နားမှ အရိပ်တစ်ခုကြောင့် ဦးမိုးစော နှင့်သူ အကြည့်ရောက်သွား၏။

"ဘယ်သူလဲ"

ဦးမိုးစောမေးတော့ အရိပ်က လှစ်ခနဲ၊ သူတံခါးဖွင့်ကာ ပြေးကြည့်မိသည်။ သို့သော် ထိုလူမတွေ့တော့။

"သေချာတယ် မောင်ခွန်မင်း၊ အန်ကယ်တို့ပြောတာတွေ ခိုးနားထောင်တဲ့လူ ရှိနေပြီ"

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ အန်ကယ်"

"ဒီကိစ္စကို အမြန်ဆုံး ဖေါ်ထုတ်ရမယ်၊ နိုင်းညီဟာ



www.burmeseclassic.com

www.burmeseclassic.com



သမီးရင်းကိုတောင် ညှာတဲ့လူမဟုတ်ဘူး"

ခင်မင်းအကြောင်းကိုပါ ဦးမိုးစော သိနေဝါလားဟု သူတွေးမိလိုက်၏။

"ဒေါက်…ဒေါက် ဒက်ဒီ သမီးဝင်ခဲ့မယ်နော်"

မကြာခင် စော၏ ခန့်ညားကြည်လင်သော အသံလေး ပေါ်လာသည်။ သူတို့စကားတိတ်သွား၏။

"ဝင်ခဲ့လေ သမီး"

စောက အဝါနုရောင်ဝတ်စုံလေးဖြင့် လှပစွာပေါ်လာသည်။ သူနှင့်စော အကြည့်ဖျတ်ခနဲ ဆုံ၏။

"ဒေါက်တာ ရောက်နေတာကြာပြီလားဟင်"

"မကြာသေးပါဘူး စော၊ စော ရေချိုးနေတယ်ဆိုလို့ ဒီမှာ အန်ကယ်နဲ့ စကားပြောရင်း စောင့်နေတာ"

"ကဲ…အန်ကယ်လည်း စာဖတ်လိုက်ဦးမယ်။ သမီးနဲ့ အေးအေးဆေးဆေး စကားပြောကြဦး"

"ဟုတ်ကဲ့"

စောနှင့်အတူ သူထွက်လာခဲ့သည်။ စောစောက စိတ်ထဲ ရှုပ်ထွေးသမျှ လှပသောစောကို တွေ့လိုက်ရ၍ အနည်းငယ်





ကြည်လင်သွားသလိုပါပဲ။

"လာ…မောင် အပေါ်ထပ်ဧည့်ခန်းမှာ စကားသွားပြော ရအောင်"

"စောကို မောင်သတိရနေတာ"

"ဟင်း…ဝိုင်ပြီ၊ သတိရတဲ့လူက ခုမှလာတယ်"

စော မျက်စောင်းလေးထိုးကာပြောတော့ သူပြုံးမိ၏။ အပေါ်ထပ်မှာ သူနှင့်စော နှစ်ယောက်တည်း။ သူက စောကိုယ် လေးကို ပွေ့လိုက်သည်။

"အို…ဒါဘာလုပ်တာလဲ"

"လွမ်းလို့"

"အို"

ဖြူနုသော ပါးပြင်မို့မို့လေးကို နမ်းရှိုက်မိ၏။ ထို့နောက် တစ်စုံတစ်ရာပြောဖို့ ကြိုးစားလာသည့် ထူအိနီထွေးသော နှုတ်ခမ် းလေးတွေ။ သူမက တိုးညှင်းစွာဆိုလာ၏။

"မောင်…လွှတ်ဦးတွာ"

"စောကော မောင့်ကို သတိမရဘူးလားဟင်"

လှပသော သူမမျက်နှာလေးကို ဆွဲမော့ယူပြီး ပြီး

www.burmeseclassic.com



သည်။

"မရချင်ပါဘူး"

"ဟင်"

"ဟုတ်တယ်လေ၊ မောင်က ခင်မင်းညိုနားမှာ ရောက်နေတာမဟုတ်လား"

"သြော်…စောက သဝန်တိုနေတာကိုး"

သူပြုံး၍ပြောတော့ စောမျက်နှာနီနီလေးဖြင့် မျက်စောင်းထိုး၏။

"သဝန်မတိုပါဘူး"

"ဟုတ်လား၊ ဒါဆို ခင်မင်းဆီ မောင်အခုပြန်သွားရမလား"

သူမမျက်နှာလေး ရှုတ်ခနဲပျက်ကာ…

"မောင့်သဘောပဲ"

ပြောပြီး ကျောခိုင်းလေ၏။ သူက သူမကိုယ်လေးကို ဆွဲလှည့်ယူသည်။

"အဟွန်း…အလကားစတာပါဗျာ၊ မောင့်အချစ်နားက ဘယ်မှမသွားနိုင်ပါဘူး"





"တော်ပါ၊ လာချွဲမနေပါနဲ့"

"တကယ်ပြောတာ ပါစော၊ ပြီးတော့ ခင်မင်းက သနားစရာပါ၊ သူ အခု နေ…ကောင်းဖြစ်နေတယ်"

"ဟင်"

မိန်းမသားချင်း စာနာစိတ်ဖြင့် စောမျက်နှာလေးမကောင်းဖြစ်သွားရ၏။

"ဒါဆို စောကြားတဲ့သတင်းက အမှန်ပဲပေါ့နော် မောင်"

"စောက ဘာကြားလို့ပဲ"

"ခင်မင်းလေ …သူ ဆေးစွဲနေတယ်လို့တောင်ကြားတယ်မောင်"

"သြော်"

ပတ်ဝန်းကျင်က ဒီလောက်ထိ အသိမြန်တာကို သူ အံ့ဩမိ၏။ ခင်မင်း ဒီလောက်ဖြစ်နေတာ အားလုံးသိပါလျက် ဦးညီဟာ ဘာကြောင့် ဖုံးကွယ်ထားချင်ရတာလဲ။

"စိုင်းညီဟာ…သမီးရင်းကိုတောင် ရက်စက်တဲ့လူမျိုးပဲ"

အန်ကယ်ဦးမိုးစော ပြောတာ မှန်နေပြီလားဟု တွေးမိ၏။

"စောလည်း ဈေးထဲကကြားခဲ့တာပါ မောင်၊ တမင်စုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ပါဘူး''

သူငြိမ်သွားတာကို စောက တစ်မျိုးထင်၍ ရှင်းပြနေသည်။ သူ သက်ပြင်းချကာ စောကိုကြည့်၏။ ထို့နောက် စောကိုယ်လေးကို ပွေ့ဖက်မိသည်။

''ခင်မင်းဟာ မောင့်အတွက် ညီမလေးတစ်ယောက်လိုမို့ သူဒီလိုဖြစ်တာ မောင် စိတ်မကောင်းဘူး စောရယ်''

''ဟုတ်တာပေါ့ မောင်၊ သူ…သူ ဘာကြောင့် ဒီလိုဖြစ်တယ်လို့ မောင်ထင်လဲဟင်''

မျက်တောင်ကော့များ ပင့်ကာကြည့်လျက် သူ့ကိုမေးသည်။ သူ ခေါင်းခါယမ်းလိုက်၏။

''မောင်မသိဘူး စော''

ပြောရင်း စောရင်ခွင်မှာ မျက်နှာအပ်မိ၏။ တကယ်လို့ သိခွင့်ရမယ်ဆိုရင်တောင် သူ မသိချင်တော့ပါ။





''ဒက်ဒီအတွက် စော စိုးရိမ်တယ်မောင်''

''ဘာကိုစိုးရိမ်တာလဲ စော''

စောက သူ့ကို လေးနက်သော ကြ်ဝန်းများဖြင့် ကြည့်လာ၏။ စောကြည့်ရတာ တစ်စုံတစ်ခုကို သိနေသလား။

''မောင်သိပါတယ်၊ ဒက်ဒီဟာ လျှို့ဝှက်ချက်ကြီးတစ်ခုကို ရအောင်ဖေါ်လိုက်နိုင်ပြီဆိုတာ''

''စော ဆိုလိုတာက''

''မောင့်မိဘတွေကိစ္စလေ''

''ဟင်''

သူ အံ့ဩသွား၏။ ကြည့်စမ်း…စောဟာ တကယ်ပဲ ဒီကိစ္စကို သိနေတာပါလား။ သူ သက်ပြင်းချသည်။

''တကယ်တော့ ဒီကိစ္စတွေဟာ ပြီးခဲ့ပါပြီမောင်၊ ဒါပေမယ့် ဒက်ဒီဟာ မစားရးတဲ့ကိစ္စမျိုးကို လက်ပိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ အဲဒီအကျင့်ကြောင့် သူဟာ ဒီကိစ္စကို ရအောင်ဖော်ထုတ်တာပဲ''

''ဒီကိစ္စဟာ အန်ကယ်က မောင့်ကို ကူညီရာရောက်ပါတယ်စော၊ မောင့်မိဘတွေ တကယ်ပဲ မတရားခံရတယ်ဆိုရင် သားတစ်ယောက်အနေနဲ့ မောင်တာဝန်ကျေရမယ် စော''

ထိုစကားကိုပြောစဉ် သူ မသိမသာ အံကြိတ်မိ၏။ ဒက်ဒီတို့အတွက် ရန်သူကို သူလက်တုံ့ပြန်သင့်တာပေါ့။

''ဒါပေမယ့် တ ားခံကို ဖော်ထုတ်ပေးတဲ့ ဒက်ဒီ့အနေနဲ့ ဘယ်လောက်အန္တရာယ်ကြီး ားမယ်ဆိုတာ မောင်တွေးမိရဲ့လား''

''ဒီအတွက်မပူပါနဲ့ စာ၊ အန်ကယ် ဘာမှမဖြစ်စေရပါဘူး၊ ဒီကိစ္စ သေချာအောင် ပောင်စုံစမ်းမှာပါ''

သူမ စိတ်အေးအောင် သူ အာမခံလိုက်၏။ တကယ်လည်း တရားခံအစစ်အမှန် ို သူဖော်ထုတ်လိုသည်။

''မောင်က စိတ်အေးအောင်ပြောပေမယ့် စော ဘယ်လိုမှ စိတ်မအေးနိုင်ဘူး''

''မောင့်ကိုမယုံဘူးလား စော''

သူမပခုံးလေးကို ဆုပ်ကိုင်ကာ မေးလိုက်သည်။ မျက်ဝန်း





မြင်းအဆုံမှာ သူမ သက်ပြင်းဖွဖွချ၏။

''မောင့်ကိုမယုံတာ မဟုတ်ဘူး၊ ဒါပေမယ့် ကံကြမ္မာကိုတော့ စော မယုံဘူး''

''အန်ကယ် ဘာမှမဖြစ်စေရပါဘူး စောရယ်''

သည်တော့ သူမ တိတ်ဆိတ်သွား၏။ ပြီးမှ ခေါင်းညိတ်၏။

''ကောင်းပြီလေ၊ မောင်ပြောတာကို စော ယုံလိုက်ပါမယ်''

''စောရယ်''

ရင်ခွင်ထဲမှ သူမကိုယ်လေးကို တင်းတင်းဖက်မိသည်။ စိတ်ထဲမှာတော့ အတွေးများဖြင့် ရှုပ်နေ၏။ အမှန်တရား အမြန်ပေါ်ဖို့လိုသည်။

ထိုညနေ သူပြန်လာတော့ မိုးက မထင်မှတ်ဘဲ ရွာလာသည်။ အိမ်မှာ ဦးညီကို မတွေ့ရပေ။

''မင်းပြန်လာတာ အတော်ပဲ၊ ခင်မင်းက မင်းကိုတွေ့ချင်နေတယ်''

ကိုကြီးဆောင်က သူ့ကိုတွေ့တာနှင့် ပြောသည်။ သည်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ခင်မင်းကို သတိရမိ၏။

"ဟုတ်လား ကိုကြီးဆောင်၊ ကျွန်တော် ခဏရှာသွား တွေ့လိုက်ပါ့မယ်"

"အေး…ငါပြောထားလိုက်မယ် ခွန်မင်း"

သူ ခဏနားပြီး ရေချိုးလိုက်၏။ သည်အချိန် အိမ်မှာ ဦးညီမရှိဘဲ သူ့အတွက် ခပ်ကောင်းကောင်း။ မဟုတ်လျှင် ဦးညီ အပေါ် သံသယစိတ်ဖြင့် သူ ဘယ်လိုမျက်နှာချင်းဆိုင်ရမည်မသိ။

ရေချိုးပြီးတာနှင့် အဝတ်အစားလဲကာ ခင်မင်းဆီ ထွက်ခဲ့၏။

"ဟော…ကိုကို"

"နေကောင်းလား ခင်မင်း"

တစ်နေ့တစ်ခြား ဖြူဖျော့လာသော ခင်မင်းကိုကြည့်ရင်း သူစိတ်မချမ်းသာပေ။ သူ့အမေးကို ခင်မင်း ခပ်အေးအေးပြုံး ခေါင်းညိတ်သည်။

"အသက်ရှိသရွေ့တော့ နေကောင်းပါတယ် ကိုကို"

"ခင်မင်း အမြဲအသက်ရှင်ရမှာပေါ့၊ ခုမှ ခင်မင်းအသက် ငယ်ငယ်လေးပဲရှိသေးတာ၊ ခင်မင်း ကျန်းမာလာရင် စာဆက်သင်



ရမယ်၊ အနာဂါတ်အတွက် လုပ်စရာတွေအများကြီးပါ ခင်မင်း"

ခင်မင်းက ခေါင်းအသာခါယမ်း၏။ ထုံးစံအတိုင်း သူ့မျက်ဝန်းတွေက ရီဝေဝေ။

"ခင်မင်းအသက်ရှင်ဖို့ထက် ကိုကို့လို လူ့အဖိုးတန် တစ်ယောက် အသက်ရှင်နေဖို့က ပိုအရေးကြီးပါတယ်၊ ဒီနေ့ ကိုကို့ လုပ်ရပ်တွေ အောင်မြင်တဲ့အတွက် ခင်မင်း ဂုဏ်ယူပါတယ်"

အပြုံးလေးဖြင့် ခင်မင်းပြောသည်။ ခင်မင်းပခုံးလေးကို သူ ဆုပ်ကိုင်လိုက်၏။

"ခင်မင်း တကယ်ပြောတာလား"

"တကယ်ပေါ့ ကိုကို၊ အလုပ်သမားတွေဆန္ဒကို ခင်မင်း ကြည့်ချင်တာကြာပါပြီ"

ထိုစကားကြောင့် သူ ဝမ်းသာသွားရ၏။ ခင်မင်းကိုလည်း အားတသွားရသည်။ ဦးညီနှင့် ခင်မင်းဟာ သားအဖပေမယ့် စိတ်ဓာတ်ချင်းက ဆန့်ကျင်ဘက်ပါ။

"ဒါပေမယ့် ဦးညီကတော့ ကြိုက်မှာမဟုတ်ဘူး ခင်မင်း"

"သေချာတာပေါ့ ကိုကို၊ ဒါကြောင့် ကိုကို့အတွက်

www.burmeseclassic.com



ခင်မင်း စိုးရိမ်တယ်”

ဖြူးကျယ်ဝိုင်းစက်သော မျက်လုံးလေးတွေဖြင့် ခင်မင်း ပြောသည်။

“ဘာကိုစိုးရိမ်တာလဲ ခင်မင်း”

သူမေးတော့ ခင်မင်း ခေါင်းခါယမ်း၏။ ထို့နောက် သူ့ အသံတိုးတိုးဖြင့်…

“ကိုကို လုပ်ချင်ရာလုပ်ပြီးပြီ မဟုတ်လား၊ ကိုကို ဒီ အမြန်ထွက်သွားပါတော့”

“ခင်မင်းကို ကိုယ်ဘယ်လိုထားခဲ့ရမှာလဲ၊ ပြီးတော့ ကိုယ့် ကိစ္စက မပြီးသေးဘူး”

“ဘာတွေကျန်သေးတာလဲ ကိုကို၊ ဒီလောက်ဆိုတော် ပြီ၊ ဒက်ဒီနဲ့ ဒီထက်ပိုပြီး ရင်မဆိုင်ချင်ပါနဲ့လား”

သေချာပြီ၊ ဦးညီ၏ အကြောင်းကို ခင်မင်း တစ်စုံတစ် သိရှိထားပြီ။

“ဦးညီအကြောင်း ဘာတွေသိထားလဲ ခင်မင်း၊ ကိုယ့် ပြောစမ်း”

ခင်မင်းက အထိတ်တလန့်ဖြင့် ဟိုဟိုဒီဒီကြည့်





ထို့နောက် စိုးရိမ်သောလေသံဖြင့်…

“တိုးတိုးပြောပါ ကိုကို၊ ဒက်ဒီအကြောင်း ဘာမှမမေးပါ နဲ့၊ ကိုကိုသာ ခင်မင်းစကားကိုနားထောင်ပြီး ဒီကပြန်ပါ၊ ခင်မင်း တောင်းပန်ပါတယ်”

“ကိုယ်မပြန်နိုင်ဘူး ခင်မင်း၊ ခင်မင်းမပြောချင်တဲ့ အကြောင်းကို ကိုယ်ဆက်ပြီးမမေးတော့ဘူး၊ ကိုယ့်ဘာသာစုံစမ်း မယ်၊ ခင်မင်းသာ ကျန်းမာအောင်နေပါ၊ ကဲ ကိုယ်သွားမယ်”

“ကိုကို…ကိုကို”

ခင်မင်းကို သူထားခဲ့သည်။ သည်အချိန် ခင်မင်းနဲ့ ဆက်၍ စကားပြောလျှင်လည်း ပိုရှုပ်ထွေးမည်။

“ဦးညီ ဘယ်သွားလဲ ကိုကြီးဆောင်”

“ငါမသိဘူး ခွန်မင်း၊ အလုပ်သမားတွေဆီက သိရ သလောက် ဆရာက မင်းကိစ္စနဲ့ပတ်သက်ပြီး အတော်ဒေါသထွက် နေတယ်ဆိုတာပဲ”

“သူ့ကိုဆန့်ကျင်တဲ့ ကိစ္စဖြစ်နေလို့ပါ ကိုကြီးဆောင်၊ ကျွန်တော်လည်း ဦးညီနဲ့ စကားပြောစရာရှိတယ်၊ ဦးညီပြန်လာရင် ကျွန်တော့်ကိုလာခေါ်ပါ”

www.burmeseclassic.com

www.burmeseclassic.com



“အေး…အေး”

ကိုကြီးအောင်ကိုမှာပြီး သူ အပေါ်ထပ်တက်ခဲ့၏။ ညဘက်မှာ မိုးက ပိုသည်းလာသလိုပါပဲ။ အိပ်ရာထက်ရောက်သော်မယ့် သူ ချက်ချင်းအိပ်မပျော်နိုင်ပေ။

ဦးညီ….

ခင်မင်း…

ဦးမိုးဇော…

ဇော…နဲ့…

သည်လူတွေအကြောင်းက ခေါင်းထဲရောက်နေ၏။ ဦးညီ သူတစ်သက်လုံး ဦးလေးတစ်ယောက်လို လေးစားခဲ့တဲ့လူ။ ယခု သူကြားနေရသောသတင်းတွေက မယုံနိုင်စရာ။

ခင်မင်း…မိုးသားမြူစင်ပြီး ချစ်စရာကောင်းတဲ့ မိန်းကလေး။ ဖခင်ရဲ့ထီးရိပ်မှုအောက်မှာ နေလာရသူလေး။ သို့သော် သူ့အပေါ်မှာတော့ အနုတ်တကာယ် သံယောဇဉ်ရှိတာ သေချာ၏။

ဦးမိုးဇော…ဒက်ဒီမိတ်ဆွေဖြစ်ပြီး စိတ်ရင်းကောင်းသလို ပညာတတ်ကြီးတစ်ယောက်ပီသစွာ ဖော့တ်မခံသည့်လူမျိုး။

ဇော…ညာဏ်ရည်ထက်မြက်ပြီး သွက်လက်ချစ်စရာ





ကောင်းတဲ့ မိန်းကလေး။

သည်လေးယောက်လုံးဟာ ဒေါက်တာခွန်မင်းဆက်ဆိုတဲ့ သူ့နဲ့ ရင်းနှီးစွာပတ်သက်နေ၏။ ဖြစ်နိုင်လျှင် ထိုလူတွေအားလုံးကို ချစ်ခင်ရင်းနှီးစေချင်သည်။ သူကလည်း အားလုံးကို ခင်မင်တွယ်တာချင်၏။

သို့သော်…

မမျှော်လင့်တဲ့ကိစ္စကြီး ဖြစ်မလာပါစေနှင့်ဟူသော ရင်ထဲမှ ကြိတ်ကာ ဆုတောင်းမိ၏။

သူအိပ်ပျော်သွားချိန်က ညဉ့်နက်ပြီ။ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားတယ်မသိ။

“ကလင်…ကလင်”

ဆူညံသော ဖုန်းသံကြောင့် သူ လန့်နိုးသွား၏။ ဖုန်းကိုင်လိုက်တော့…

“ဟဲလို”

“ဒီမှာ ဒေါက်တာ၊ ဒက်…ဒက်ဒီ လုပ်ကြံခံရပြီ”

“ဟင်…ဇော”

“ရှင်ပဲ အာမခံတယ်ဆို၊ ဒက်ဒီ ဘာမှမဖြစ်စေရပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆို''

တစ်ဖက်မှ ငိုရှိုက်သံဖြင့် ရှိုက်နေသူက စော။ သတင်းစကားသည် သူ့အတွက် မယုံနိုင်စရာ။

''စော...စိတ်အေးအေးထားပြီး မောင့်ကို အစအဆုံး သေချာပြောပြပါ''

''အို...ကျွန်မ ဘာကြောင့် စိတ်အေးနိုင်မှာလဲ ဒေါက်တာ၊ ဒက်ဒီဆုံးတာ ဒေါက်တာကြောင့်''

''စော...စော ခုဝဲ မောင်လာခဲ့မယ် ဟုတ်လား''

သူ့စကားမဆုံးမီ တစ်ဖက်မှ ဖုန်းချသွား၏။ သူ့လောင်းကုတ်အင်္ကျီရှည်ကြီးကို အပေါ်မှ ထပ်ဝတ်ကာ ထွက်လာခဲ့သည်။

အန်ကယ် ဦးမိုးစော ဆုံးပြီတဲ့။

ဒါဟာ ဘယ်လိုမှ မယုံနိုင်စရာ။





သူရောက်ချိန်တွင် စောရဲ့အိမ်မှာ ရဲတွေရောက်နေပြီ။ ဦးမိုးစော အလောင်းကို ဆေးရုံကြီးသို့ ပို့ထားသည်ဟု သိရ၏။ စောက ငိုရှိုက်နေ၏။

''စော''

''ဩော်...ရှင်ရောက်လာပြီကိုး''

သူ့ကိုမြင်တော့ စောက နာကြည်းဟန်လေးဖြင့် ကြည့်သည်။ ဦးမိုးစော ဘာမှမဖြစ်စေရပါဘူးလို့ သူအာမခံခဲ့တာကို သတိရ၏။

''အန်ကယ် ဘယ်လိုဖြစ်ရတာလဲ စောရယ်၊ ရုတ်တရက်ကြီး မောင်တော့ လုံးဝမယုံနိုင်ဘူး''

''ဘာကိုမယုံနိုင်တာလဲ ဒေါက်တာ၊ ဒါကြောင့် ဒေါက်တာကို ကျွန်မ ဘာပြောခဲ့လဲဟင်''

ဖခင်တစ်ယောက်လုံး ဆုံးရတာမို့ စော ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်ကြေကွဲနေမယ်ဆိုတာ သူသိပါ၏။ စောပခုံးလေးကို သူဆုပ်ကိုင်လိုက်သည်။

"မောင်ဝမ်းနည်းပါတယ် စော"

စောက သူ့လက်များကို ပုတ်ထုတ်သည်။ ရဲအရာရှိ ရောက်လာ၏။

"မိတ်ဆွေက ဦးမိုးစောနဲ့သိသလား"

"ကျွန်တော် ဒေါက်တာခွန်မင်းဆက်ပါ ဆရာ၊ အန်ကယ်နဲ့ ယောဒီက စောတို့ရဲ့ မိတ်ဆွေပါခင်ဗျာ၊ မနေ့ညနေကပဲ အန်ကယ်နဲ့ ကျွန်တော်ဟာ လူချင်းတွေ့ဆုံ စကားပြောခဲ့ကြပါသေးတယ်၊ ခုလို အန်ကယ် ရုတ်တရက်ဆုံးတာဟာ ကျွန်တော့်အတွက် အင်မတန် စိတ်ထိခိုက်ရပါတယ်"

သူပြောသမျှအားလုံးကို ရဲအရာရှိက သေချာနားထောင်သည်။

"တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ၊ အခု ဒေါက်တာရဲ့ ပြောစကားတွေအရဆုရင် ဦးမိုးစောနဲ့ နောက်ဆုံးတွေ့လိုက်တာဟာ ဒေါက်တာပဲပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဆို ကျွန်တော်တို့နဲ့ စခန်းခဏလိုက်ခဲ့ပြီး ဒီအမှုမှန်





ပေါ်ပေါက်ဖို့ ကူညီစေချင်ပါတယ် ဒေါက်တာ"

"ရပါတယ် ဆရာ၊ ကျွန်တော် လိုက်ခဲ့ပါ့မယ်"

သူ့စကားကြောင့် စောက လှမ်းကြည့်သည်။ သူ စောကို ပြုံးပြလိုက်၏။

"အန်ကယ့်အမှုအတွက် အမြန်ဆုံးပေါ်ပေါက်ဖို့ ကိုယ် ကူညီမယ်စော"

"ဒါဟာ...အလွန်ကောင်းတဲ့အလုပ်ပါ၊ ရဲနဲ့ပြည်သူလက်တွဲပါမှ အမှုမှန်ဟာ အမြန်ဆုံးပေါ်လာမှာပါ၊ မစောယွန်းငယ်လည်း ကျေးဇူးပြုပြီး ခဏလိုက်ခဲ့ပါ"

"ဟုတ်ကဲ့"

သူတို့ စခန်းသို့ ထွက်ခဲ့ကြ၏။ တစ်ချိန်လုံး စောက တိတ်ဆိတ်စွာ လိုက်ပါလာသည်။ စခန်းရောက်တော့ ရဲအရာရှိ မေးသမျှ ဖြေ၏။

"ဒေါက်တာပြန်သွားပြီးတဲ့ အချိန်မှာ ဒက်ဒီဟာ စာကြည့်ခန်းမှာ ကျန်ခဲ့ပါတယ်၊ ကျွန်မရဲ့ဒေါက်တာ စကားပြောပြီး ပြန်သွားခဲ့ပါတယ်၊ အဲဒီညက မိုးတွေရွာပါတယ်၊ ဖုန်းသံကြားလိုက်ပါတယ်၊ ဒက်ဒီက မိတ်ဆွေတစ်ယောက်နဲ့ တွေ့စရာရှိတယ်ဆိုပြီး အပြင် ထွက်သွားခဲ့ပါတယ်၊ ညတစ်နာရီလောက်မှာ ရဲကင်းက ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကိုတွေ့ပြီး ကျွန်မကို ဖုန်းဆက်တာပါ"

စောက သိသမျှအားလုံး ပြောပြ၏။ ရဲက မှတ်တမ်းတင်သည်။ သူ့အလှည့်...

"ကျွန်တော် အန်ကယ်နဲ့ စကားပြောခဲ့ပါတယ်၊ ကျွန်တော်တို့ပြောတဲ့စကားတွေကတော့..."

သူ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ ယခုချိန်မှာ အမှုမှန်ပေါ်ထုတ်ဖို့ ဘာမှလျှို့ဝှက်စရာမလိုပေ။

"ဒါဆို ဒေါက်တာပြန်တဲ့အချိန်မှာ ဦးစိုင်းညီ အိမ်မှာရှိလား"

"မရှိပါဘူးခင်ဗျာ"

"အခုထွက်လာတော့ကော"

သူတစ်ချက်စဉ်းစားပြီး ခေါင်းခါယမ်းသည်။

"ဦးညီ ပြန်ရောက်ပြီလားဆိုတာ ကျွန်တော်မသိဘူး၊ ဖုန်းသံကြားတာနဲ့ အိမ်ရာက ကျွန်တော်ချက်ချင်းထွက်လာတာပါ"

"ဒါဆို ဒေါက်တာ အိမ်ကိုဖုန်းဆက်ကြည့်ပါဦး"

"ဟုတ်ကဲ့"

အိမ်မှာကျန်ရှိနေသော ကိုကြီးဆောင်ထံ သူ လှမ်းဖုန်းဆက်လိုက်၏။





"ခွန်မင်း မင်းအတွက် ငါစိတ်ပူနေတာ၊ အခု မင်းဘယ်မှာလဲ"

"ကျွန်တော် ရဲစခန်းရောက်နေတယ် ကိုကြီးဆောင်"

"ဘာ...မင်းက အဲဒီကို ဘာကိစ္စရောက်နေတာလဲ ခွန်မင်း"

ကိုကြီးဆောင်က သူ့အတွက် စိုးရိမ်စွာမေး၏။

"ဒါတွေအသာထားပါ ကိုကြီးဆောင်၊ အခု ဦးညီ အိမ်မှာရှိလား"

"ရှိတယ် ခွန်မင်း၊ မင်းထွက်သွားပြီး မကြာဘူး၊ မိုးရေတွေရွှဲပြီး ရောက်လာတာပဲ၊ မင်းကိုတောင် မေးနေသေးတယ်"

"ကိုကြီးဆောင် ဘာပြောလိုက်လဲ"

"ဖုန်းလာလို့ သူ့အပြင်သွားတယ်လို့ ပြောလိုက်တယ်"

"ဒါဆို ခုကော ဦးညီ အိပ်နေလား"

"မအိပ်ဘူး၊ ခင်မင်းဆီ ထွက်သွားတယ်"

"ကျွန်တော် ခုပြန်လာခဲ့မယ် ကိုကြီးဆောင်"

သူ ဖုန်းချလိုက်၏။ ရင်ထဲမှာ တစ်စုံတစ်ရာအတွက် စိုးရိမ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးညီ အိမ်မှာရှိနေတယ်"

"ဒေါက်တာနဲ့အတူ ကျွန်တော်တို့ လိုက်ခဲ့မယ်"

"ကျွန်တော် အရင်သွားပါရစေ၊ ဦးညီဟာ တရားခံအစစ်ဆိုတာ ပြောလို့မှ မရသေးဘဲ၊ ခင်မင်းစိတ်ထိခိုက်မှာမျိုး ကျွန်တော်မလိုလားဘူး"

ရဲအရာရှိက တစ်ခဏစဉ်းစားပြီး ခေါင်းညိတ်၏။

"ကောင်းပြီလေ၊ ကျွန်တော်တို့ကလည်း ဦးစိုင်းညီ တရားခံမဖြစ်ဖို့ မျှော်လင့်ပါတယ်"

"စော...မောင်သွားဦးမယ်"

သူနှုတ်ဆက်ပြီးထွက်လာခဲ့သည်။ သည်တစ်ကြိမ်လောက် သူ့စိတ်ထဲ စိုးရိမ်တာ လှုပ်ရှားရတာမရှိ။

သူရောက်ချိန်မှာ ဦးညီက ခင်မင်းဆီ ရောက်နေ၏။

"ကျွန်မ မလိုက်နိုင်ဘူး ဒက်ဒီ"

"ဘာ...နင်က ငါခေါ်ရာကိုမလိုက်ဘဲ နင့်ကောင်နားကပ်နေချင်တာလား ခင်မင်း"

အပေါက်ဝမှာ ဦးညီနှင့် ခင်မင်းတို့ ပြောနေသံတွေ ကြားရသည်။



"ဟုတ်တယ် ဒက်ဒီ၊ ကျွန်မ ကိုကို့နားပဲ နေချင်တယ်"

"ဟား...ဟား နင်ကသာ လင်တရှူးပြီး အဲဒီကောင်ကို တမ်းတနေ၊ ခုချိန်ဆို ဟိုကောင်က မိုးစောသမီးနားမှာရှိနေတယ် အမိုက်မရဲ့ သိရဲ့လား"

အံကြိတ်သံဖြင့် ဦးညီ ပြော၏။ သူ အထင်ကြီးလေးစားတဲ့ ဦးညီနားမှ ဒီလိုကြမ်းတမ်းတဲ့စကားတွေ ကြားရတာ မယုံနိုင်စရာ။

"ဟုတ်ပါတယ် ဒက်ဒီ၊ ကျွန်မက လင်တရှူးပါ၊ အဲဒီလင်ကို ဒက်ဒီကိုယ်တိုင်ပဲ ပေးစားခဲ့တာမဟုတ်လား"

"တော်စမ်း...အခု ဒီကောင် နင့်နားကခွာသွားပြီ၊ နင်တမ်းတမနေနဲ့ မိခင်မင်း"

"တမ်းတမှာပဲ ကိုကို့ကို ကျွန်မချစ်တယ်"

"ဘာ"

ခင်မင်းစကားကြောင့် သူ့ရင်ထဲ တုန်လှုပ်သွား၏။ ခင်မင်းရယ် မင်းနှစ်ပေါင်းများစွာ ကိုယ့်ကို တစ်ချိန်လုံး တမ်းတခဲ့တာလား။

"ကောင်မ...လာစမ်း ငါနဲ့လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူး ဒက်ဒီ၊ မလိုက်ဘူး၊ နေပါဦး ခုမှ ဒက်ဒီက ဘာကြောင့် ဒီအိမ်ကထွက်သွားချင်တာလဲဟင်"

"ငါ့ကို ဘာမှမမေးနဲ့၊ နင့်အလုပ်က ငါခေါ်ရာလိုက်ခဲ့"

"ဒက်ဒီ…ဒက်ဒီ ကိုကို့ကို …ကိုကို့ကို အန္တရာယ်ပြုခဲ့ပြီလားဟင်"

စိုးရိမ်စွာဖြင့် ခင်မင်းမေးသံ။ သူ အဖြေကိုနားစွင့်နေမိသည်။

"အေး…အစက အန္တရာယ်ပေးမလို့ပဲ၊ ဒီကောင်ကံကောင်းသွားတယ်၊ ကဲ ငါ့မှာအချိန်မရှိဘူး သွားမယ်"

"အို…ကျွန်မ မလိုက်ဘူး"

"ဟာ…ဒီကောင်မ၊ ကဲ"

သူ အခန်းထဲသို့ ဖျတ်ခနဲ ဝင်လိုက်၏။ ထို့နောက် လေထဲမြှောက်တက်နေသော ဦးညီ၏လက်ကို ဖမ်းဆွဲလိုက်သည်။

"ခင်မင်း မလိုက်ချင်တာကို ဘာကြောင့် ဇွတ်ခေါ်နေတာလဲ ဦးညီ"

"သြော်…မင်းရောက်လာပြီကိုး ခွန်မင်း"

"ကိုကို…ကိုကို ဘာလို့လာတာလဲ၊ ခုထွက်သွားပါ၊ ဒက်ဒီက ကိုကို့ကို အန္တရာယ်ပေးလိမ့်မယ်"

သူ့ကိုမြင်တာနှင့် ခင်မင်း စိုးရိမ်စွာအော်သည်။

"ခွေးမ"

ဦးညီက ခင်မင်းကို မျက်ထောက်နီကြီးနှင့် လှမ်းဟောက်၏။

"ကိုကို့အတွက် မစိုးရိမ်ပါနဲ့ ခင်မင်း၊ ကဲ…ဦးညီ ပြောပါဦး ဒီအိမ်က ဘာကြောင့် ထွက်သွားချင်တာလဲ"

ဦးညီလက်ကို လွှတ်ပြီး သူ စိုက်ကြည့်ကာ မေးလိုက်၏။ ရုတ်တရက် ဦးညီ တိတ်ဆိတ်သွားသည်။

ဂ္ဂ႐ဂ္ဂ







www.burmeseclassic.com

www.burmeseclassic.com



"ငါမနေချင်တော့လို့ ခွန်မင်း၊ မင်းက ငါ့လုပ်ငန်းတွေထဲမှာ ဝင်ရှုပ်တော့ ငါဘာနေစရာလိုလဲကွ.ဟင်"

"အဟွန်း…အဲဒါက ဦးညီရဲ့ အကြောင်းပြချက်ပါ၊ တကယ်တော့ ဦးညီ ဘာကြောင့်မနေချင်တယ်ဆိုတာ ကျွန်တော် သိထားပြီးပါပြီ"

ထိုစကားကြောင့် ဦးညီမျက်နှာ ပျက်သွား၏။

"ဟင်…မင်း…မင်း ဘာတွေသိထားတာလဲ၊ ငါဘာမှ မလုပ်ဘူး"

ကြည့်စမ်း…ဦးညီဟာ သူဘာမှမပြောရသေးဘဲနဲ့ ကြိုတင်ငြင်းဆန်နေလိုက်တာ၊ မလုံတဲ့အိုးကို တုတ်နဲ့ထိုးသလိုပါပဲလား။

"ဦးညီကို ကျွန်တော် ဘာမှမစွပ်စွဲရသေးပါဘူးလေ"

"ဟော့…စွပ်စွဲလို့လည်း မရဘူးကွ၊ ငါ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး ခွန်မင်း"





"ဒါဆိုလည်း ဦးညီ ဒီမှာပဲ အေးအေးဆေးဆေးနေပါလား ဗျာ"

"ဒါက ငါ့အကြောင်းနဲ့ငါပါ၊ မင်းဝင်ပါစရာမလိုပါဘူး"

တစ်သက်လုံး သွေးသားရင်းလို ဆက်ဆံလာသော ဦးညီက သူ့ကို စိမ်းတားစွာပြောပြီ။ သူမျက်နှာကို တင်းလိုက်သည်။

"ကျွန်တော်ကတော့ ဝင်ပါရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ခင်မင်းညီဟာ ကျွန်တော်လက်ထပ်ထားတဲ့ မိန်းမပဲ"

"ဟား…ဟား မင်းက ဒီလိုစကားမျိုး ပြောသေးတယ် ကိုးကွ ဟင်၊ မင်း…ခင်မင်းကို နှစ်ပေါင်းများစွာ ပစ်ထားခဲ့တာလေ"

"ဒါက ခင်မင်း စိတ်ချမ်းသာအောင်လို့ ကျွန်တော် ရှင်းအောင်ပြောလိုက်မယ် ဦးညီ၊ ခင်မင်းအနေနဲ့ သူချစ်သူကို ပြန်ပေါင်းနိုင်အောင်လို့ ကျွန်တော်ရှောင်ပေးလိုက်တာ၊ အခု ကျွန်တော့်မိန်းမကို ကျွန်တော်ခွင့်မပြုဘဲ ခေါ်ခွင့်မရှိဘူး"

သူ ပြတ်သားစွာပြောတော့ ဦးညီမျက်နှာကြီး နီရဲကာ ဒေါသထွက်သွား၏။

"ဘာကွ…မင်းကများ မင်းလိုလူမျိုးလက်ထဲ ငါ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ကို မထားခဲ့နိုင်ဘူး ခွန်မင်း၊ မိုးစောသမီးနဲ့ မင်းဖြစ်နေတာ ငါသိတယ်"

"ဒါဆို ဦးမိုးစော လုပ်ကြံခံရတာလည်း ဦးညီ သိမှာပေါ့"

"ဘာ…ဘာကွ၊ ငါမသိဘူး၊ မိုးစောသေတာ ငါဘာကြောင့်သိရမှာလဲ"

မျက်စိမျက်နှာပျက်ဖြင့် ဦးညီပြောသည်။ ဒါကိုက ဦးညီ၏ စိတ်မလုံမှု။

"ဦးညီ မနေ့ညက ဘယ်ရောက်နေလဲ"

"ဘာ…မင်း…မင်း ဘာကြောင့်မေးတာလဲ၊ ငါ့အလုပ်ကိစ္စနဲ့ အပြင်သွားတာကွ"

"အလုပ်ကိစ္စဆိုတာ ဦးမိုးစောနဲ့သွားတွေ့တာလား ဦးညီ"

သူ အပိုင်မေးချလိုက်၏။

ရုတ်တရက် ဦးညီက ငြင်းမယ်ပြုပြီးမှ ခပ်မဲ့မဲ့ပြုံးလာ၏။

"ဪ…မင်းက ဒီလောက်တောင် သိထားပြီကိုး ခွန်မင်း၊ အေး…ဟုတ်တယ် မနေ့ညက ငါ မိုးစောနဲ့တွေ့တယ်"





"ဒါဆို ခင်ဗျား အနံကယ်ဦးမိုးစောကို လုပ်ကြံ"

"လက်မြှောက်ထားလိုက်စမ်း ခွန်မင်း"

"ဟင်"

ဦးညီက ဂျာကင်အိတ်ထဲမှ သေနတ်ကို ဖျတ်ခနဲဆွဲထုတ်လိုက်ပြီး သူ့ကိုချိန်သည်။

"ခွန်မင်း…ခွန်မင်း အစကတည်းက မင်းမိဘတွေနဲ့အတူ မင်းကို ထည့်လိုက်ရမှာ သားသမီးချင်း စာနာပြီး ငါက မင်းကို အသေးပဲပို့ခဲ့မိတာ၊ ခုတော့ ငါ့အမှားပဲ"

"ဒါ…ဒါဆို ဒက်ဒီနဲ့မာမီတို့သေတာ ခင်ဗျားကြောင့်"

"ဟား…ဟား သိပ်ဟုတ်တာပေါ့ကွာ၊ မင်းရဲ့ခွေးနေမှာ သူတို့ကို ခေါ်ထုတ်ပြီး ငါကိုယ်တိုင်သတ်ခဲ့တာ၊ ပြီးတော့မှ ကားအက်ဆီးဒင့်ဖြစ်ဟန် ဆောင်ပေးလိုက်တာ ဟား…ဟား"

သူရူးတစ်ယောက်လို ရယ်နေသော ဦးညီကို သူ စက်ဆုပ်ရွံရှာစွာ ကြည့်မိ၏။ ဒါဆို ဦးမိုးစောပြောခဲ့တာတွေ မှန်နေပါလား။

"ဒီကိစ္စကို မိုးစောက အစလိုက်ဖော်တယ်လေ၊ မင်းကလည်း ငါ့ကို နှိမ်ချိုးပစ်တယ်၊ ဒါကြောင့် မိုးစောကိုလည်း အပြတ်ရှင်းပစ်လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား…ခင်ဗျား ရက်စက်လှချည်လား ဦးညို"

သူအော်ပြောမိ၏။ ဦးညိုက သွေးအေးစွာပြုံးသည်။

"ဟုတ်တယ်၊ ငါ့ကို အနှောင့်အယှက်ပေးတဲ့လူကို ငါရက်စက်တယ်၊ မင်းကို မသတ်ချင်လို့ ငါ့သမီးနဲ့ပေးစားပြီး သားဖော်မလို့ပဲ၊ ဒီကောင်မရိုက်လို့ မင်းထွက်ပြေးသွားတာ ငါခွင့်လွှတ်ခဲ့တာ၊ ခင်မင်းဟာ ငါ့ရဲ့တစ်ဦးတည်းသောသမီး၊ ဒီတော့ ငါသဘောတူတဲ့သူနဲ့ပဲ ပေးစားမယ်၊ သူ့ကောင်ကိုလည်း ငါသတ်ပစ်လိုက်တာပဲ"

"ရက်စက်လိုက်တာ ဒက်ဒီရယ်"

ခင်မင်း၏ ငိုရှိုက်သံတိုးတိုးက ပေါ်လာသည်။ ကြည့်စမ်းဒါတွေသိလို့ ခင်မင်းဟာ သူ့ကို ဒီကထွက်သွားဖို့ အမြဲတိုက်တွန်းခဲ့တာပဲ။

"ဟင်း…ခုတော့ မင်းအလှည့်ပဲ ဒေါက်တာခွန်မင်းဆက်"

ဦးညိုက ပြောရင်း သူ့ရင်ဝတည့်တည့်ကို သေနတ်ဖြင့် ချိန်၏။

"မင်းကို ငါက အဝေးမှာနေစေချင်တယ်၊ မင်းရဲ့ပညာ





နဲ့ နိုင်ငံခြားမှာ အခြေချစေချင်လို့ လွှတ်ခဲ့တာ၊ မင်းက သေချင်လို့ ဒီကိုပြန်လာတာ၊ ကဲ ခုတော့မင်းဆန္ဒအတိုင်း"

"ဒက်ဒီ ကိုကို့ကို မသတ်ပါနဲ့"

"ဒိုင်း"

"အား"

"ဟင်…သမီး"

"ဟာ…ခင်…မင်း"

သူ့ရှေ့သို့ ဝင်ခံလိုက်သော ခင်မင်းက သေနတ်ဒဏ်ရာဖြင့် လဲကျသွား၏။ သူ လျှင်မြန်စွာဖြင့် ခင်မင်းကိုယ်လေးကို ပွေ့ဖမ်းလိုက်သည်။

"လက်မြှောက်လိုက်ပါ ဦးစိုင်းညို"

"ရဲတွေ"

နောက်မှလိုက်လာသော ရဲများက ဦးစိုင်းညိုလက်ထဲမှ သေနတ်ကို သိမ်းယူ၍ လက်ထိပ်ခတ်လိုက်ကြပြီ။

သူ့ရင်ခွင်ထဲမှ ခင်မင်းကို စိတ်ထိခိုက်စွာ ကြည့်လိုက်၏။

"ခင်မင်း"

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းလေသံက ဖျော့ဖျော့လေး။ သူ အံကြိတ်မိ၏။

"ခင်မင်းရယ် ဘာကြောင့် ကိုကို့ရှေ့က ဝင်ခံရတာလဲ ကွယ်"

"ခင်မင်း ကျေနပ်ပါတယ် ကိုကို၊ ကိုကို့ကို ကယ်လိုက်ရလို့လေ"

"ခင်မင်းရယ်"

အချစ်ကြီးလွန်းသော ခင်မင်းအတွက် သူ ယောကျ်ားတန်မဲ့ မျက်ရည်ဝဲ အံကြိတ်မိပါ၏။ ထိုစဉ်

"မောင်"

"စော"

စောက အနားတွင် ဒူးထောက်ထိုင်လာသည်။ ခင်မင်းက မျက်လုံးများ ဖွင့်ဖွင့်ယူကာ...

"ကိုကို...မမ...မမစောလားဟင်"

"ဟုတ်ပါတယ် ခင်မင်း၊ စော...စောပါ"

"ခင်မင်း ညီမလေး"

စောက စိတ်ထိခိုက်စွာ ခေါ်သည်။ ခင်မင်းပြုံး၍ စောလက်လေးကို လှမ်းဆုပ်ကိုင်၏။





"မမစော...ကိုကို့ကို စောင့်ရှောက်ပါနော်၊ ခင်မင်း ခင်မင်းလေ တစ်နေ့ ကိုကို့နဲ့မမစောဆီ ပြန်လာ"

"ခင်မင်း"

"ညီမလေး"

စကားပင်မဆုံးလိုက်ပါ။ သူ့ရင်ခွင်ထဲမှာ ခင်မင်း ငြိမ်ကျသွား၏။ စော၏ ရှိုက်သံတိုးတိုး ပေါ်လာသည်။

"ဆေါက်တာ ကျေးဇူးပြုပြီး ကျွန်တော်တို့ အလောင်းကို ဆေးရုံသယ်သွားပါရစေ"

သက်ဆိုင်ရာ တာဝန်ရှိသူတွေ ရောက်လာသည်။ မတတ်သာပြီမို့ ခင်မင်းကို တာဝန်ရှိသူများထံ လွှဲပေးလိုက်ရ၏။

"မောင်ရယ်...ခင်မင်း...ခင်မင်းကို သနားလိုက်တာ၊ အဟင့်...ဟင့်"

စောက သူ့ရင်ခွင်မှာ ငိုလေ၏။ သူ စောကိုယ်လေးကို ဖွဖွဖက်သည်။

"မောင်လည်း ခင်မင်းအတွက် စိတ်ထိခိုက်ရပါတယ် စောရယ်၊ ဒါပေမယ့် ခင်မင်း ပြောခဲ့တယ်လေ၊ သူဟာ တစ်နေ့ မောင်တို့ဆီပြန်လာမယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အို…သူ သူ တကယ်ပဲ ပြန်လာမှာလား မောင်"

သူ မျက်ရည်ဝဲလျက် စောကို ပြုံးပြခေါင်းညိတ်ပြလိုက်သည်။ မျက်ရည်များကြားမှ စောပြုံး၏။

"ဟုတ်တယ်နော် စောတို့ ခင်မင်းပြန်လာတာကို ကြိုရမယ်၊ တစ်နေ့ ခင်မင်း သေချာပြန်လာမှာနော် မောင်"

"ဒါပေါ့ စောရယ်၊ မောင်တို့ သမီးလေးအဖြစ်နဲ့ ခင်မင်းပြန်လာမှာပါကွယ်"

အနာဂါတ်အတွက် မျှော်လင့်ချက်များဖြင့် ဝှရွေ့ရွေ့ဝေးကွာသွားပြီဖြစ်သော ခင်မင်းအလောင်း သယ်ဆောင်ရာကားလေးဆီသို့ သူနှင့်စော မျက်ရည်လွှမ်းသော မျက်လုံးတို့ဖြင့် ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့တော့၏။

သူတို့ရင်ထဲ သေချာတာကတော့ တစ်နေ့မှာ ခင်မင်းပြန်လာမယ်ဆိုတာကိုပါပဲ။

နှလုံးမီတ်ဝင်ငြိမ်းချမ်းပါစေ

ဆုအဉ္စလီ

ပြီးပါ ◈ စာပေ

www.burmeseclassic.com